ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်...

# ကျေးလက် ဂျာနယ်
OUR VILLAGE JOURNAL

အတွဲ(၁၅)၊ အမှတ်(၆)
၂၀၁၈ ခုနှစ်၊ မတ်လ (၁၅) ရက်၊
ကြာသပတေးနေ့။

## လူထုအခြေပြု ခရီးသွားဒေသတစ်ခုဖြစ်လာတော့မည့် ဂေါ်ရန်ဂျီကျွန်း

ဧရာဝတီတိုင်းဒေသကြီးတွင် ငွေဆောင်၊ ချောင်းသာနှင့် မြတ်မော်တင်စွန်း စသော ခရီးသွားဒေသများရှိသည့်အပြင် ငပုတောမြို့နယ်၊ ငရုတ်ကောင်းဒေသရှိ ဂေါ်ရန်ဂျီကျွန်းကိုလည်း တရားဝင်အပန်းဖြေစခန်းတစ်ခုဖြစ်လာအောင် ဒေသခံများနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးပါက ဧရာဝတီတိုင်းဒေသကြီး၏ ပထမဆုံး လူထုအခြေပြု ခရီးသွားလုပ်ငန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ငရုတ်ကောင်းဒေသရှိ ကျေးရွာအုပ်စုများတွင် မတူညီသော သဘာဝအလှတရားများရှိပြီး ကျယ်ပြန့်သော ပင်လယ်၊ ကမ်းခြေများ၊ ကျွန်းစုများ၊ ကျောက်ခက်ကျောက်ဆိုင်များ၊ ဒီရေတောများ စသည်တို့အပြင် ဆင်၊ ငှက်နှင့် မျောက်မျိုးစိတ်မျိုးစုံ နေထိုင်ကျက်စားလျက်ရှိကြပြီး ဂေါ်ရန်ဂျီကျွန်းဝန်းကျင်တွင်လည်း သဘာဝအလှတရားများကြောင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ သွားရောက် လည်ပတ်ကြသည်။ သုံးနှစ်အတွင်း ခရီးသွားဧည့်သည်ပေါင်း ၂၀၀၀ ကျော် လည်ပတ်ခဲ့ကြောင်း သိရှိရသည်။

ငရုတ်ကောင်းမြို့သို့ ရန်ကုန်မှ ကားဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီး ထိုမှတစ်ဆင့်

စာ-၉- သို့



ဓာတ်ပုံ - အင်တာနက်

## သီလဝါတွင် ပြည်တွင်း၌လိုအပ်သော ထုတ်ကုန်ထုတ်လုပ်မည့် စက်ရုံထက်ဝက်ကျော်ရှိနေ

စာ-၁၀- သို့




ဓာတ်ပုံ - GNLM

## မြန်မာနိုင်ငံတွင် အကြီးဆုံး ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်တော့မည်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မောင်းနှင်အားမှာ စွမ်းအင်ပင်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင်လည်း စွမ်းအင်ကဏ္ဍသည် များစွာအရေးပါလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် နိုင်ငံတော်မှ ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံအတွက် အရေးပါသည့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြင်သစ်နိုင်ငံမှ Total ရေနံကုမ္ပဏီနှင့် ဂျာမနီနိုင်ငံမှ လျှပ်စစ်ကုမ္ပဏီကြီးဖြစ်သည့် Siemens ကုမ္ပဏီတို့ ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကန်ပေါက်တွင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံတွင် အကြီးဆုံး ၅၀၀ ကေဗွီမဟာဓာတ်အားလိုင်းသွယ်တန်းတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းစီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စာ-၉- သို့

## အင်းဝဒေသရှိ လမ်းများ ကောင်းမွန်လာသည့်အတွက် နိုင်ငံတကာခရီးသွားများ စက်ဘီးဖြင့် လည်ပတ်မှုပိုများ

အင်းဝဒေသသို့ နေ့စဉ် နိုင်ငံတကာခရီးသွားဧည့်သည် လေးရာကျော် လာရောက်လည်ပတ်လေ့လာလျက်ရှိရာ အိုးတုတ္တန်းလမ်း ကွန်ကရစ်ခင်းပြီးသွားသည့်အတွက် နိုင်ငံတကာခရီးသွားများ စက်ဘီးဖြင့် လည်ပတ်မှု ပိုများလာပြီဖြစ်ကြောင်း သိရသည်။ အိုးတုတ္တန်းလမ်း ကွန်ကရစ်လမ်းမှာ အလျားပေ ၁၀၀၀၊ အကျယ် ၁၂ပေ၊ ထုခြောက်လက်မရှိပြီး စုစုပေါင်း ငွေကျပ်သိန်း ၁၆၀ ကျော် ကုန်ကျကြောင်း သိရသည်။

အိုးတုတ္တန်းလမ်း ကွန်ကရစ်ခင်းပြီးသွားသည့်အတွက် အခြားကောင်းမွန်သော လမ်းပိုင်းများနှင့် ဆက်စပ်မိကာ သွားလာမှုအဆင်ပြေချောမွေ့လာသည်။ မန္တလေးရောက် နိုင်ငံတကာခရီးသွားများမှာ အင်းဝဒေသဘက်သို့ အများစုသွားရောက်ကြသည်။

စာ-၁၀- သို့



ဓာတ်ပုံ - နေနဒီ(မြစ်ငယ်)

# ကမ္ဘာ့သောက်သုံးရေချိုရရှိမှုနှင့် သုံးစွဲမှု

ဒေါက်တာနေဝင်း


ဓာတ်ပုံ-အင်တာနက်

ယနေ့ကမ္ဘာပေါ်တွင် သောက်သုံးလျက်ရှိသည့် ရေချိုများကို ကမ္ဘာ့မြေပြင်ပေါ်ရှိ မြစ်များ၊ ကန်ကြီးများ၊ ပင်လယ်သမုဒ္ဒရာများနှင့် မြေအောက်ရေသိုလှောင်ထားသည့် အာကွီဖာ ခေါ် ကျောက်စရစ်လိုဏ်ခေါင်းများမှ ရရှိလျက်ရှိပါသည်။ လူသားတို့အနေဖြင့် ရရှိသောရေများအား သန့်ရှင်းမှုများ ပြုလုပ်ခြင်း၊ သောက်သုံးခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း အသုံးပြုကြပါသည်။

**ကမ္ဘာ့အရပ်ရပ်ရှိ လူအားလုံးတို့က မြေအောက်ရေ ထုတ်ယူသုံးစွဲသည့် ပမာဏမှာ မြေအောက်ရေ သိုလှောင်ထားရှိသည့်နေရာများဖြစ်သော အာကွီဖာများမှ ပြန်လည်ဖြည့်တည်းနိုင်သည့် ရေပမာဏထက် များပြားနေခြင်းပင် ဖြစ်ပါသည်။**

ကမ္ဘာပေါ်တွင်ရှိသည့် ရေချိုများ၏ လည်ပတ်နေသည့် သံသရာစက်ဝန်းကို ကြည့်ပါက ကမ္ဘာမြေပြင်၏ သုံးပုံလေးပုံအား ရေများဖြင့် ဖုံးလွှမ်းထားပြီး ကမ္ဘာပေါ်ရှိ ကုန်းမြေ၊ သမုဒ္ဒရာများနှင့် အာကာသများအတွင်းတွင် ရေမော်လိုဏ်ကျူးများမှ ပုံသေအထပ်ထပ်အခါခါ အရည်ပုံသဏ္ဍာန်၊ အခဲပုံသဏ္ဍာန်နှင့် အငွေ့ပုံသဏ္ဍာန်များအဖြစ်ဖြင့် လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရေချိုများ လည်ပတ်မှုတွင် လေထုအတွင်းမှ ရေငွေ့များသည် မိုးရေအဖြစ် မြေပြင်သို့ ရွာချ၍ မြေအောက်ရေများ၊ သမုဒ္ဒရာများသို့ ရောက်ရှိပြီး တစ်ဖန်မြေပြင်နှင့် သမုဒ္ဒရာများမှ အငွေ့ပျံ၍ အာကာသထဲသို့ ပြန်လည်ရောက်ရှိပါသည်။

ကမ္ဘာပေါ်တွင် အသုံးပြုလျက်ရှိသည့် ရေချိုများ၏ ၆၇ ရာခိုင်နှုန်းကို သမုဒ္ဒရာများမှ ရရှိ၍ ကျန်ရေများအား မြေအောက်ရှိရေ၊ ရေခဲလွှာများနှင့် ရေခဲမြစ်များမှ ရရှိပါသည်။ ကမ္ဘာပေါ်ရှိ ရေချိုအားလုံး၏ ပမာဏမှာ ကမ္ဘာပေါ်ရှိ ရေအားလုံး၏ ၆ ရာခိုင်နှုန်းသာရှိ၍ ကမ္ဘာ့ရေချိုအားလုံး၏ ပမာဏ၏ သုံးပုံနှစ်ပုံအား မြေပြင်အောက်ရှိ အာကွီဖာခေါ် ထုံးကျောက်လိုဏ်ဂူများမှလည်းကောင်း၊ ရေခဲပြင်များနှင့် ရေခဲမြစ်များမှ လည်းကောင်းရရှိပါသည်။ ရေချိုပမာဏ၏ ၉၀ ရာခိုင်နှုန်းအား အန္တာတိကတိုက်ရှိ ရေခဲမြစ်များ၊ ရေခဲလွှာများမှလည်းကောင်း၊ ၁၀ ရာခိုင်နှုန်းအား အပူပိုင်းဒေသနှင့် သမပိုင်းဒေသများရှိ သမုဒ္ဒရာများနှင့် အပေါ်ယံရေခဲလွှာများမှလည်းကောင်း ရရှိ၍ မြစ်များမှရရှိသော ရေချိုပမာဏမှာ အနည်းငယ်သာရှိပါသည်။

ကမ္ဘာ့ရေချိုသုံးစွဲမှုနှင့် လိုအပ်သည့် ပမာဏအား ကြည့်ရှုပါက ကမ္ဘာပေါ်ရှိ လူတစ်ဦး၏ ရေချိုသုံးစွဲရန် လိုအပ်သည့် ပမာဏမှာ ၄င်းနေထိုင်သည့် နေရာဒေသနှင့် ၄င်းတို့၏ လူမှုစီးပွားရေးအခြေအနေပေါ်တွင်လိုက်၍ ကွဲပြားခြားနားမှုရှိကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာဦးကာလတွင် လူတစ်ဦး၏ နေ့စဉ်ရေလိုအပ်ချက်မှာ တစ်နေ့လျှင် ရေ သုံးဂါလန်မှ ငါးဂါလန်မျှသာဖြစ်၍ ၄င်းရေအား နေ့စဉ်အိမ်တွင်းသုံးရန်နှင့် သီးနှံစိုက်ပျိုးရေးတို့အတွက် ဖြစ်ပါသည်။ ယခုကာလတွင် မြို့ကြီးများ၌ လူတစ်ဦး၏ ရေသုံးစွဲမှုပမာဏကို ခန့်မှန်းရာတွင် သောက်သုံးရန်နှင့် သန့်ရှင်းရေးပြုလုပ်ရန်အတွက် တစ်ရက်လျှင် ရေ ၁၅၀ ဂါလန် သုံးစွဲနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ယနေ့ ကမ္ဘာပေါ်တွင် ရေသုံးစွဲမှုပမာဏအမြင့်ဆုံးနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်၍ လူတစ်ဦးလျှင် တစ်ရက်ပျမ်းမျှရေ ၁၃၄၀ ဂါလန် သုံးစွဲကြောင်း သုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။

လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရေသုံးစွဲသည့် ပမာဏအားကြည့်ရာတွင် ချည်မျှင် တစ်ပေါင်ထုတ်လုပ်ရန် ရေ ၂၀၀၀ ဂါလန်၊ သီးနှံကျွေးအသားစားနွားတစ်ကောင် ထုတ်လုပ်ရာတွင် ရေ ၈၀၀ ဂါလန်၊ ပေါင်မုန့်တစ်လုံးပြုလုပ်ရာတွင် ရေ ၁၅၀ ဂါလန်၊ လျှပ်စစ်ဓာတ် တစ်ကီလိုဝပ်ထုတ်လုပ်ရန်အတွက် ရေ ၂၅ ဂါလန်၊ ရာဘာ တစ်ပေါင်ထုတ်လုပ်ရန် ရေ ၁၀၀ ဂါလန်နှင့် လူတစ်ဦးရေ ၁၀ မိနစ်ကြာရေချိုးပါက ရေ ၂၅ ဂါလန်မှ ၅၀ ဂါလန်အထိ လိုအပ်ကြောင်း သုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။

၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၁၇ ရာခိုင်နှုန်းဖြစ်သော လူဦးရေ သန်း ၁၁၀၀ မှာ သန့်ရှင်းစိတ်ချရသောရေကို မသောက်သုံးရသကဲ့သို့ ကမ္ဘာ့လူဦးရေ၏ ၄၂ ရာခိုင်နှုန်းဖြစ်သော လူဦးရေ သန်း ၂၆၀၀ မှာလည်း သန့်ရှင်းလုံလောက်သောရေအား မသုံးစွဲရကြောင်းတွေ့ရှိရပါသည်။ ယင်းကဲ့သို့ လုံလောက်သော ရေများ မသောက်သုံးနိုင်သည့်အတွက် ရေနှင့်ပတ်သက်သည့် ရောဂါများ ဖြစ်ပွားမှု အာဖရိကတိုက်၊ အာရှနှင့် ပစိဖိတ်ဒေသများတွင် ဖြစ်ပေါ်ခဲ့ပါသည်။

လက်ရှိအချိန်ကာလတွင် ကမ္ဘာတစ်ဝှမ်း၌ တစ်နှစ်လျှင် ရေချိုပမာဏ ၁၀၀၀၀ မှ ၁၂၀၀၀ ကုဗကီလိုမီတာအား သုံးစွဲရန် ရရှိနိုင်သော အခြေအနေရှိကြောင်း သိရှိရပါသည်။ ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ရေသုံးစွဲမှုပမာဏအား ကြည့်ပါက ရေပမာဏ ၄၀၀၀ ကုဗကီလိုမီတာအား ထုတ်ယူသုံးစွဲခဲ့ပြီး ယင်းတို့ထဲမှ ၆၅ ရာခိုင်နှုန်းမှာ အိမ်တွင်းသုံးစွဲမှုအတွက်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းမှာ စက်မှုလက်မှုလုပ်ငန်းများအတွက်လည်းကောင်း သုံးစွဲခဲ့ကြ၍ ငါးရာခိုင်နှုန်းသော ပမာဏမှာ သိုလှောင်ထားသော ရေတွင်းရေကန်များမှ အငွေ့ပျံသည့်ပမာဏဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့လူဦးရေကောင်စီ၏ ခန့်မှန်းချက်အရ ၂၀၅၀ ပြည့်နှစ်တွင် တိုးပွားလာမည့် လူဦးရေ သန်းထောင်ပေါင်း ၆ ဒသမ ၁ သန်းမှ ၉ ဒသမ ၂ သန်းတို့အတွက် နှစ်စဉ်ရေသုံးစွဲမှုပမာဏမှာ ကုဗကီလိုမီတာ ၅၀၀၀ အထိ မြင့်တက်လာနိုင်မည် ဖြစ်ပါသည်။

တစ်ဖက်မှလည်း ကမ္ဘာ့ရေချို အရင်းအမြစ်များ တဖြည်းဖြည်းလျော့နည်းလာခြင်းပင်ဖြစ်ပါသည်။ ကမ္ဘာ့အရပ်ရပ်ရှိ လူအားလုံးတို့က မြေအောက်ရေ ထုတ်ယူသုံးစွဲသည့်ပမာဏမှာ မြေအောက်ရေ သိုလှောင်ထားရှိသည့်နေရာများဖြစ်သော အာကွီဖာများမှ ပြန်လည်ဖြည့်တည်းနိုင်သည့် ရေပမာဏထက် များပြားနေခြင်းပင်ဖြစ်ပါသည်။ ကမ္ဘာ့မြေအောက်ရေသိုလှောင်မှုလျော့နည်းသည့် အာကွီဖာများရှိရာ အရပ်ဒေသများအား ကြည့်ပါက အဓိကနေရာများဖြစ်သည့် အာဖရိကတိုက်မြောက်ပိုင်း၊ အရှေ့လယ်ပိုင်းဒေသ၊ အာရှတိုက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်း၊ တရုတ်ပြည်မြောက်ပိုင်း၊ အမေရိကန်ပြည်ထောင်စုမြောက်ပိုင်းနှင့် ဩစတြေးလျနိုင်ငံများတွင် ဖြစ်ပါသည်။

ရေများကို အလွန်အကျွံထုတ်ယူသုံးစွဲနေမှုကြောင့် ကမ္ဘာ့မြစ်ကြီးများအချို့၏ မြစ်ဝများတွင် ရေငန်များဝင်ရောက်လာ၍ ၄င်းနေရာများတွင် နေထိုင်သည့် သဘာဝငှက်များနှင့် ငါးများ ပေါက်ဖွားမှုကို လျော့နည်းလာစေခြင်း၊ ကမ်းရိုးတန်းဒေသများတွင် လူနေထူထပ်များပြားလာသည့်အတွက် ရေတွင်းများ ပိုမိုတူးဖော်လာမှုကြောင့်လည်းကောင်း၊ ဆည်မြောင်းများ တည်ဆောက်၍ ရေရှည်အသုံးပြုမှုများကြောင့်လည်းကောင်း၊ ရေနှင့်မြေသားများအတွင်းသို့ ရေငန်များဝင်ရောက်မှု များပြားလာပါသည်။

ပင်လယ်ရေတွင်ပါဝင်သည့် ရေငန်များနှင့်ပတ်သက်၍ ပင်လယ်ရေတွင် ဆိုဒီယမ်ဓာတ်ဆားပမာဏမှာ ရေတစ်လီတာတွင် ၃၅၀၀၀ မီလီဂရမ်ပါရှိပြီး သောက်သုံးရေတွင် ဆိုဒီယမ်ဓာတ်ဆားများပါဝင်မှုသည် အပင်များအတွက် တစ်လီတာတွင် ၁၃၀၀ မီလီဂရမ်နှင့် လူများအတွက် သောက်သုံးရေ တစ်လီတာတွင် ၂၅၀ မီလီဂရမ်ထက်ကျော်လွန်ပါက အဆိပ်အတောက်ဖြစ်စေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ကမ္ဘာ့သောက်သုံးရေချို ရရှိနိုင်သည့်အရင်းအမြစ်များ၊ ကမ္ဘာပေါ်တွင် နေထိုင်လျက်ရှိသည့် လူများ၏ ရေသုံးစွဲသည့်ပမာဏ၊ ရေချိုထုတ်ယူသုံးစွဲမှုများနှင့် ရေချိုအရင်းအမြစ်များ လျော့ပါးလာမှုတို့၏ နောက်ဆက်တွဲအကျိုးဆက်များအား သိရှိနိုင်ပါရန် စုဆောင်းရေးသားတင်ပြအပ်ပါသည်။

*ဒေါက်တာနေဝင်း*

## စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ ငါးသိန်းဈေး အခြေခံ၍ ဝယ်ယူပေးရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ရောင်းဝယ်ရန် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ ၂၀၁၈ အခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အသင်းဝင် ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ စသော အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်များနှင့် ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငွေငါးသိန်းနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်း၏အပေါ်တွင် ဖြစ်ပေါ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်းအောက်တွင် ကျဆင်းဖြစ်ပေါ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။

ထို့ပြင် ပေါ်ဆန်း၊ အထူးညွှန့်မထအုပ်စုစသော အဆင့်မြင့်အုပ်စုတို့သည် တင်း ၁၀၀ လျှင် ခုနစ်သိန်း၊ ရှစ်သိန်းမှ ၁၀ သိန်းကျော်အထိ ဈေးကောင်းရရှိနေပြီဖြစ်၍ အဆိုပါစပါးဈေးများကို ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းဝယ်ရမည်ဖြစ်သည်။ ယခုသတ်မှတ်ထားသော အခြေခံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် နွေစပါးပေါ်ချိန်နှင့် ၂၀၁၈ ခုနှစ် မိုးစပါးပေါ်ချိန်တို့အတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ လုပ်ကွက်ငယ်တောင်သူလယ်သမားများ အပါအဝင် တောင်သူလယ်သမားအများစု စိုက်ပျိုးသော သာမန်စပါးအမျိုးအစားများသည် စပါးပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသောကြောင့် အဆိုပါ တောင်သူလယ်သမားအများစု၏ အကျိုးစီးပွားကို ဦးစားပေးသောအားဖြင့် အခြေခံဈေးနှုန်း သတ်မှတ်ထုတ်ပြန်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခြေခံဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များထံဖြစ်စေ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။

*မိုးဦး*

# နိုင်ငံတော်အတွက် မရှိမဖြစ်သောအင်အား

ယနေ့ကမ္ဘာ့မျက်နှာစာတွင် တပ်မတော်အင်အား တောင့်တင်းခိုင်မာမှုရှိသည့် နိုင်ငံအများစုသည် တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ကြသည်ကို တွေ့မြင်ရသည်။ တပ်မတော်အင်အားချည့်နဲ့ပါက နိုင်ငံသားတို့၏ နိုင်ငံရေး၊ လူမျိုးရေး အမြင်ကျဉ်းမှုနှင့်အတူ လူမျိုးကြီးဝါဒ၊ ဘာသာရေးအစွန်းရောက်မှုများ ပေါက်ပေါက်ကာ လက်နက်စွဲကိုင် ပဋိပက္ခများဖြစ်ပွားနေကြသည်ကို တွေ့မြင်ကြရမည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် ခေတ်မီဖွံ့ဖြိုးပြီး အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်တစ်ရပ်ရှိရန် လိုအပ်သည်။

တပ်မတော်သည် နိုင်ငံတစ်နိုင်ငံ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်၊ ပြည်တွင်းပြည်ပ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းပြည်၏ မြေပေါ်မြေအောက် သယံဇာတများကို ထိန်းသိမ်းကာကွယ်ရန် စသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ဆောင်ရွက်ကြရ၍ တပ်မတော်၏ အရေးပါမှုကို သိမြင်နိုင်သည်။ မြန်မာ့တပ်မတော်သည် မြန်မာအစိုးရအဆက်ဆက်၏ နိုင်ငံတော်တည်ဆောက်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ ဖော်ဆောင်ရာတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် လွတ်လပ်ရေးရရန်အတွက် နယ်ချဲ့ဝါဒ၊ ဖက်ဆစ်ဝါဒကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ တောင်ပေါ်မြေပြန့်မကျန် ဆင်းရဲချမ်းသာမရွေး ပါဝင်ခဲ့၍ အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့ရသည်။ ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေး စတင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ထူးခြားသော သမိုင်းဝင်နေ့တစ်နေ့ဖြစ်ခဲ့သည်။ မြန်မာ့မြေပေါ်မှ နယ်ချဲ့စနစ်၊ ဖက်ဆစ်စနစ်ဆိုးတို့ လုံးဝပျောက်ကွယ်သွားစေရန် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူ့အားဖြင့် ဆင်နွှဲအောင်မြင်ခဲ့သည်မှာ ယနေ့ဆိုလျှင် ၇၃ နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်က ကူညီဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည် ပြည်သူများ မျှော်မှန်းသည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံအဖြစ် အောင်မြင်စွာ ပေါ်ထွန်းလာစေရေး ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံအတွက် အရေးကြီးသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် တပ်မတော်ကြီးကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ်မြင့်မားရေးကို စဉ်ဆက်မပြတ်တိုးတက်အောင် လုပ်ဆောင်ရေးစသည့် ဦးတည်ချက်များသည် ထူးခြားလေးနက်သော (၇၃)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များဖြစ်သည်။ သမိုင်းအစဉ်အလာအရ တပ်မတော်သည် နိုင်ငံတော်၏ မရှိမဖြစ်သော အင်အားကြီးတစ်ရပ်ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။ ထို့ကြောင့် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဆိုသည့်အတိုင်း တိုင်းပြည်အတွက် အင်အားတောင့်တင်း ခိုင်မာသော တပ်မတော်ဖြစ်လာစေရန် နိုင်ငံသားတိုင်း၊ တိုင်းရင်းသားပြည်သူတိုင်းက ဝိုင်းဝန်းပူးပေါင်း အားပေးကြရမည်ဖြစ်သည်။

*၁၃၇၉ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်။* *စာတည်းမှူး*


နိုင်ငံ့ကျေးရွာ ဂျာနယ်

**ထုတ်ဝေသူ**
ဦးကျော်ဇင်စိုး၊ မှတ်ပုံတင်အမှတ်(၀၀၈၁၅)

**ပုံနှိပ်ခြင်း**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန်ပုံနှိပ်စက်ရုံ(၀၀၇၃၉)

**စာတည်းမှူး**
စနိုး

**စာတည်းများ**
သင်းရန်နို့၊ အုပ်မှူးဇော်
ဇင်ခန့်နိုင်၊ သပြေ၊
အောင်သူ(ရွှေတိုးမြေ)၊
ဆောင်းဝတီ

**လိုဂိုစာလုံးဒီဇိုင်း**
ပန်းချီတင်ထွဏ်း

**မျက်နှာဖုံးဒီဇိုင်း**
စန္ဒာမင်း

**အတွင်းသရုပ်ဖော်**
ဇော်ဝိတ်၊ လှထွဋ်ဦး၊
ကျိုက်လတ်ဘသဏ်၊
ရွှေကိုဦး၊ စိုးစံ

**ကွန်ပျူတာအဖွဲ့**
စန္ဒာမင်း၊ သက်ခိုင်ဝင်း၊
ရည်မွန်သူ၊ သိင်္ဂီစိုး၊
ဇော်လင်းမောင်

**ကြော်ငြာတာဝန်ခံ**
မျိုးမင်းအောင်

**ဆက်သွယ်ရန်**
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၄၂၊ ၂၀၁၉၃၆
E-mail: iprd.productionn@gmail.com

**စောင်ရေ** - ၃၄၂၄၀
**တန်ဖိုး** ၂၀၀ ကျပ်


## ဒို့ကျေးရွာမှ ပေးစာများ

***မေး-*** *ကျွန်တော့်ကုလားပဲခင်း တစ်လသားအရွယ်တွေမှာ အစိမ်းဖျော့ရောင်ဖြစ်ပြီး အောက်ကို ပြတ်ကျကုန်တယ်။ တချို့ မြေကြီးပေါ် လဲကျကုန်တယ်။ လဲကျနေတဲ့ အပင်ရဲ့ပင်စည်ဟာလည်း ပိန်ရှုံ့နေတယ်။ ပိုးကျတယ်ထင်လို့ အပင်နုတ်ကြည့်တော့ အမြစ်မှာ ဘာမှမထူးခြားဘူးဆရာ။ ဒါပေမယ့် ပင်စည်ကိုခွဲကြည့်တော့ ပင်စည်အတွင်းသားက အညိုရောင်ဖြစ်နေတယ်ဆရာ။ အဲဒါ ပိုးကြောင့်လား၊ ရောဂါလား၊ ဘယ်လို ကာကွယ်နှိမ်နင်းရမလဲဆရာ။*

*ဦးတင်ဝေ၊ စစ်ကိုင်းတိုင်းဒေသကြီး။*

***ဖြေ-*** ဦးတင်ဝေရဲ့ ကုလားပဲခင်းဟာ ပိုးကျတာမဟုတ်ဘူး။ မှိုကြောင့်ရောဂါဖြစ်တာ။ ပင်ညှိုးရောဂါလို့ခေါ်တယ်ဗျ။ ဒီရောဂါမှိုဟာ အေးတဲ့ရာသီဥတု ၂၀ မှ ၂၅ ဒီဂရီ စင်တီဂရိတ်မှာ ပိုဖြစ်တတ်တယ်။ ဒီမှိုဟာ အပင်ကြွင်းအပင်ကျန်တွေမှာ မျိုးစေ့တွေ ခိုအောင်းနေနိုင်တယ်ဗျ။ ဒီအပင်အကြွင်းအကျန်နဲ့ မျိုးစေ့တွေကတစ်ဆင့် အခြားတစ်နေရာကူးစက်ပြီး မြေကြီးထဲမှာ အကြာကြီးရှင်သန်နေနိုင်တယ်။ မြေစေးမြေတွေမှာဆိုရင် နှစ်အကြာကြီး တည်ရှိနေနိုင်တယ်။ ကုလားပဲအပြင် ပဲရာဇာ၊ ပဲစင်းငုံနှင့် အခြားပဲတွေမှာလည်း ကျတတ်တယ်ဗျို့။ ဒီရောဂါကျပြီဆိုရင် အပင်ငယ်စဉ်မှာ ဦးတင်ဝေတွေ့ရတဲ့ လက္ခဏာတွေဖြစ်လာတယ်။ အပင်ကြီးအဆင့်မှာဆိုရင် အသီးသီးချိန်ထိဖြစ်နိုင်တယ်။ ပထမအရွက်များ ငိုက်ကျလာပြီး နှစ်ရက်သုံးရက်အတွင်း တစ်ပင်လုံးညှိုးကျသွားတယ်။ အပင်တွေဟာ တဖြည်းဖြည်း အစိမ်းရောင်ဖျော့လာပြီး ကောက်ရိုးရောင်ပြောင်းသွားတယ်။ ပင်စည်ခွဲကြည့်တော့ အူတိုင်အနက်ရောင်ဖြစ်နေတာတွေ့ရမယ်ဗျ။ တစ်ခါတစ်ရံ တစ်ပင်လုံး ညှိုးမသွားဘဲ အချို့ကိုင်းသာ ညှိုးတာတွေ့ရမယ်ဗျ။ ကာကွယ်နှိမ်နင်းဖို့ဆိုရင်တော့ အပင်အကြွင်းအကျန်တွေမှာ ခိုအောင်းနေတတ်တဲ့အတွက် အပင်အကြွင်းအကျန်တွေပြောင်အောင် ဖယ်ရှားပြီး မီးရှို့ပစ်ဗျာ။ ရောဂါကျတဲ့မြေကို ထယ်ထိုးမြေလှန်ပြီး အမှိုက်၊ ရိုးပြတ်၊ ကောက်မှော်တွေ ဖြန့်ခင်းပြီး မီးရှို့ဗျာ။ ကန်သင်းနဲ့ပတ်ဝန်းကျင်တွေမှာ ပဲမျိုးရင်းဝင်အပင်တွေ အလေ့ကျပေါက်နေရင် သုတ်သင်ရှင်းလင်းပြီး မီးရှို့ပစ်ဗျာ။ ပဲနှင့် အခြားသီးနှံ ခြောက်နှစ်တစ်ကြိမ် သီးလှည့်စိုက်ဗျာ။ ရောဂါကင်းပြီး ခံနိုင်ရည်ရှိတဲ့ မျိုးကိုရွေးစိုက်။ မျိုးစေ့ငါးပြည်ကို ဘင်းလိတ်တီဆေး ငါးမူးသားနဲ့ လူးနယ်ပြီးမှစိုက်ဗျာ။ ***အောင်ဆန်း(စိုက်ပျိုးရေး)***

---

***မေး-*** *နို့စားနွားမွေးမြူရေးမှာ နို့စားနွားမဒန်းတွေမွေးလာရင် ဘယ်အချိန်မှာ နို့ခွဲပေးရပါသလဲ။ သားစပ်သင့်တဲ့အချိန်ကိုလည်း ပြောပြပေးစေလိုပါတယ်။*

*ဦးဝင်းကို၊ ပဲခူးတိုင်းဒေသကြီး။*

***ဖြေ-*** နို့စားနွားမွေးမြူရေးမှာ နို့စားနွားမဒန်းလေးတွေ မွေးလာတဲ့အခါ အလေးချိန် ပိဿာ ၅၀၊ အသက် ငါးလနှင့်ခြောက်လသားအရွယ်ခန့်မှာ နို့ခွဲပေးနိုင်ပြီး အလေးချိန် ၁၆၀ ပိဿာနှင့်အထက် ၁၈ လခန့် နှစ်နှစ်ကြားအရွယ်မှာ သားစပ်ပေးနိုင်ပါတယ်။

***နေဝင်းလွင်(မွေး/ကု)***

---

***မေး-*** *ဒေါက်တာခင်ဗျား ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ လည်ပင်းမှာ ညှင်းကွက်ကလေးတွေပေါက်နေပါတယ်။ ဆေးမြီးတိုတွေ လိမ်းရတာ မောလှပါပြီ။ မပျောက်ပါဘူး။ ပျောက်ကင်းသက်သာသွားအောင် အကြံဉာဏ်လေးပေးပါဦးဆရာ။*

*ကိုအောင်မိုး၊ မန္တလေးတိုင်းဒေသကြီး။*

***ဖြေ-*** ညှင်းကွက်များရှိတဲ့နေရာကို ရေနွေးနဲ့ မထိတွေ့စေရပါဘူး။ အရက်ပြန်ဟာ မှိုပိုးအပေါ် ထိရောက်မှုမရှိတဲ့အတွက် အရက်ပြန်နဲ့ ပွတ်တိုက်သုတ်လိမ်းခြင်းမျိုး မပြုလုပ်သင့်ပါဘူး။ ဆေးဆပ်ပြာအပြင်းစားတွေ သုံးတာမျိုး၊ ဆပ်ပြာနဲ့ ခဏခဏ ပွတ်တိုက်ဆေးကြောတာမျိုးလည်း ရှောင်ကြဉ်ရမှာပါ။ သာမန်ချေးညှော် ကင်းစင်စေတဲ့ အပျော့စားဆပ်ပြာလောက်ပဲ သုံးရင်ရပါပြီ။ ဆီလီနီယမ်ဆာလဖိုဒ်ဆေးရည်လိမ်းပေးပြီး ငါးမိနစ်၊ ၁၀ မိနစ်ခန့်ကြာတဲ့အခါ ရေဆေးပစ်ရမှာပါ။ နေ့စဉ်မှန်မှန် နှစ်ပတ်ခန့်ကြာတဲ့အထိ လုပ်ပေးသင့်ပါတယ်။ သောက်ဆေးကတော့ Ketoconazole သောက်နိုင်ပါတယ်။ သောက်ရမယ့်ပမာဏက ခန္ဓာကိုယ်အလေးချိန်၊ ကျန်းမာရေးအခြေအနေ၊ ညှင်းကွက်အနေအထားပေါ်မူတည်ပြီး ဆုံးဖြတ်ရမှာမို့ နီးစပ်ရာ တတ်ကျွမ်း နားလည်တဲ့ ဆရာဝန်နဲ့ တိုင်ပင်သင့်ပါတယ်။ ***ဒေါက်တာနိုက်တင်ဂေးလ်***

---

***မေး-*** *သရုပ်ဆောင် မိုးဟေကိုရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုကို သိလိုပါတယ်။*

*သီတာလွင်၊ မွန်ပြည်နယ်။*

***ဖြေ-*** သရုပ်ဆောင် မိုးဟေကိုက သူမရဲ့ ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ (၁၀)ကားမြောက်ဖြစ်တဲ့ "လူခေါ်ခေါင်းလောင်း"ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဇာတ်ကားကြီးမှာ ဖိုက်တင်မင်းသားကြီးဖြစ်တဲ့ ရဲမင်းပိုင်လည်း ပါဝင်မှာဖြစ်သလို မင်းမော်ကွန်း၊ ထွန်းထွန်း၊ နေမျိုးအောင်၊ ထူးခြား၊ ဒိန်းဒေါင်၊ ထွန်းကိုကို၊ ဇင်ဝိုင်း၊ နေရဲ၊ သိန်းလင်းတို့နဲ့အတူ ရွှေသမီး၊ နန်းခင်ဇေယျာ၊ မေမြင့်မိုရ်၊ မိုးမြင့်သဇင်၊ လှမျိုးသဉ္ဇာနွယ်နဲ့ အနုပညာရှင်များစွာ ပါဝင်ထားပါတယ်။ ***စာတည်းအဖွဲ့***


## ဒို့ ကျေး ရွာ ကာ တွန်း



# ဆန်စပါးဈေး အဖျားဆွတ်ပြီးတော့ပဲ ပြောနေကြမှာလား အရင်းက လုပ်စရာရှိတာ ထိထိမိမိတော့လုပ်ဖို့လိုပြီ

## အောင်ဆန်း(စိုက်ပျိုးရေး)

အထက်ပါ ခေါင်းစဉ်ကိုတပ်ပြီး ဆောင်းပါးရေးတော့မယ်ဆိုတော့ ရေးမယ့် စာရေးသူအကြောင်းကလေး အရင်ပြောမှ ဖြစ်ပါ့မယ်။ စာရေးသူဟာ လယ်သမားစစ်စစ် မိဘနှစ်ပါးက မွေးဖွားခဲ့တဲ့ အညာသားလယ်သမားသားသမီးပါ။ မိဘနှစ်ပါးဟာ ရွှံ့ဒူးခေါင်းထိမြုပ်အောင် ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားရင်း စာရေးသူကို စိုက်ပျိုးရေး တက္ကသိုလ်က ဘွဲ့ရအောင် ထားခဲ့တာပါ။ ဒါ့ကြောင့် စာရေးသူဟာ ဘွဲ့ရပြီး ဌာနတွင်းတာဝန်ထမ်းဆောင်ခဲ့သည်မှာ ယခုအငြိမ်းစားယူပြီးသည်ထိ တောင်သူလယ်သမားအားလုံးကို မိမိရဲ့မိဘတွေနဲ့ ဘဝတူတစ်ဂိုဏ်းတည်းထားပြီး စိုက်ပျိုးရေးနည်းပညာတွေကို ဟောခဲ့၊ ဆွေးနွေးခဲ့၊ ရေးသားခဲ့၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ပါတယ်။


ဓာတ်ပုံ-အင်တာနက်

တောင်သူလယ်သမားကြီးများရဲ့ စီးပွားရေးကို ရင်ထဲမှာ နှစ်ပြီးခံစားတွေးခေါ်ခဲ့ပါတယ်။ လက်တွေ့ဆောင်ရွက်ခဲ့တာတွေလည်း အများကြီးသာဓကရှိပါတယ်။ ဒီခေတ်မှာ လယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဆိုတဲ့အမည်နာမကို ဇာတ်ခုံပေါ်တင်ပြီး ရှေ့တန်းတင်ပြောနေကြတာတွေ အများကြီးရှိတာ တွေ့ရပါတယ်။ တကယ်ပဲ ရင်ထဲကရှိလို့လား၊ လယ်သမားအကျိုးဆိုပြီး အသံကောင်းဟစ်၊ နိုင်ငံရေးအမြတ်ထုတ်နေကြတာလား၊ မိမိရဲ့ တစ်ကိုယ်ရေပေါ်ပြူလာဖြစ်မှုလိုချင်လို့လား၊ ပြောသူများ မိမိကိုယ်ကိုဆန်းစစ်ကြည့်ကြပါ။ တောင်သူလယ်သမားရဲ့ အကျိုးဆိုပြီး နိုင်ငံရေးဆန်ဆန်၊ မိမိရဲ့ပေါ်ပြူလာဖြစ်မှုနဲ့ အော်ဟစ်လှုပ်ရှားလိုက်ရင် တောင်သူလယ်သမားအများစုကတော့ ကြိုက်မှာပဲဆိုတဲ့ အတွေးအမြင်နဲ့ဆိုရင်တော့ တိုင်းပြည်လည်းနစ်နာ၊ တောင်သူလယ်သမားကြီးများအများစုလည်း အကျိုးမရှိဖြစ်သွားနိုင်ပါတယ်။

စာရေးသူဒီဆောင်းပါးကို ရေးပြီးတဲ့အချိန်မှာ "လယ်သမားဘဝကို ကိုယ်ချင်းမစာနာဘူး၊ လယ်ကွင်းထဲဆင်းပြီး လယ်သမားတွေဘဝ လက်တွေ့ကျကျလေ့လာပါဦး၊ အောက်ခြေဘဝနဲ့ ကင်းကွာတယ်" ဆိုပြီးဝေဖန်သံတွေ ပလူပျံလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့်လည်း အထက်ပါစကားချီးကို ဖော်ပြခဲ့တာပါ။ စာရေးသူဟာ အောက်ခြေဘဝကလာတဲ့ လယ်သမားမိဘနှစ်ပါးရဲ့ သားသမီးစစ်စစ်ပါ။ လယ်သမားအကျိုးစီးပွားဖြစ်ဖို့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံစားရတဲ့သူပါပဲ။

ခုတစ်လောမှာ ဆန်စပါးဈေးကျနေတယ်။ တောင်သူလယ်သမားတွေ ဆန်စပါးဈေးအမြင့်ရတာကို မရှုစိမ့်လို့၊ ဆန်စပါးဈေးကို ရိုက်ချိုးခံရတယ်လို့ ဆိုတဲ့သူက ဆိုပါတယ်။ မြန်မာနိုင်ငံတွင်းရဲ့ ဆန်စပါးဈေးနှုန်းဟာ မတည်မငြိမ်၊ တက်လိုက်ကျလိုက်နဲ့ ကမောက်ကမဖြစ်နေတာ သုံးလေးနှစ်လောက်ရှိလာပြီဖြစ်ပါတယ်။ ဒါကိုပဲ ဆန်စပါးဈေးကျတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ လယ်သမားအကျိုးအမြတ်မရှိဘဲ ဖြစ်နေတယ်။ ဟိုအဖွဲ့အစည်းက၊ ဟိုဌာနက၊ ဟိုလိုလုပ်လိုက်လို့၊ ဒီလိုလုပ်လိုက်လို့ ဒီလိုဖြစ်ပြီး လယ်သမားများ နစ်နာနေရတာဆိုပြီး အရင်းကိုမစစ်ဘဲ အဖျားဆွတ်ပြောနေကြတာ တွေ့ရပါတယ်။

မြန်မာ့ဆန်စပါးဈေးနှုန်း အတက်အကျဟာ နိုင်ငံခြားပို့ကုန် တိုးမြှင့်တင်ပို့နိုင်မှုအပေါ်မှာ ရာနှုန်းပြည့်တည်မှီနေပါတယ်။ ဆန်ပြည်ပတင်ပို့နိုင်မှုပမာဏမြင့်လာရင် ပြည်တွင်းမှာ ဆန်စပါးဈေးလည်းမြင့်လာတာပါပဲ။ ပြည်ပပို့ကုန်ပမာဏလျော့ကျလာတာနဲ့အမျှ ဆန်စပါးဈေးလည်း ထိုးကျသွားတာပါပဲ။ ဒီအချိန်မှာ လယ်သမားတွေရော၊ ကြားကနေ လယ်သမားအရေးဆိုပြီး ကိုယ်စားပြောပေးနေကြတဲ့သူတွေပါ ပွက်လောရိုက်လာတာပါပဲ။ ကြားက ကိုယ်စားပြောပေးနေကြသူတွေဟာလည်း အကွက်ဆိုက်သွားတာပါပဲ။

ဒါဆိုရင် ဆန်စပါးဈေးကွက် အတက်အကျ အဖျားဆွတ်ဖြစ်နေတဲ့ ပြဿနာအရင်းအမြစ်ဟာ ဘာလဲ၊ အရင်းအမြစ်လုပ်ရမယ့် ဖြစ်စဉ်ကိုလည်း ပြန်ကြည့်ဖို့လိုပါတယ်။ အရင်းကဖြစ်စဉ်တွေ သုံးသပ်ကြည့်ရင် ပြည်ပပို့ကုန်ပမာဏ ဘာကြောင့်လျော့ကျရသလဲ။ မြန်မာ့ဆန် အရည်အသွေးမမီလို့ ဈေးကောင်းမရဘူး။ လယ်သမားတွေကလည်း ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်နေလို့ ဈေးနိမ့်နဲ့ မရောင်းနိုင်ဘူး။ ပြည်ပပို့ကုန်သမားများကလည်း ပြည်ပဈေးက မရတော့၊ လယ်သမားကို ဈေးမြှင့်ပေးမဝယ်နိုင်ဘူး။ ကုန်သည်မဝယ်တော့ ဆန်စပါးဈေးကျတာ ထုံးစံပါပဲ။

နိုင်ငံတကာဆန်စပါးဈေးကွက်နဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ စပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်အများဆုံး၊ ဆန်စပါးဈေးနှုန်းလည်း အမြင့်ဆုံးဖြစ်နေတာကို တွေ့ရပါတယ်။ ဆန်စပါးအရည်အသွေးကလည်းညံ့၊ ပြည်ပဆန်စပါးဈေးကလည်း ပြည်တွင်းဈေးနှုန်းထက်နိမ့်နေတော့ ပြည်ပပို့ကုန်သမားများကလည်း အရှုံးခံ မဝယ်နိုင်ကြတော့ဘူး။ လက်ရှောင်နေကြတာဖြစ်တယ်။ မြန်မာနိုင်ငံတွင်းမှာ လယ်သမားအကျိုးအမြတ် မရှိဘူးဆိုပြီး လွယ်လွယ်ပဲ ဆန်စပါးဈေးအမြင့်ကိုပဲ မျှော်လင့်နေကြတယ်။ အဖျားဆွတ်ပြောနေကြတာ တွေ့ရတယ်။

ဆန်စပါးအတွက် လယ်သမားအကျိုးအမြတ်ရရှိစေမယ့် နည်းလမ်းနှစ်ခုရှိပါတယ်။ (၁) တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လည်းများ၊ ဆန်စပါးဈေးလည်းမြင့်၊ (၂) တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်အသင့်အတင့်၊ စပါးအထွက်နှုန်းလဲတိုး၊ အရည်အသွေးလည်းကောင်း၊ ဆန်စပါးဈေးနှုန်းလည်း အသင့်အတင့်ရရှိတဲ့နည်းလမ်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းဆိုရင် ဆန်စပါးကုန်သည်များလည်း ခံသာ၊ လယ်သမားများလည်း အကျိုးအမြတ်ရရှိ၊ ဆန်စပါးဈေးနှုန်းလည်း ထိန်းနိုင်၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့ဖို့လည်း အလားအလာကောင်း ရရှိနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဆန်စပါးပြည်ပတင်ပို့မှုကို အဟန့်အတားဖြစ်နေတာကတော့ စပါးအထွက်နှုန်းနည်းတယ်။ ပြည်ပပို့ဖို့ ဆန်အလုံအလောက်ရဖို့ ခက်တယ်။ ပြည်ပပို့ကုန်သမားများ ကွင်းထဲမှာ ခြေချင်းလိမ်အောင် အလုအယက်ဝယ်နေကြတယ်။ ဒါကြောင့် တစ်ဧကကုန်ကျစရိတ် အသင့်အတင့်နဲ့ စပါးတစ်ဧကအထွက်နှုန်းတိုးအောင် နည်းပညာတွေ ထိထိမိမိလုပ်သင့်တယ်။ နောက်တစ်ချက်ကတော့ ပြည်ပဈေးကွက်ဈေးကောင်းရဖို့အတွက် စပါးအရည်အသွေးကောင်း ရရှိအောင်လုပ်ရမယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်အောင် ပညာပေးဖို့လိုတယ်။ လက်တွေ့လုပ်နိုင်အောင် စီစဉ်ပေးဖို့ လိုပါတယ်။ စက်မှုလယ်ယာစနစ်ကိုလည်း အပြည့်အဝ သုံးနိုင်ဖို့လိုတယ်။

စာရေးသူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ကို စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲတစ်ခုသွားရောက်ခဲ့ရပါတယ်။ ဆွေးနွေးပွဲမှာ လယ်သမားကြီးများ ၂၀၀ ဦးခန့် တက်ရောက်ပါတယ်။ စာရေးသူတို့ ဟောပြောဆွေးနွေးအပြီးမှာ လယ်သမားကြီး ဦးစောကျော်အေးက ထဆွေးနွေးပါတယ်။ ကျွန်တော် စပါးဧက ၂၀ စိုက်ပျိုးပါတယ်။ အဲဒီဧက ၂၀ ထဲက ငါးဧက၊ ဆင်းသုခစပါးမျိုးကို ဟောဒီဂျာနယ်မှာပါရှိတဲ့ ဆရာရေးတဲ့ "တစ်ဧကကုန်ကျ စရိတ်သက်သာ စပါးကြဲခင်း အထွက်တိုးနည်းပညာ"ဆိုတဲ့ ဆောင်းပါးအတိုင်း လက်တွေ့ စပါးစိုက်ခဲ့ပါတယ်။ တစ်ဧက ၁၀၂ တင်း ထွက်ရှိခဲ့ပါတယ်။ ရွာသူရွာသားတွေလည်း လာလာကြည့်ကြပြီး သဘောကျလို့ ဆရာ့ဆောင်းပါးကို ပေးဖတ်ခိုင်းရပါတယ်။ အဲဒါဆရာ့နည်းပညာကို ထောက်ခံပါတယ်။ ဆရာ့ကိုလည်း ကျေးဇူးတင်ပါတယ်လို့" ဆွေးနွေးသွားပါတယ်။ စာရေးသူ အံ့ဩရပြီး ပီတိဖြစ်ခဲ့ရပါတယ်။

**တစ်ဧကကုန်ကျစရိတ် အသင့်အတင့်နဲ့ စပါးတစ်ဧက အထွက်နှုန်းတိုးအောင် နည်းပညာတွေ ထိထိမိမိလုပ်သင့်တယ်။ နောက်တစ်ချက်ကတော့ ပြည်ပဈေးကွက်ဈေးကောင်းရဖို့အတွက် စပါးအရည်အသွေးကောင်းရရှိအောင် လုပ်ရမယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်အောင် ပညာပေးဖို့လိုတယ်။ လက်တွေ့လုပ်နိုင်အောင် စီစဉ်ပေးဖို့ လိုပါတယ်။ စက်မှုလယ်ယာစနစ်ကိုလည်း အပြည့်အဝ သုံးနိုင်ဖို့လိုတယ်။**

ဒါ့ကြောင့် မြန်မာ့ဆန်စပါးဈေး အတက်အကျကို အဖျားဆွတ်ပြီး ဈေးအမြင့်ကို မျှော်မနေကြဘဲ လယ်သမားကြီးများ၊ ဌာနဆိုင်ရာများ၊ ကုန်သည်ပွဲစားကြီးများ အရင်းက ကိုယ်လုပ်ရမယ့် အလုပ်တွေကို ထိထိမိမိလုပ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

*အောင်ဆန်း(စိုက်ပျိုးရေး)*


ဓာတ်ပုံ-အင်တာနက်

# ပန်းများ ကြာရှည်လန်းနေစေရန်

ဒေါက်တာစိန်လှဗိုလ်




*ယခင်အပတ်မှအဆက်*

**ပန်းများခူးဆွတ်ချိန်**

ပန်းပင်များမှ ပန်းများကိုခူးဆွတ်ရန် အသင့်တော်ဆုံးအချိန်မှာ အပင်များအတွင်း အစာအာဟာရများစွာ စုဆောင်းထားမိပြီးချိန်ဖြစ်တဲ့ ညနေခင်းအချိန်ဖြစ်ပါတယ်။ ဒုတိယအသင့်တော်ဆုံးအချိန်ကတော့ အပင်များ ကောင်းစွာတောင့်တင်းနေချိန်ဖြစ်တဲ့ နံနက်စောစောအချိန်ဖြစ်ပါတယ်။ နေ့လယ်ခင်းအချိန်တွင် အပင်များ ညှိုးနေတတ်တဲ့အတွက် ခူးဆွတ်မှုကို ရှောင်ရှားရန်ဖြစ်ပါတယ်။ အချို့ပန်းပင်များကိုမူ ပန်းခိုင်များ ခူးဆွတ်မှုအစား အပင်တစ်ပင်လုံးကို နုတ်ယူကြပါတယ်။ အများအားဖြင့် ရာသီအလိုက်စိုက်ပျိုးတဲ့ ပန်းပင်များ၊ ဥပမာ မေမြို့ပန်း၊ ဒေါနပန်း (ပန်းပွင့်မဟုတ်သော်လည်း ရနံ့မွှေးတဲ့ အရွက်ပါ အပင်ငယ်)တို့ကို အပင်လိုက် နုတ်ယူကြပါတယ်။

**အပူချိန်**

ပန်းများကို သိုလှောင်သိမ်းဆည်းထားစဉ် အပူချိန်မြင့်တက်လာပါက ပန်းခိုင်များမှ ရေငွေ့ပျံမှုနဲ့ အစာဖြိုခွဲမှုနှုန်းမြင့်မားလာစေကာ ပန်းများ ညှိုးနွမ်းသွားမှာဖြစ်ပါတယ်။ သို့အတွက် ပန်းများ၊ ပန်းခိုင်များကို စိုက်ခင်းမှ ခူးဆွတ်ပြီးနောက် ချက်ချင်း အေးနေစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ပန်းများရဲ့အရည်အသွေးမြင့်တက်လာစေသကဲ့သို့ ကြာရှည်လန်းနေစေနိုင်ပါတယ်။ မြန်မာနိုင်ငံမှာမူ ဆောင်းရာသီစိုက်ခင်းများမှာ အအေးဓာတ်ရနေစေနိုင်သော်လည်း ကျန်ရာသီများမှာ အအေးဓာတ်ရနေစေရန် ဆောင်ရွက်ပေးသင့်ပါတယ်။ ထားပေးသင့်တဲ့ အပူချိန်မှာ သုည ဒီဂရီမှ ၂ ဒီဂရီစင်တီဂရိတ် (၃၂ ဒီဂရီဖာရင်ဟိုက်မှ ၃၅ ဒီဂရီဖာရင်ဟိုက်)ဖြစ်ပါတယ်။ ပန်းခိုင်မှ ရေစုပ်ယူမှုကောင်းစေရန် ရေနွေးမှာ ပန်းခိုင်ရင်းကို စိမ်ပေးထားပြီးနောက် ရေဝသွားသော် အပူချိန်ကို အခန်းတွင်းအပူချိန်ထိ ရောက်စေရန် အမြန်ဆောင်ရွက်ပေးသင့်ပါတယ်။ စိုက်ခင်းများမှ ခူးဆွတ်လာတဲ့ ပန်းခိုင်များကို အစည်းများအဖြစ် စည်းပြီးနောက် အေးနေတဲ့အခန်းထဲမှာ ထည့်ထားသင့်ပါတယ်။

**စိုထိုင်းဆ**

ပန်းများကို စိုထိုင်းဆ ၉၀ ရာခိုင်နှုန်းကျော် ရှိနေစေပါက ကြာရှည်လန်းဆန်းနေစေပါတယ်။ သို့သော် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်းထိ ရောက်မနေစေသင့်ပါ။ အကယ်၍ ၁၀၀ ရာခိုင်နှုန်းထိ ရောက်နေသော် ပန်းပွင့်များနဲ့ အရွက်များမှ ရေသီးလေးများကို တွေ့လာရပါတယ်။ ဒါဟာ စိုထိုင်းဆ များလွန်းနေကြောင်း ပြနေတာပါ။ စိုထိုင်းဆများလွန်းနေပါက မှိုရောဂါများ ကျရောက်လာနိုင်တဲ့အတွက် ပန်းများ ကြာရှည်လန်းမနေနိုင်တော့ပါ။

**ပန်းခိုင်တွင်းရှိ အာဟာရများ**

ခူးဆွတ်ထားတဲ့ ပန်းခိုင်များမှပန်းများ ပွင့်အာလာစေရန်နှင့် ပန်းများ ကြာရှည်လန်းဆန်းနေစေရန်မှာ ပန်းခိုင်တွင်း ကာဗိုဟိုက်ဒရိတ်ဓာတ်များ ဖြစ်ကြတဲ့ သကြားဓာတ်နဲ့ ကစီဓာတ်တို့ ပြည့်ဝစွာ ရှိနေသင့်ပါတယ်။ ကာဗိုဟိုက်ဒရိတ်ဓာတ်များ ပြည့်ဝနေစေရန်မှာ ပန်းပင်မျိုးအလိုက် သင့်တော်ကိုက်ညီတဲ့ အပူချိန်၊ အလင်းရောင်၊ ရေနဲ့ အာဟာရဓာတ်များ ဖြည့်ဆည်းစိုက်ပျိုးပေးရန် လိုအပ်ပါတယ်။ ပန်းခိုင်များကို သကြားရည်ပါတဲ့ရေမှာ စိမ်ထားခြင်းဖြင့် ပန်းများရဲ့ အရည်အသွေး ကောင်းမွန်စေပြီး ကြာရှည်လန်းဆန်းနေစေမှာဖြစ်ပါတယ်။

**ပန်းခိုင်တွင်း ရေမပြတ်စေရန်**

ပန်းခိုင်များကို စိုက်ခင်းရှိအပင်များမှ ဖြတ်ယူခူးဆွတ်ပြီးနောက် ပန်းခိုင်မှ ရေဆုံးရှုံးမှု နည်းနိုင်သမျှနည်းစေရန် ဆောင်ရွက်ပေးထားနိုင်မှုဟာ ပန်းခိုင်မှ ပန်းများ ကြာရှည်လန်းဆန်းနေစေမှုအတွက် အရေးပါတဲ့အချက်ဖြစ်ပါတယ်။ ပန်းခိုင်ရင်းမှသည် ပန်းပွင့်များဆီသို့ ရေမပြတ်စီးဝင်နေစေရန် လိုအပ်ပါတယ်။ ပန်းခိုင်များမှ ရေအများဆုံးစုပ်ယူနိုင်မှုဟာ ပန်းခိုင်များကို အပင်မှဖြတ်ယူပြီး နောက် ၃၆ နာရီနဲ့ ၄၈ နာရီအထိသာ ဖြစ်ပါတယ်။ ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက်မှ ၁၁၀ ဒီဂရီဖာရင်ဟိုက်) အတွင်းရှိတဲ့ ရေနွေးဟာ ဓာတုဆေးများကို လွယ်ကူစွာ ပျော်ဝင်နိုင်သကဲ့သို့ ပန်းခိုင်များဖြတ်ယူပြီး နောက် ၂၄ နာရီမှ ၃၆ နာရီအထိ ရေကို များများစုပ်ယူစေနိုင်ပါတယ်။ သို့သော် ပန်းများကြာရှည်လန်းစေမှုတွင်မူ သုတေသနထောက်ခံထားမှုမရှိပါ။ ဆူနေတဲ့ရေနွေးဟာ ရေထဲမှာရှိနေတဲ့ အဏုဇီဝများကို လျော့နည်းသွားစေနိုင်ပါတယ်။ သို့သော် ပူလွန်းတဲ့ရေဟာ ပန်းခိုင်ရိုးတံကိုလည်း ပျက်စီးစေနိုင်ပါတယ်။ ပန်းများကို ပန်းအိုးတွင်ထိုးထားတဲ့အခါ ပန်းခိုင်များမှာ ရေလုံလောက်စွာမရတဲ့အတွက် ညှိုးနွမ်းသွားရတာလည်း အချက်တစ်ချက်အနေနဲ့ တွေ့ရပါတယ်။ ပန်းများ ရေမဝတဲ့အတွက် ရက်အနည်းငယ်နဲ့ ညှိုးနွမ်းနေသော် ပန်းခိုင်အရင်းပိုင်းကို ရေတွင်နှစ်ထားပြီး လက်မဝက်ခန့်ဖြတ်ပေးပါ။ အတည့်ဖြတ်ခြင်းထက် အစောင်းဖြတ်ပေးခြင်းက ရေဝင်လာနိုင်မယ့်ဧရိယာ ပိုမိုများနေစေပါတယ်။ ထို့နောက် ပန်းခိုင်များကို ရေတွင် တစ်ညပြန်လည်စိမ်ထားပေးပါက နောက်နေ့နံနက်တွင် ပန်းများ ပြန်လည်လန်းဆန်းလာနိုင်ပါတယ်။ ထိုအခါ အိုးသို့ ပြန်လည်ထိုးပေးနိုင်ပါတယ်။ ပန်းခိုင်များ စိမ်ထားတဲ့ရေရဲ့ PH ဟာ နိမ့်နေရင် (PH ၃ မှ ၄) လောက်ရှိနေပါကလည်း ပန်းခိုင်များမှ ရေကို ပိုမိုစုပ်ယူစေနိုင်ပါတယ်။

**အရွက်များခြွေပေးမှု**

ပန်းခိုင်များမှာပါလာတဲ့ အရွက်များကို ဘယ်လောက်ခြွေပေးရမှာလဲဆိုတဲ့ မေးခွန်းလည်း ရှိပါတယ်။ ပန်းခိုင်ရဲ့ အရင်းဘက်မှာရှိနေတဲ့ အရွက်များ၊ အထူးသဖြင့် ပန်းအိုးထဲမှာ ထည့်ထားမယ့် ရေထဲမှာ ကျရောက်နေမယ့် အရွက်များ အားလုံးကို ခြွေပေးရန်လိုမှာဖြစ်ပါတယ်။ သို့မှသာ ပန်းအိုးရေထဲမှာ အဏုဇီဝများ ပေါက်ပွားမှုကို သက်သာစေမှာဖြစ်ပါတယ်။ ပန်းအိုးအထက်မှာရှိနေတဲ့ ပန်းခိုင်ပေါ်မှ အရွက်များကိုမူ တတ်နိုင်သမျှ မခြွေဘဲထားရန်လိုပါတယ်။ အရွက်များမှ ရေငွေ့ပျံတဲ့အတွက် ပန်းအိုးထဲမှရေဟာ ပန်းပွင့်များဆီကို စီးဝင်လာစေနိုင်မှာဖြစ်ပါတယ်။ သို့အတွက် ပန်းအိုးအထက်ဘက်မှာရှိနေတဲ့ ပန်းခိုင်ပေါ်က အရွက်များကို တတ်နိုင်သမျှ ချန်ထားသင့်ပါတယ်။ သို့သော် ထိခိုက်ဒဏ်ရာရနေတဲ့ အရွက်များ၊ ညှိုးနွမ်းနေတဲ့၊ ဝါနေတဲ့အရွက်များ၊ ရောဂါကျရောက်နေတဲ့ အရွက်များကိုမူ ဖယ်ရှားပေးရန် ဖြစ်ပါတယ်။

**အီသလင်းဓာတ်ငွေ့ရဲ့ ပန်းများ ညှိုးနွမ်းစေမှု**

အီသလင်းဓာတ်ငွေ့ဆိုတာ အပင်များ အထူးသဖြင့် ပန်းပွင့်များပွင့်လာသော်၊ အသီးများ ရင့်မှည့်လာသော်၊ အပင်မှာ အနာဒဏ်ရာများရလာသော် အပင်မှထုတ်လွှတ်ပေးတဲ့ သဘာဝအပင်ဟော်မုန်းဖြစ်ပါတယ်။ ပန်းများ ကြာရှည်လန်းနေစေရန်အတွက် အီသလင်းဓာတ်ငွေ့များ ထုတ်လွှတ်ပေးနိုင်တဲ့ မှည့်နေတဲ့ပန်းသီးကဲ့သို့သော အသီးများနဲ့အတူ ပန်းများကိုမထားရပါ။ ကောင်းမွန်နေသေးတဲ့ပန်းများကို ရောဂါကျနေတဲ့ အရွက်များ၊ ပန်းများ၊ ညှိုးနွမ်းကာ ပျက်စီးနေတဲ့ ပန်းများနဲ့အတူ မထားရပါ။ ချက်ချင်းဖယ်ရှားပေးရန် လိုအပ်ပါတယ်။

**ပန်းအိုးမထိုးမီ ဆောင်ရွက်ပေးရန်များ**

ပန်းများကို ခူးဆွတ်လာပြီး သို့မဟုတ် ဝယ်ယူလာပြီးနောက် ကြာရှည်လန်းဆန်းနေစေနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ပေးသင့်ပါတယ်-

(၁) ပန်းအိုးတွင်းသို့ထည့်မယ့် ရေဟာ ရေအေးထက် အနည်းငယ်နွေးနေတဲ့ ရေကို အသုံးပြုပါ။

(၂) ပန်းအိုးတွင်းရှိရေသည် ပန်းခိုင်ရိုးတံအရှည်ရဲ့ တစ်ဝက်ခန့်ထိ ရှိနေစေသင့်ပါတယ်။

(၃) ပန်းအိုးထဲ သို့ ပန်းများမထိုးမီ သို့မဟုတ် ပန်းအိုးရေကို လဲလှယ်မည်ဆိုပါက ပန်းခိုင်အရင်းပိုင်းကို လက်မဝက်ခန့် ပြန်လည်ဖြတ်ပေးပါ။ ရေတွင်နှစ်၍ ဖြတ်ပေးပါက ပိုမိုကောင်းမွန်ပါတယ်။

(၄) ပန်းအိုးတွင် ထည့်သွင်းမည့်ရေတွင် ပန်းများကြာရှည်လန်းနေစေနိုင်တဲ့ ဓာတုဆေးများ ထည့်ပေးသင့်ပါတယ်။

(၅) ပန်းအိုးရေအတွင်း ကျရောက်နေနိုင်တဲ့ ပန်းခိုင်ပေါ်မှအရွက်များကို ဖြတ်ယူဖယ်ရှားပေးပါ။

(၆) ပန်းပွင့်များကိုမူ ရေနဲ့မထိစေရန် ဂရုစိုက်ပါ။

(၇) ပန်းအိုးများကို တိုက်ရိုက်နေရောင်တွင် မထားပါနဲ့။ အေးပြီး စိုထိုင်းဆများတဲ့နေရာမှာ ထားပါ။

**လွယ်ကူစွာ ဆောင်ရွက်နည်းများ**

တိုးတက်တဲ့နိုင်ငံများမှာ ပန်းများ ကြာရှည်လန်းနေစေနိုင်တဲ့ အသင့်သုံး အာဟာရဆေးများ ဖော်စပ်ရောင်းချ အသုံးပြုနေကြပါတယ်။ မြန်မာနိုင်ငံမှာ ကျယ်ပြန့်စွာ တင်သွင်းရောင်းချ အသုံးပြုနေမှု နည်းပါးနေပါသေးတယ်။ သို့အတွက် မြန်မာနိုင်ငံအတွင်းဒေသများမှာ အလွယ်တကူ ပြုလုပ်အသုံးပြုနိုင်မယ့် ပန်းများ ကြာရှည်လန်းဆန်းနေစေမယ့် ပန်းအိုးရေဖျော်စပ်နည်းများကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) သကြား၊ ချွတ်ဆေးနဲ့ ကျောက်ချဉ်**

ရေတစ်လီတာမှာ သကြား လက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ မှိုသတ်ပေးနိုင်ရန် အဝတ်ချေးချွတ်ဆေး(Chlorox)ကဲ့သို့ အရည် လက်ဖက်ရည်ဇွန်းတစ်ဝက်၊ ကျောက်ချဉ် လက်ဖက်ရည်ဇွန်းရဲ့ လေးပုံတစ်ပုံထည့်ဖျော်အသုံးပြုရန် ဖြစ်ပါတယ်။

**(၂) သကြားနဲ့ ရှာလကာရည်**

ရေတစ်လီတာတွင် ရှာလကာအကြည်ရည်ဟင်းစားဇွန်းနှစ်ဇွန်းနှင့် သကြား လက်ဖက်ရည်ဇွန်းနှစ်ဇွန်း ထည့်ဖျော်အသုံးပြုရန် ဖြစ်ပါတယ်။

**(၃) အချိုရည်နဲ့ ချွတ်ဆေး**

ရေတစ်လီတာတွင် 7-up နှင့် Sprite ကဲ့သို့သော သကြားပါဝင်တဲ့ အချိုရည် (Cocacola မသုံးရပါ)တစ်လီတာရော၍ ချွတ်ဆေးကို လက်ဖက်ရည်ဇွန်းတစ်ဝက် ထည့်ဖျော်အသုံးပြုရန် ဖြစ်ပါတယ်။ ပန်းများကြာရှည်လန်းစေနိုင်ရန် ပန်းအိုးထဲမှ ရေကို လဲလှယ်ပေးရန် လိုအပ်ပါတယ်။ ရေလဲတိုင်း ကြာရှည်လန်းစေမယ့် ဆေးများကို ဖျော်ပြီး အသုံးပြုရန်ဖြစ်ကြောင်းပါခင်ဗျား။

*ဒေါက်တာစိန်လှဗိုလ်*

## ဒို့ ကျေး ရွာ ကာ တွန်း



# သဘာဝထန်းရည်မှ ရှာလကာရည်ထုတ်ယူခြင်း

ဒေါက်တာသဇင်ဟန်(သုတေသန)



ဓာတ်ပုံ-အင်တာနက်

ထန်းပင်သည် မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် ပေါက်ရောက်သည်။ ထန်းရွက်များအား အမိုးအကာ၊ ဖျာ၊ ခြင်းတောင်း၊ ယပ်တောင်၊ ဦးထုပ်၊ ထီးနှင့် အခြားအသုံးအဆောင်များအဖြစ် အသုံးပြုရောင်းချနေကြသည်။ ထန်းပင်အသားအား အိမ်သုံး၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပရိဘောဂအချို့နှင့် အလှဆင်ပစ္စည်းများတွင် မွမ်းမံပြုလုပ်ကြသည်။ ထန်းရည်ကိုမှ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်ခဲစသည်ဖြင့် ပြုလုပ်ကြသည်။

ထန်းသီးအဆန်ကိုလည်း စားသုံးနိုင်ရန် ရောင်းချကြသည်။ ထန်းသီးရင့်များကိုမှ ထန်းပင်အမြစ်ရအောင်ထား၍ ထန်းပင်အမြစ်အဖြစ် မီးဖုတ်စားသုံးကြသည်။ ထန်းထွက်ကုန်များအနက်မှ ဈေးကွက်တွင်ကျယ်သော ထန်းထွက်ပစ္စည်းမှာ ထန်းလျက်ခဲပင်ဖြစ်သည်။

ယခုအခါ ထန်းလျက်လုပ်ငန်း လုပ်ကိုင်သူများအတွက် ရေရှည်အဆင်ပြေစေသော ထွက်ကုန်တစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ဈေးကွက်ဝင်နိုင်သော ထန်းရှာလကာရည်ထုတ်လုပ်ပုံကို လက်တွေ့လေ့လာခဲ့ပါသည်။

ရှာလကာရည်(ဗင်နီဂါ)သည် အားပျော့အော်ဂဲနစ်အက်ဆစ်ဖြစ်ပြီး သာမန်အားဖြင့် ရေနှင့် အက်ဆစ်တစ်အက်ဆစ် ရောထားသည်။

ရှာလကာရည်(ဗင်နီဂါ)အား သက်တမ်းရင့်ဝိုင်မှ ထုတ်ယူပါက ကျန်းမာရေးအတွက် ပိုမိုအကျိုးရှိကြောင်း သိရှိရပါသည်။ အစားအစာများကို သက်တမ်းကြာရှည်စွာထားရန် ရှာလကာရည်(ဗင်နီဂါ)အား သုံးခြင်း၊ ဆီးချိုအမျိုးအစားနှစ်ခုလုံးအတွက် အသုံးပြုခြင်း၊ ခန္ဓာကိုယ်ခုခံအား တိုးတက်နိုင်သဖြင့် အရွယ်တင်နုပျိုစေနိုင်ရန် သုံးခြင်း၊ အစားအစာဓာတ်မတည့်သည့် အနေအထားများတွင်သုံးခြင်း၊ သွေးတိုး ထိန်းညှိခြင်း၊ ကင်ဆာကုထုံးနှင့် ခံတွင်းပိုးသတ်ဆေးအဖြစ် ထင်ရှားသည်။ ထို့ပြင် ရှာလကာရည်(ဗင်နီဂါ)အား ဆံပင်သန်စေရန်၊ ဦးရည်ပြား သန့်စေရန်၊ ဆံပင်ကျွတ်သက်သာစေရန်၊ အရေပြားသန့်စင်စေရန်နှင့် ခန္ဓာကိုယ်ချေးချွတ်ရာတွင် အသုံးပြုကြောင်း တွေ့ရှိနိုင်သည်။

ရှာလကာရည်(ဗင်နီဂါ) အမျိုးမျိုးအနက်မှ ထန်းရည်ရှာလကာရည် (ဗင်နီဂါ)သည် ဝါကျင်ကျင်အရောင်ရှိပြီး အနံ့မှာ စွဲမက်ဖွယ်ရှိသည်။ ထန်းရှာလကာရည်(ဗင်နီဂါ)သည် အက်ဆစ်တစ်အက်ဆစ်ပမာဏ ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်း၊ ရေနှင့် အခြားဓာတ် အနည်းငယ်ပါဝင်သော အနံ့ရှိ အရည်တစ်မျိုးဖြစ်ပါသည်။ ထုတ်လုပ်ရောင်းချပါက စီးပွားဖြစ်ထွက်ကုန်တစ်မျိုးဖြစ်နိုင်ပါသည်။

**ထန်းရှာလကာရည် ပြုလုပ်ပုံအဆင့်ဆင့်**

ပြုလုပ်ပုံအဆင့်ဆင့်မှာ ရရှိလာသော ထန်းရည်ချိုအား အဝတ်စသန့်ဖြင့် စစ်ပါ။ ထို့နောက် မီးပြင်းပြင်းဖြင့် ဆူပွက်အောင် မိနစ် ၃၀ ခန့် ကျိုပါ။ ထို့နောက် အဖုံးပိတ်ထားပြီး အအေးခံပါ။ ကျိုသောအိုးဖြင့် ဗင်နီဂါမပြုလုပ်ပါက ဗင်နီဂါပြုလုပ်မည့် ပုလင်း၊ အိုးအား သန့်ရှင်းအောင်ဆေးကြော၍ နေပူပူတွင် သုံးလေးနာရီခန့် ပိုးသန့်ရန် လှန်းရပါမည်။ နေပူမလှန်းနိုင်ပါက ၁၅ မိနစ်ခန့် မီးအပူပေး၍လည်း ရနိုင်ပါသည်။ အသုံးပြုမည့် အိုးအနေအထားပေါ်မူတည်၍ မီးအပူပေးခြင်းသည် ကြာမြင့်ချိန် ကွာခြားနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းမှာ သန့်ရှင်းစင်ကြယ်စေ၍ မလိုအပ်သောပိုးမွှားများ မပေါက်စေရန်ရည်ရွယ်ပါသည်။ သို့မှသာ ထွက်ရှိလာသော ရှာလကာရည်၏ အရည်အသွေးမြင့်မည်ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် ပေါင်မုန့်ဖုတ်သည့်တဆေးအား အလျဉ်ဖောက်ရပါသည်။ တဆေးအား ဈေးကွက်တွင်ရရှိနိုင်သော တဆေး ၁၀ ဂရမ်အား သကြား ၂၅ ဂရမ်ပါသော ရေတစ်လီတာနှင့် မွှေးမြှုပါ။ (နည်းလမ်းမှာ ရေကို ဆူပွက်အောင်တည်ပါ။ သကြားထည့်ပါ။ ခပ်နွေးနွေးအထိ အပူလျော့ကျပြီဆိုပါက Beaker yeast အားထည့်ပါ)တစ်နာရီခန့်ထားပါ။ ထည့်သောခွက်သည် ထက်ဝက်ခန့်နေရာလွတ်ရှိရပါမည်။ အမြှုပ်များ အထက်သို့တက်လာမည်ဖြစ်သောကြောင့် နေရာလွတ်ပေးထားရပါမည်။

တတိယအဆင့်အနေဖြင့် တစ်နာရီခန့် မွှေးမြှုထားသော တဆေးများအား ကျိုထားသော ထန်းရည် ၅၀ လီတာမှ ၁၀၀ လီတာထဲသို့ ထည့်ပါ။ အဝကို မီးပူကြာကြာတိုက်ထားသော အဝတ်စဖြင့်ဖုံး၍ သရေပင် ပတ်ထားပါ။ ထန်းရည်သည် အချဉ်ဖောက်မည့်အိုး၏ သုံးပုံနှစ်ပုံသာ ထည့်ရမည်။ အချဉ်ဖောက်အိုးအား အေး၍ ခြောက်သွေ့သောနေရာတွင်ထားပါ။ နောက်ရက်များတွင် အိုးအား တစ်ရက်တစ်ကြိမ်ခန့် လှုပ်ခြင်း/ မွှေပေးခြင်း ပြုလုပ်ပါ။ ထန်းရည်နှင့် Beaker yeast လှည့်လည်ထိတွေ့စေရန် ရည်ရွယ်ပါသည်။ တစ်ပတ်ခန့် ထိုကဲ့သို့ ပြုလုပ်ပေးပါ။

ဒုတိယတစ်ပတ်တွင် မလှန်းပေးပါက ရပါသည်။ ထို့နောက် အရည်သည် အယ်လ်ကိုဟောထွက်ရှိနေပြီဖြစ်ပါသည်။ နောက်ဆုံးအဆင့်အနေဖြင့် အယ်လ်ကိုဟောအရည်ကို အက်ဆစ်ထွက်စေရန် ဘက်တီးရီးယားအရည်အား အချဉ်ဖောက်သည့်အိုးထဲသို့ ထည့်ရန် လိုအပ်ပါသည်။ ထို့နောက် အိုးအဝအား အဝတ်စဖုံး၍ အေးသောနေရာတွင် နှစ်ပတ်ခန့်ထားရန် လိုအပ်ပါသည်။ နှစ်ပတ်အတွင်းအရည်အား တိုင်းတာခြင်း/မြည်းခြင်း ပြုလုပ်ကြည့်ပါ။ လိုချင်သော အချဉ်ဓာတ်ရပါက ၁၅ မိနစ် ဆူပွက်အောင်အပူပေးပါ။ သို့မဟုတ် အပူမပေးလိုပါက ရှာလကာရည် ၂၀ လီတာအတွက် ၁၀ ရာခိုင်နှုန်း ပိုတက်စီယမ်မက်တာဗိုင်ဆာလဖိုက်အရည် ၁၅ မီလီလီတာအား ထည့်ပေးပါ။ ပူနေသော ရှာလကာရည်အား ပိုးသတ်ထားသော ပုလင်းထဲသို့ ထည့်၍ ချက်ချင်းအဖုံးပိတ်ရပါမည်။ အဖုံးပိတ်အအေးခံပြီးသော ရှာလကာရည်များအား လိုအပ်သလို အသုံးပြုနိုင်ပါသည်။

*ဒေါက်တာသဇင်ဟန်(သုတေသန)*

## ဒို့ ကျေးရွာ ဟာသ



# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၂၀၀ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးရန် အစီအစဉ်ရှိ

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံး စက်ကိရိယာများ၊ လိုအပ်သည့် အရင်းအနှီးများအတွက် MEB (TWO Step Loan) ဖြင့် ငွေကျပ် ဘီလီယံ ၂၀၀ ကို ချေးငွေအဖြစ် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေထုတ်ချေးရာတွင် စိုက်ပျိုးရေး၊ အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်သည့် မျိုးစေ့၊ သန့်စင်စက်၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ အစာစပ်စာ၊ သီးနှံကြိတ်ခွဲစက်၊ ဆန်စက်၊ ဆီစက် အရည်အသွေးမြင့်ထုတ်ကုန်ထုတ်လုပ်သည့် စက်ရုံများ၊ ထုပ်ပိုးစက်၊ နှစ်တိုနှစ်လတ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ပို့ကုန်တိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ အစရှိသည့် လုပ်ငန်းများကို ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ဓာတ်ပုံ-အင်တာနက်

ချေးငွေအတွက် အတိုးနှုန်းကို တစ်နှစ်လျှင် ၉ ရာခိုင်နှုန်း သတ်မှတ်ထားပြီး သုံးနှစ်တာကာလ နှစ်တိုချေးငွေအဖြစ် ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၅၀၀ အထိလည်းကောင်း၊ ငါးနှစ်တာကာလ နှစ်ရှည်ချေးငွေအဖြစ် သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀၀ အထိ သတ်မှတ်ထားပြီး အပေါင်ပစ္စည်းနှင့် လုပ်ငန်းပေါ်မူတည်၍ ချေးငွေကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါချေးငွေဘီလီယံ ၂၀၀ အား မြန်မာ့စီးပွားရေးဘဏ်မှ အတိုးနှုန်း ၈၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ရယူ၍ အတိုးနှုန်း ၉ ရာခိုင်နှုန်းဖြင့် တောင်သူများကို တစ်ဆင့်ပြန်လည်ချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**နွေပြည့်စုံ**


ဓာတ်ပုံ-အင်တာနက်

# ဂျာမနီ၏ကူညီမှုဖြင့် မြန်မာ့ပျားရည်ကို ဥရောပသို့ တင်ပို့ရန်စီစဉ်

မြန်မာ့ပျားရည်ကို ဥရောပသမဂ္ဂ (အီးယူ)သို့တင်ပို့နိုင်ရန် ဂျာမနီ၏ အကူအညီဖြင့် နိုင်ငံခြားဓာတ်ခွဲခန်းသို့ ယူဆောင်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ ပျားရည်များကို နိုင်ငံခြားဓာတ်ခွဲခန်းသို့ ယူဆောင်စစ်ဆေးရာတွင် ကုန်ကျမည့် စျေးနှုန်းကြီးမြင့်၍ ၎င်းကုန်ကျစရိတ်အတွက် ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)က စတင်တင်ပို့သည့်နှစ်မှစပြီး ငါးနှစ်ဆက်တိုက် ကူညီပေးသွားမည်ဖြစ်သည်။ အီးယူသို့ ပျားရည်တင်ပို့ရန် ပျားမွေးမြူရေးစနစ်တစ်ခုလုံးကို ပြင်ဆင်နေရပြီး လာမည့် နှစ်နှစ်ခန့်မှစ၍ တင်ပို့ရန် ခန့်မှန်းထားသည်။ စတင်တင်ပို့နိုင်သည့်တန်ချိန်မှာ တန် ၈၀၀ နီးပါး ခန့်မှန်းထားကြောင်း ပျားမွေးမြူရေးဦးစီးဌာနမှ သိရှိရသည်။

ပျားရည်တန်ချိန် ထောင်နှင့်ချီ၍ ဓာတ်ခွဲခန်းစစ်ဆေးမည်ဆိုပါက အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထက် ကုန်ကျမှုရှိနိုင်သည်။ ဓာတ်ခွဲခန်းအနေဖြင့် ပြည်တွင်း၌ စစ်ဆေးနိုင်ပါက ပြည်တွင်းတွင်ပင် စစ်ဆေးမည်ဖြစ်ပြီး သို့မဟုတ်ပါက ဂျာမနီနိုင်ငံ ဓာတ်ခွဲခန်းများသို့ ယူဆောင်စစ်ဆေးနိုင်ရန်အတွက် ၎င်းတို့ဘက်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာ့ပျားရည်ကို အီးယူသို့ တင်ပို့နိုင်ရန် ပျားစတင်မွေးမြူချိန်မှစ၍ နောက်ဆုံးထုတ်လုပ်တင်ပို့သည်အထိ ဓာတ်ကြွင်းအာနိသင် ကင်းရှင်းစေရန် သင်တန်းများ၊ ထုတ်လုပ်သည့် နည်းပညာအကူအညီကို အီးယူက လုပ်ကိုင်ပေးလျက်ရှိကြောင်း သိရှိရသည်။

**လင်းလဲ့**

## လူထုအခြေပြု ခရီးသွားဒေသတစ်ခုဖြစ်လာတော့မည့်... မျက်နှာဖုံးမှ

ဂေါ်ရန်ဂျီကျွန်းသို့ စက်လှေဖြင့် ငါးမိနစ်ခန့်သာ သွားရကြောင်း၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေများမှတစ်ဆင့်လည်း စက်လှေများ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့်လည်း သွားရောက်နိုင်ကြောင်း သိရသည်။

**စနိုး**


ဓာတ်ပုံ-အင်တာနက်


## မြန်မာနိုင်ငံတွင် အကြီးဆုံး ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်း... မျက်နှာဖုံးမှ

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရရှိမှုမှာ တစ်နိုင်ငံလုံး အပြည့်အဝ လွှမ်းခြုံနိုင်ခြင်းမရှိဘဲ လက်ရှိတွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှုမှာ ၃၅ ရာခိုင်နှုန်းလောက်သာ ရရှိသေးသည့်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ကြီးမားလျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း အစရှိသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် များစွာအရေးပါပြီး လိုအပ်ချက်များလည်း နှစ်စဉ်မြင့်မားလာမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် လိုအပ်ချက်မှာ လောင်စာပင်ဖြစ်သည်။ လျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအား၊ လေအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့တို့သည် အဓိကစွမ်းအင်များပင်ဖြစ်သည်။ ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ရာတွင် အချိန်များစွာ စောင့်ရခြင်း၊ ကျောက်မီးသွေးဖြင့် ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိခြင်းတို့ကြောင့် အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည်မှာ သဘာဝဓာတ်ငွေ့ပင်ဖြစ်သည်။

ယခုအခါ သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Total ရေနံကုမ္ပဏီနှင့် Siemens ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတော်အတန်ဖြည့်စွမ်းပေးနိုင်တော့မည်ဖြစ်သည်။

အဆိုပါစီမံကိန်းသည် လျှပ်စစ်ဓာတ်အား ၁၂၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အကြီးဆုံးသဘာဝဓာတ်ငွေ့သုံး ဓာတ်အားထုတ်လုပ်သည့် စက်ရုံဖြစ်လာမည်ဖြစ်သည်။ ဓာတ်အားပေးစက်ရုံကို ဂျာမနီနိုင်ငံမှ လျှပ်စစ်ကုမ္ပဏီကြီးဖြစ်သည့် Siemens က တည်ဆောက်သွားမည်ဖြစ်သည်။ စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ယူနစ်ထုတ်လုပ်ကုန်ကျစရိတ်နှင့် ဓာတ်အားခလည်း များစွာ သက်သာလာမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားများကို ကန်ပေါက်မှ ရေး၊ ရေးမှ မော်လမြိုင်တို့ကိုဖြတ်ကာ ရန်ကုန်အထိ ဓာတ်အားပို့လွှတ်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။


ဓာတ်ပုံ-MOEE

မော်လမြိုင် ၂၃၀ မဂ္ဂါဝပ်(**Combined Cycle Power Plant**) ဓာတ်အားပေးစက်ရုံ

မြန်မာနိုင်ငံတွင် လက်ရှိ 230 KV ဓာတ်အားလိုင်းသည် အမြင့်ဆုံးဖြစ်ပြီး ယခုသွယ်တန်းတည်ဆောက်မည့် ဓာတ်အားလိုင်းသည် 500 KV ဖြစ်ကာ အကြမ်းဖျဉ်းအားဖြင့် ဓာတ်အားလိုင်းအရှည် ၄၅၀ ကီလိုမီတာခန့်ရှိမည်ဖြစ်ကြောင်း Siemens ကုမ္ပဏီ ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာနှင့် Mr. Peter Bruder ကြေးမုံသတင်းစာ တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြထားသည်။

အဆိုပါ မဟာဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ပြီးစီးပါက ဓာတ်အားလိုင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိ သုံးစွဲနိုင်မည်ဖြစ်သလို လူမှုစီးပွားဘဝနှင့် စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဓာတ်အားခွဲစက်ရုံကြီးကို မော်လမြိုင်မြို့တွင် တည်ဆောက်သွားမည်ဖြစ်ပြီး မော်လမြိုင်ခွဲရုံမှတစ်ဆင့် ကရင်ပြည်နယ်၊ မြဝတီမြို့အထိ ဓာတ်အားပို့လွှတ်မည်ဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အပါအဝင် ကရင်ပြည်နယ်ကြီးတစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိလာတော့မည်ဖြစ်သည်။

**မင်းသန်းနိုင်(မုဒုံ)**

ဒို့ကျေးရွာ ဂျာနယ်
အတွဲ(၁၅)၊ အမှတ်(၆)၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်

# မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး စီမံကိန်းဆောင်ရွက်


ဓာတ်ပုံ-သက်နောင်ဦး(ငါန်းဇွန်)

မန္တလေး-မြို့သာ စက်မှုဖွံ့ဖြိုးရေး ဥယျာဉ်မြို့တော်စီမံကိန်းသည် မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာဒေသတွင် တည်ရှိပြီး အပူပိုင်းဇုန်တွင်ပါဝင်၍ စိုက်ပျိုးဖြစ်ထွန်းမှုနည်းပါးသည့် ဒေသကြီးကို အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံကိန်းချမှတ်လျက် Mandalay Myotha Industrial Development Public Co.,Ltd (MMID) အများပိုင်ကုမ္ပဏီမှ Master Developer အဖြစ် အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော် တာဝန်ယူဆောင်ရွက်နေသော စီမံကိန်းကြီးတစ်ခုဖြစ်သည်။

မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိပြီး စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်လည်ပတ်နေလျက်ရှိရာ ဇရာဝတီဆီမီးခံဆိပ်ကမ်း(Domastic Port) ဖွင့်လှစ်လည်ပတ်လျက်ရှိနေပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော (Mandalay National Golf Club) နိုင်ငံတကာအဆင့်မီ ၁၈ ကျင်းပါ ဂေါက်ကွင်းနှင့် ဆောက်လုပ်ဆဲ စက်ရုံ၊ အလုပ်ရုံများလည်း ရှိနေပြီဖြစ်သည်။

"MMID အများပိုင်ကုမ္ပဏီရဲ့ စီမံကိန်း အဓိကရည်မှန်းချက်က တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှု လျော့ကျစေဖို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွက်လာပြီးတော့ အောင်မြင်စွာနဲ့ အကောင်အထည်ဖော်နိုင်ဖို့ လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု လုပ်ဆောင်ပေးနေပါတယ်။ ပြည်တွင်းပြည်ပက စက်ရုံအလုပ်ရုံတွေ လာရောက်ရင်းနှီးမြှုပ်နှံမှုနဲ့အတူ ဒေသခံပြည်သူတွေထဲက ဆိပ်ကမ်းစီမံကိန်းမှာ လုပ်သား ၄၀ ဦး၊ စက်မှုဥယျာဉ် စီမံကိန်းဆိုရင် ၁၀၀၃ ဦး၊ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းဇရိယာစီမံကိန်းဆိုရင် ၃၃၉ ဦး အားလုံးစုစုပေါင်း ၁၃၈၂ ဦး အလုပ်အကိုင် ရရှိနေကြပါပြီ။

ဒါ့အပြင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး စီမံကိန်းတစ်ရပ် ရေးဆွဲပြီးတော့ မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းအတွင်းမှာရှိတဲ့ ကျေးရွာတွေ အရောက်ကွင်းဆင်းပြီး အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ပံ့ပိုးကူညီမှု (Job Fair) ဆောင်ရွက်ပေးနေဆဲပါဘဲ။ ဒီနေ့အထိဆိုရင် ငါန်းဇွန်မြို့နယ်ထဲက လက်ပံကျင်း၊ တယ်ပင်၊ တောင်အောက်၊ သံဘို၊ ပျော်ဘွယ်၊ အနောက်တောနဲ့ တန်းချောင် ကျေးရွာ၊ မြင်းခြံမြို့နယ်ထဲကဆိုရင် ဆီမီးခုံ၊ တဲကြီး၊ ပင်လယ်၊ ငါနန်း၊ ညောင်ပင်သာနဲ့ မြစ်သာကျေးရွာတို့က (Job Fair) အနေနဲ့ အလုပ်လျှောက်ထားကြတဲ့ သူတွေရဲ့ လျှောက်လွှာစုစုပေါင်း(၆၆၀) ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ငါန်းဇွန်မြို့နယ်၊ မြင်းခြံမြို့နယ်ထဲက ကျေးရွာတွေမှာ ကွင်းဆင်းပြီး (Job Fair) ဆောင်ရွက်ပေးဦးမှာပါ။ အဲဒီလို ကွင်းဆင်းဆောင်ရွက်ပေးတဲ့အပြင် မန္တလေး-မြို့သာစက်မှုဥယျာဉ် မြို့တော်စီမံကိန်းရုံး (MIDCC) မှာလည်းပဲ အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာဌာန ဖွင့်လှစ်ပြီးတော့ အလုပ်လျှောက်လွှာတွေ လက်ခံပေးနေဦးမှာ ဖြစ်ပါတယ်။ လက်ခံရရှိတဲ့ အလုပ်လျှောက်လွှာတွေကို စီမံကိန်းအတွင်းမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ဂေါက်ကွင်း စီမံကိန်းလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီးတော့ အလုပ်အကိုင်တွေရရှိဖို့ ကူညီဆောင်ရွက်ပေးမှာပါ"ဟု ( CSR) တာဝန်ခံ ဦးမင်းလွင်ဦးက ပြောကြား၍ သိရသည်။

***သက်နောင်ဦး(ငါန်းဇွန်)***

# သီလဝါတွင် ပြည်တွင်း၌လိုအပ်သော ထုတ်ကုန်ထုတ်လုပ်မည့် စက်ရုံထက်ဝက်ကျော်ရှိနေ


ဓာတ်ပုံ-အင်တာနက်

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားသော ပြည်တွင်ပြည်ပကုမ္ပဏီများ၏ စက်ရုံထက်ဝက်ကျော်သည် ပြည်တွင်းဈေးကွက်အတွက် လိုအပ်သော ထုတ်ကုန်ထုတ်လုပ်မည့် စက်ရုံများဖြစ်ကြောင်း သိရသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများက အကောင်အထည်ဖော်သော စက်ရုံပေါင်း ၉၀ ကျော်ရှိနေသည်။ ယင်းစက်ရုံများထဲမှ ပြည်တွင်းဈေးကွက်တွင် လိုအပ်သည့် ထုတ်ကုန်များထုတ်လုပ်မည့် စက်ရုံ ၅၀ ကျော်ရှိကြောင်း အဆိုပါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ယခုလတ်တလောအနေဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံများမှာ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ကြမ်းထုတ်စက်ရုံများ၊ အစားအစာနှင့် ဆေးဝါးထုတ်စက်ရုံများ၊ အထည်ချုပ်စက်ရုံများ၊ ကုန်ပစ္စည်းထုပ်ပိုးသည့် စက်ရုံများ၊ ကားအပိုပစ္စည်း ထုတ်လုပ်သည့် စက်ရုံများနှင့် အခြားစက်ရုံများ ပါဝင်သည်။ လာရောက် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများတွင် ဂျပန်ကုမ္ပဏီအများဆုံးဖြစ်သည်။ လက်ရှိ စက်ရုံများမှ လုပ်ငန်းလည်ပတ်နေသည့် စက်ရုံပေါင်း ၄၀ ကျော်ရှိပြီး ဆောက်လုပ်ဆဲ စက်ရုံပေါင်း ၇၀ ကျော်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန် တစ်ခုလုံးပြီးစီးပါက ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့် ဝင်ရောက်နိုင်မည်ဖြစ်ပြီး အလုပ်ပေးနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သန်းခွဲကျော်ရှိမည်ဖြစ်ကြောင်း စစ်တမ်းများအရ သိရသည်။

***ညီညီ***

### အင်းဝဒေသရှိ လမ်းများ... မျက်နှာဖုံးမှ

စက်ဘီးဖြင့် လည်ပတ်သူများမှာ စက်ဘီးများကို စက်လှေပေါ်တင်ကာ အိုးတုတ္တန်းကူးတို့ဆိပ်မှတစ်ဆင့် အင်းဝသို့ လည်ပတ်လေ့ရှိသည်။ အင်းဝကို သတိုးမင်းဖျားမှ သက္ကရာဇ် ၇၂၆တွင် စတင်တည်ခဲ့ကာ မင်းဆက် ၃၁ ဖြင့် သက်တမ်း ၄၀၀ ခန့်ကြာမြင့်အောင် မြို့နန်းတည်ကာ ထီးနန်းစိုးစံခဲ့သည့် နေရာဖြစ်သည့်အားလျော်စွာ လေ့လာစရာစေတီများစွာဖြင့် ပြည့်လျက်ရှိသည်။ ခေတ်လေးခေတ် အဖြစ် ပိုင်းခြားတည်ရှိခဲ့ပြီး စာဆိုရှင် အကျော်အမော်များစွာ ထွက်ပေါ်ရာ ဒေသပင်ဖြစ်ပြီး လေ့လာစရာများစွာနှင့် ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများစွာ တည်ရှိသည်။ လက်ရှိကာလ အင်းဝဒေသ လမ်းများ ကောင်းမွန်လာသည့်အတွက် နိုင်ငံတကာခရီးသွားများ စက်ဘီးဖြင့် လည်ပတ်မှု ပိုများလာကြောင်းသိရသည်။

***နွေနဒီ (မြစ်ငယ်)***

### ဒို့ကျေးရွာကာတွန်း




# တစ်မိုက်သာကျေးရွာ၏ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် တစ်မိုက်သာကျေးရွာသည် ရှေးယခင်ကာလမှ လက်ရှိအချိန်ထိ ဆန်ကော၊ ဆန်ခါ၊ တင်းတောင်းရက်လုပ်ခြင်းလုပ်ငန်းကို တောင်သူလုပ်ငန်းနှင့် တွဲဖက်၍ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ ဆန်ကော၊ ဆန်ခါနှင့် တင်းတောင်းရက်လုပ်ရာတွင် ဝါးနှင့် ကြိမ်ကို အဓိကထား အသုံးပြုရသည့်အတွက် ဝါးတစ်လုံးလျှင် ငွေကျပ် ၇၀၀ ဖြင့် ဝယ်ယူရသည်။ ကြိမ်ကို မန္တလေးမြို့မှ ဝယ်ယူပြီး ကြိမ်တစ်လုံးလျှင် ငွေကျပ် ၁၃၀ မှ ၁၅၀ အထိ ပေးဝယ်ရကြောင်း၊ ဝါးတစ်လုံးလျှင် ဆန်ကောသုံးချပ်ထွက်ရှိကြောင်း၊ တစ်နေ့လျှင် ဆန်ကောငါးချပ်အထိ ရက်လုပ်နိုင်ကာ လူတစ်ဦး၏ဝင်ငွေအနေဖြင့် ရက်လုပ်ခ ငွေကျပ် ၃၀၀၀ ထိရရှိသည်။

လက်ရှိအချိန်တွင် ကောက်ပဲသီးနှံပေါ်ချိန်ဖြစ်သည့်အတွက် ပဲချဆန်ခါမျိုးစုံကို တွင်ကျယ်စွာ ရက်လုပ်ပေးနေရကြောင်း၊ တစ်မိုက်သာကျေးရွာထွက် ဆန်ကော၊ ဆန်ခါနှင့် တင်းတောင်းသည် သပ်ရပ်ခိုင်မာမှုကြောင့် ဈေးကွက်တွင် ရောင်းအားသွက်လျက်ရှိပြီး မြန်မာပြည်အလယ်ပိုင်း မြို့ကြီးများနှင့် ဘုရားပွဲတော်ဈေးများသို့လည်း တင်ပို့ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

***ကျော်မျိုးနိုင်(တောင်သာ)***


ဓာတ်ပုံ-ကျော်မျိုးနိုင်(တောင်သာ)

# အတွေ့အကြုံသစ်နှင့် အရင်းအနှီး

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)

ကျွန်မတို့ငယ်စဉ်က မိဘရဲ့စည်းကမ်း တင်းကျပ်မှုကြောင့် လူမှုဆက်ဆံရေးပတ်ဝန်းကျင်မှာ အလွန်ကျဉ်းမြောင်းခဲ့ပါတယ်။ ကျွန်မတို့မိဘက သူတို့လည်း သိပ်အလုပ်လုပ်ပါတယ်။ အားလပ်တဲ့အချိန်မှာလည်း စာအုပ်ကိုယ်စီနဲ့ စာဖတ်ချင်ဖတ်၊ အတွေ့အကြုံတွေနဲ့ပတ်သက်လို့ စကားပြောချင်ပြောနဲ့ အိမ်မှာပဲနေပြီး ပျော်မွေ့နေကြသူများဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့လည်း အိမ်လည်သွားချင်တဲ့စိတ် မပေါ်ရဲတော့ဘူးပေါ့။


ဓာတ်ပုံ-အင်တာနက်

**ဘဝမှာ မြင်တဲ့အမြင်ဟာ အရေးကြီးပါတယ်။ တချို့က တကယ်ကြမ်းတမ်းပါတယ်။ ဒါပေမယ့် ဘဝဆိုတာရလာပြီးမှတော့ အဲဒီခရီးကြမ်းကို သတ္တိမွေးပြီး ဆက်လျှောက်ရတော့မှာပေါ့လေ။**

တစ်ဖက်က ကောင်းတယ်လို့ ပြောရင်ရနိုင်ပေမယ့် တစ်ဖက်ကတော့ လူအများနဲ့ ဆက်ဆံတဲ့အခါမှာ မဝံ့မရဲဖြစ်လာတာ၊ အလုပ်အားရက်ဆိုရင် အပြင်ကို ထွက်သင့်ရက်နဲ့ မထွက်ချင်တော့တာ၊ မထွက်ဖြစ်တော့တာ စတဲ့ အနေအထားကို ရောက်လာခဲ့ပါတယ်။

လူတွေနဲ့ ကင်းကွာတာများတော့ ကြားသင့်တဲ့စကား မကြားရ၊ သိသင့်တဲ့အကြောင်းမသိရနဲ့ အတော်လေးကို လူရည်လူစတုံးသလို ဖြစ်သွားပါတယ်။

ကိုယ့်ကိုယ်ကိုသာ မသိတာ။ အဲဒီလို အနေအထားက သိပ်ကောင်းတာမဟုတ်ပါဘူး။ ကျွန်မတို့ဒေါ်ကြီးတစ်ယောက်ဆိုရင် အပျိုကြီးကလည်းဖြစ်ပြန်၊ လူတောထဲမထွက်ဘဲလည်း အနေများပြန်ဆိုတော့ လူတောထဲကို သွားရမှာ ရက်စရာကိစ္စကြီးတစ်ခုလိုဖြစ်ပြီး အိမ်မှာသာ ကျောက်ချပြီးသေတဲ့အထိ နေသွားပါတယ်။

ကျွန်မက ကံကောင်းနေသေးတော့ အလုပ်လက်ရှိဖြစ်နေပါတယ်။ ပြီးတော့ လုပ်ဖော်ကိုင်ဖက်တွေ၊ ကျောင်းသားတွေ အများကြီးကြားမှာ နေနေရတာဆိုတော့ သိပ်မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အိမ်ထဲကအိမ်ပြင်ကို မထွက်ရတဲ့သူနဲ့စာရင်တော့ ဗဟုသုတအတော်ကလေးများတဲ့ အနေအထားမှာ ရောက်နေပါတယ်။ ဒါပေမယ့် အလုပ်သဘောလောက်နဲ့ ဆက်ဆံလို့ကတော့ သိသင့်သိထိုက်တာတွေကို မသိနိုင်သေးပါဘူး။ အဲသည်လိုနဲ့ လူ့လောကကို မသိတသိအနေအထားနဲ့ ကျွန်မလူလုပ်လာတာ ကြာတောင်မှ ကြာခဲ့ပါပြီ။

အဲသည်လိုနေရင်းက အခုတလော လူတောတိုးမိလာပါတယ်။ တစ်နည်းပြောရရင် လူတွေက ကိုယ့်ကိုလာတိုးတာလို့ ပြောနိုင်ပါတယ်။ ကျွန်မက ကိုယ်တိုင်သာ လူတောမတိုးတာ၊ လူတွေကို မုန်းမှ မမုန်းဘဲကိုး။ အဲဒီတော့ ကိုယ့်ဆီကို ဆက်စပ်ပတ်သက်ပြီး ရောက်လာတဲ့သူဆိုရင် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံစမြဲပါ။ အဲဒီတော့ သူတို့ဆီက အတွေ့အကြုံဆိုင်ရာ စကားအမျိုးမျိုးကို ကြားရတာပါပဲ။ လောကဓံအမျိုးမျိုးအကြောင်းကို ကြားရတဲ့အခါတိုင်းမှာ ကျွန်မမှာ ခံရတဲ့သူတွေအတွက် စိတ်မသက်မသာဖြစ်ရပါတယ်။ ဒါပေမယ့် သူတို့ပြန်သွားတဲ့အခါမှာ တော်သေးရဲ့၊ ငါ့မှာ ဒါမျိုးနဲ့ မကြုံပေလို့ဆိုတဲ့ အတွေးဝင်ပြီး ကိုယ့်ဘဝကို ကျေနပ်သွားမိတာကတော့ အမှန်ပါပဲ။

မနေ့တစ်နေ့က ကျွန်မဆီကို ခင်မင်ရင်းနှီးတဲ့ ညီမလေးတစ်ယောက်အလည် ရောက်လာပါတယ်။ သူနဲ့ တွေ့ရာလေးပါး စကားတွေပြောရင်း ကျွန်မကြိုးစားပြီး ရေးနေတဲ့ ““လူငယ်များနှင့် စကားပြောခြင်း””ဆိုတဲ့ စာအုပ်အကြောင်းကို ရောက်သွားပါတယ်။

ကျွန်မက လူငယ်တွေနဲ့ စကားပြောကြည့်လိုက်တော့မှ လူငယ်တွေဖြတ်သန်းလာရတဲ့၊ ဖြတ်သန်းနေဆဲဖြစ်တဲ့ ဘဝတွေအကြောင်းကို အများကြီးသိလိုက်ရပါတယ်။ ပြီးတော့ လူငယ်တွေ သူတို့ကိုယ်သူတို့ တိုးတက်အောင် ကြိုးစားနေကြတာ အားရစရာကြီးပဲဆိုတဲ့ အကြောင်းများကို ပြောပြမိပါတယ်။

အဲဒီတော့ ညီမလေးက-

““မမရယ်၊ မမကို ညီမလေးရဲ့ အဖြစ်ကို ပြောပြချင်ပါတယ်။ ဒါမှ လူတွေရဲ့ ဘဝမျိုးကို မမသိနိုင်မှာ”” ဆိုပြီးတော့ ပြောပြတော့တာပါပဲ။

““အဲဒီတုန်းက ညီမက ၆ နှစ်သမီးလောက်သာရှိသေးတာ မမရဲ့။ ညီမတို့က ရှမ်းတွေ။ ညီမတို့ဖေဖေက လူဝင်မှုကြီးကြပ်ရေးအရာရှိပါ။ အဲဒီတုန်းက နယ်စပ်အခြေအနေတွေ သိပ်ဆိုးပါတယ်။ တစ်နေ့တော့ နယ်စပ်ကပြန်ပြီး ဆုတ်ခဲ့ကြလို့ အထက်က အမိန့်လာပါတယ်။

ညီမတို့ မိသားစုအပါအဝင် လူတော်တော်များများဟာ ထရပ်ကားကြီးတွေနဲ့ ပြန်လာကြတာပေါ့ မမရယ်။ ဟိုတုန်းက ကားလမ်းတွေကလည်း ဆိုး၊ လူတွေ ပစ္စည်းတွေကလည်း များနဲ့ဆိုတော့ ခရီးသွားရတာ မတွင်ဘူးပေါ့။

အဲဒီလိုနဲ့ တအိအိနဲ့ သွားနေကြတုန်း လမ်းမှာ တိုက်ပွဲဖြစ်ပါလေရော။ ညီမတို့ဘက်က အရေးနိမ့်တယ်ဆိုတာကလည်း မဆန်းပါဘူး။ အင်အားက သိပ်နည်းတာကိုး။ တိုက်ပွဲအတွင်းမှာ ညီမတို့ မေမေ့ရင်ခွင်တွင်းက ကလေးရဲ့ ခေါင်းကို ကျည်ဆန်မှန်ပြီး ဆုံးပါတယ်။ ကျည်ဆန်က မေမေ့လက်မှာ လာစိုက်နေပါတယ်။

ညီမအောက်က ညီမလေးရဲ့ လက်ချောင်းကလေးတွေလည်း ကျည်ဆန်ထိပါတယ်။ ကျန်တဲ့ ညီမလေးတစ်ယောက်နဲ့ ညီမကတော့ ဘယ်မှာမှ မထိဘူးပေါ့။ ညီမတို့ဖေဖေကလည်း ကျည်ထိပြီးလဲလို့ မမရယ်၊ တကယ့်ငရဲပါပဲ””

အသက်လေးဆယ်ကျော်အရွယ်ရောက်လာပြီဖြစ်လို့ ငရဲတမျှ ခံစားခဲ့ရတဲ့ အခြေအနေတွေကို ခပ်အေးအေးခပ်မှန်မှန်လေသံနဲ့ ပြောနိုင်ပြီဖြစ်ပေမယ့် သူ့အသံကလေးကတော့ ခပ်တုန်တုန်ပါပဲ။ ကျွန်မမှာလည်း သူပြောတဲ့ အခြေအနေတွေကို ပြန်မြင်ပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ပြီး ““ဟယ်ဖြစ်ရလေ၊ သြော်ဖြစ်ရလေ””နဲ့ အတော်ကြီး စိတ်မကောင်းဖြစ်ရပါတယ်။ ညီမလေးကတော့ ခပ်အေးအေးပဲ ဆက်ပြောပါတယ်။

““ညီမတို့ကားလည်း ရပ်ထားရတာပေါ့။ အဲဒီတုန်းမှာ ရန်သူတွေက ကားကို လာဝိုင်းတော့တာပါပဲ။ သေနတ်တွေနဲ့ချိန်လို့ အသက်ရှင်လျက်ကျန်နေတဲ့ ယောကျ်ားဆိုလို့ ညီမတို့ဦးလေးတစ်ယောက်သာ ကျန်ခဲ့တာကိုး။ သူ့ကိုပါ သတ်ပါမယ် လုပ်နေလို့ မိန်းမတွေအားလုံးက ရှိခိုးတောင်းပန်ကြ၊ ငိုကြရနဲ့ပေါ့။ နောက်တော့ မသတ်ဖြစ်ပါဘူး။

ယောကျ်ားတွေရဲ့ အလောင်းတွေကို ကားပေါ်က ဆွဲချကြတော့ မမရေ၊ ညီမတို့ဖေဖေက မသေသေးဘူး၊ လှုပ်လာသေးတယ်။ ညည်းတယ်မမရယ်။ အဲဒီတုန်းက ရန်သူတစ်ယောက်က ခါးကသေနတ်ကို ဖြုတ်ပြီး ဖေဖေ့ကို ညီမတို့ရှေ့မှာတင် ပစ်သတ်လိုက်ကြတာပါပဲ။

မေမေလေ သိပ်သနားစရာကောင်းတာပဲ မမရယ်။ နို့စို့ကလေးရော၊ ကိုယ့်ယောကျ်ားရော မျက်စိရှေ့တင် မရှုမလှ ဆုံးကြတာကို မြင်လိုက်ရတဲ့အပြင် မောင်ဖြစ်သူပါ သေတော့မလားလို့ လန့်ကြရသေးတယ်။ သူကိုယ်တိုင်မှာလည်း ဒဏ်ရာကြီးနဲ့၊ ပြီးတော့ ရန်သူတွေက သူတို့စခန်းကို ဖမ်းခေါ်သွားတော့ ခြေကျင်လျှောက်ရတာ မမရဲ့။ ညီမတို့ဦးလေးက မေမေ့ကို ထမ်းပြီးခေါ်သွားလို့ တော်သေးတာပေါ့။

ရန်သူ့စခန်းကို ရောက်တော့ မေမေ့လက်မှာ စိုက်နေတဲ့ ကျည်ဆန်ကို ထုတ်ပေးပါတယ်။ ပြီးတော့ ညီမလေးလက်မှာရတဲ့ ဒဏ်ရာကို ကုပေးပါတယ်။ ရန်သူ့စခန်းမှာ ဘယ်လောက်ကြာသလဲတော့ မသိတော့ပါဘူး။ နေခဲ့ရပါတယ်။ ရန်သူ့လက်ထဲမှာလည်း ရန်သူတွေက သွားနေခိုင်းတဲ့ ချောက်ကြီးထဲမှာနေပြီး သူတို့ကျွေးတဲ့ ဆန်ပြုတ်မဝတဝကို စားခဲ့ရတာ သတိရနေပါသေးတယ်။

နောက်တော့ ညီမတို့ကို အစိုးရတပ်တွေက လာပြီး ကယ်ပါတယ်။ မမရယ် ညီမဖြင့် ကိုယ့်ရှေ့မှာတင် ကိုယ့်ဖေဖေ ပစ်သတ်ခံရတာကို တွေးမိတိုင်း အလွန်စိတ်ဆင်းရဲပါတယ်။ ညညဆိုရင် အဲဒီအဖြစ်ဆိုးကို အိပ်မက်ပြန်မက်ပြီး လန့်လန့်နိုးပါတယ်။ အိပ်မက်မက်နေတုန်းလည်း စိတ်က မချမ်းသာပါဘူး။ လန့်နိုးတော့လည်း အဲဒီအကြောင်းကို ဆက်ပြီး စဉ်းစားမိတာနဲ့ စိတ်တွေဆင်းရဲနေရော မမရဲ့။

မေမေက အတော်လေးကြာတော့ နောက်အိမ်ထောင်ပြုပါတယ်။ ညီမတို့အပေါ်မှာ မေမေ့နောက်အိမ်ထောင်က သားသမီးအရင်းတွေလို ဂရုစိုက်ပါတယ်။ ဒါပေမယ့် မမရယ်၊ ကိုယ့်အဖေအရင်းမှ မဟုတ်တာ၊ ဆိုးချင်နွဲ့ချင်လို့မှလည်း မတင့်တယ်နဲ့ အနေအထိုင်ကျုံ့တာပေါ့””

ကျွန်မဟာ ညီမလေးရဲ့ စကားကို နားထောင်ရင်းတောင်မှ အတော်စိတ်ဆင်းရဲပါတယ်။ သူ့ခမျာ ဘယ်လောက်ကိုယ်ဆင်းရဲ စိတ်ဆင်းရဲရှိခဲ့လေမလဲ။ ခန့်မှန်းလို့မရအောင်ပါပဲ။ ချောချောလှလှနဲ့ အသက်အရွယ်ထက်များစွာ ပိုနုပျိုတဲ့ သူ့ရုပ်သွင်ကို ငေးကြည့်ရင်း တစ်ဖက်က သူ့အတွက် စိတ်မကောင်းဖြစ်မိသလို တစ်ဖက်ကလည်း သူ့ကိုရော၊ သူ့မေမေကိုရော အံ့သြချီးကျူးတဲ့စိတ်တွေ ဖြစ်ပေါ်မိပါတယ်။

ဘာကြောင့်လဲဆိုတော့ ဆောက်တည်နိုင်ကြလွန်းလို့ ဖြစ်ပါတယ်။ တစ်နည်းဆိုရင် သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးက အားကောင်းလွန်းလို့ ဒီလိုအခြေအနေဆိုးကို ကျော်ဖြတ်ပြီး ဘဝရဲ့အနှစ်ကို ရှာနိုင်ဖို့ ကြိုးစားနိုင်တာပါပဲ။ ဘဝတန်ဖိုးကို မြင့်မားအောင် ကြိုးစားနိုင်တာပါပဲ။

တချို့ဆိုရင် ကိုယ်ရည်ကိုယ်သွေးညံ့တဲ့အတွက် မဆောက်တည်နိုင်အောင် စိတ်လွတ်သွားတာမျိုးနဲ့ ကြုံရတတ်ပါတယ်။ ကျွန်မက ညီမလေးကို ကြည့်ပြီး အင်းတောင်မှ မလိုက်နိုင်အောင် စိတ်မကောင်းကြီးစွာ ဖြစ်နေပေမယ့် သူက သူ့ကိုသနားအောင် ဒီအကြောင်းပြောပြနေတာလည်း မဟုတ်ပါဘူး။ သူဟာ ကျွန်မပြောသလို တချို့လူငယ်တွေရဲ့ ဘဝအစပိုင်းကြမ်းတမ်းတာကို ထောက်ခံပြောဆိုနေတာပါပဲ။

ကျွန်မဟာ ညီမလေးရဲ့ စကားတွေကို နားထောင်ရင်း ကျွန်မနဲ့ စကားပြောခဲ့တဲ့ လူငယ်တစ်ယောက်အကြောင်းကို သတိရလိုက်မိပါတယ်။ အဲဒီလူငယ်ဟာ ကျွန်မနဲ့စကားပြောတဲ့အချိန်မှာတော့ အဆင်ပြေပြေပါပဲ။ ဒါပေမယ့် သူ့ပတ်ဝန်းကျင်က လူတွေ၊ မိသားစုနဲ့ ဆွေမျိုးတွေရဲ့ ရှေ့မှာဆိုရင် ဘဝဟာ ကြမ်းတမ်းလိုက်တာဆိုပြီး ညည်းတတ်ပါသတဲ့။ ဘာကြောင့်လဲဆိုတော့ သူတစ်ယောက်တည်းနေဖို့ အိမ်တစ်လုံးမထားနိုင်ဘဲ ရှိတဲ့တိုက်ကို တစ်လနှစ်သောင်းနဲ့ ငှားထားရလို့ ဖြစ်ပါသတဲ့။ သူ့ခံစားချက်တွေက ပြောရရင် စိတ်ညစ်တမ်းကစားသလိုမျိုးဖြစ်နေလို့ မပြောတော့ပါဘူး။ တစ်ခုပဲ ပြောချင်ပါတယ်။ ဘဝမှာ မြင်တဲ့အမြင်ဟာ အရေးကြီးပါတယ်။ တချို့က တကယ်ကြမ်းတမ်းပါတယ်။ ဒါပေမယ့် ဘဝဆိုတာရလာပြီးမှတော့ အဲဒီခရီးကြမ်းကို သတ္တိမွေးပြီး ဆက်လျှောက်ရတော့မှာပေါ့လေ။

ကျွန်မမှာလည်း အိမ်တင်နေရင်း အတွေ့အကြုံသစ်တွေ ရလာပါတယ်။ စာရေးတဲ့ နေရာမှာရော ကိုယ့်ဘဝရဲ့ အဓိပ္ပာယ်ကို ကိုယ်ရှာတဲ့အခါမှာရော ပိုပြီးမှန်ကန်လာအောင် ဖြောင့်မတ်လာအောင်ထားရမယ့် သဘောထားများအတွက်

*စာမျက်နှာ ၁၃ သို့*

# ကျေးလက်နှင့် မြို့ပြလူမှုဝန်းကျင် နည်းမှီစံထား ထန်းစကား

ညွန့်ဟံ(ကြူတော)



ဓာတ်ပုံ-အင်တာနက်

စာရေးသူတို့ဝန်းကျင် နံနက်တိုင်း ဆုံစည်းမိသော လက်ဖက်ရည်ဝိုင်းတွင် အထက်နှင့်အောက် အညာနှင့်အကြေ ဒေသစုံမှ စာပေပန်းချီ ဂီတအနုပညာများ စုံလင်သလောက် ထွေပြားသော စကားအလင်္ကာတွေ ကြားရတတ်သည်။ မတူကွဲပြားသော ဒေသိယစကား ရပ်ဓလေ့ ရွာဓလေ့၊ စားဓလေ့ သောက်ဓလေ့ လူမှုဓလေ့တွေစုံလင်၏။ အသိခြင်းဖလှယ်ခွင့်ရသည်။ ကြွယ်ဝသော လူမှုပတ်ဝန်းကျင်မှ စာပေအရာဝင်သော ဆိုရိုးအသွင် ထင်ပေါ်သည့် စကားများစွာ တွေ့ရ၏။ နှစ်သက်ဖွယ်ကောင်းသကဲ့သို့ စိတ်ဝင်စားဖွယ်လည်းဖြစ်၏။ စူးစမ်းစရာ မှတ်တမ်းတင်ချင်စရာတွေလည်းပါ၏။ သုတေသနလုပ်ငန်းဖြင့် ကွယ်ဝှက်နေသော ဒေသိယစကားများ ဖော်ထုတ်သင့်သည်များကိုပါ သတိပြုသင့်ပေသည်။ သာမာန်အားဖြင့် ရိုးစင်းလှသော ဝန်းကျင်အမြင်ဟု ဆိုရသော်လည်း ဘဝပေးအသိတွေ သင်ခန်းစာတွေ ပြယုဂ်ကောင်းတွေ ဖြစ်နေသည်ကို နားလည်ရပါ၏။ စာပေလူမှုဆိုင်ရာ အငြိမ်းစားတို့ စကားဝိုင်းလို့ပြောလိုက ပြောနိုင်၏။

ဆရာအတတ်သင်ကျောင်း ပန်းချီနည်းပြ၊ ဘုတလင်က အငြိမ်းစားဆရာက ပြောလေသည်။ အခုလို ဆောင်းရာသီ ထန်းမြစ်မီးဖုတ်စားရသည့် ဓလေ့ကို သတိရကြောင်းဖြစ်၏။ ထန်းမြစ်ဟုဆိုသော်လည်း ထန်းပင်၏ အမြစ်မဟုတ်ဘဲ ထန်းသီးအရင့်ကို နှစ်စဉ်ပျိုးထောင်သည့် ရာသီသီးနှံဖြစ်ကြောင်း ရှင်းပြသေးသည်။ ကျွန်တော်တို့က ဒေသအနှံ့တွေ့ရသော ထန်းပင်သည် နှစ်ရှည်ပင်အဖြစ် နားလည်ထားကြသော်လည်း ကာလတိုထန်းမြစ်အကြောင်းကို မသိခဲ့။ ဒေသထွက်ကုန်လည်းဖြစ်နေသည်။ အမှတ်ရမိသည်က တန့်ဆည်မြို့တွင် စာပေဟောပြောပြီး အပြန်ခရီး၌ ဘုတလင်မြို့နယ်ရှိ သဲချောင်းကလေးရှိသော ရွာကလေးတွင် ထန်းမြစ်တွေ ဒုနှင့်ဒေးပေါများစွာ တွေ့ခဲ့ရခြင်းဖြစ်လေသည်။

ထန်းမြစ်အကြောင်းက စိတ်ဝင်စားဖွယ်ဖြစ်၏။ စာရေးသူတို့ လယ်ကွင်းထဲနှင့် ကန်ပေါင်တွင် ထန်းပင်တစ်ပင်ရှိ၏။ တစ်ချိန်က ရွာမှကြည့်ပါက ထင်ရှားစွာ တွေ့ရသည်။ ယခုတော့ ခြံဝန်းတွေကြောင့် မြင့်မားသော ထန်းပင်ကိုပင် ကောင်းစွာမမြင်ရတော့။ ယင်းထန်းပင်သည် သက်တမ်းနှစ်တစ်ရာနီးပါးရှိပြီဟု ခန့်မှန်းရသည်။ ထန်းပင်ကရသော ထန်းသီး၊ ထန်းရွက်၊ ထန်းအခက်အလက်များ အသုံးချခွင့်ရခဲ့သည်။ ပင်ရင်းက ထန်းမြစ်စားသုံး၍ မရမှန်းတော့ ကလေးဘဝကပင် သိရ၏။ ယခုတော့ ရှင်းလင်းပေပြီ။ သက်တမ်းရှည် အပင်မျိုးဖြစ်လေရာ ဆိုရိုးစကားတစ်ခုကို စွဲမှတ်ခဲ့ရသည်။

ယောက်ျားကား ထန်း မိန်းမကား နှမ်းဟူ၍ ဖြစ်၏။ လူ့သဘာဝပင်ဖြစ်၏။ ထန်းနှင့်နှမ်း နမူနာဖြစ်လေသည်။

နှမ်းပင်သည် စိုက်ပျိုးရာ၌ ကြီးထွားမှုမြန်သည်။ အရွယ်ရောက်လွယ်၏။ ထို့ပြင် ကာလတိုသာ သက်တမ်းရှိ၏။ ကာလရှည်ကြီးထွားခွင့်မရှိ။ ထန်းပင်ကား စိုက်ပျိုးပြီး ကြီးထွားဖို့ ခက်ခဲ၏။ သို့သော် ပင်ပျိုအဖြစ် တာရှည်ခံ၏။ ယောက်ျားမိန်းမခန္ဓာကိုယ်ဖွဲ့စည်းမှု ခန္ဓာဗေဒသဘောကို နမူနာပြခြင်း ဖြစ်ပါ၏။

မြန်မာနှင့် ထန်းကား မကင်းမကွာဖြစ်သည်။ အသုံးချကြသည်။ စားသုံးကုန် ထန်းရည်၊ ထန်းလျက်၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ လက်မှုအနုပညာစသည်ဖြင့် တွင်ကျယ်စွာ အသုံးချကြသည်။ ဈေးကွက်ဝင်လုပ်ငန်းတွေ အင်အားကောင်းသည်ဟု ဆိုနိုင်သည်။ ရေရှည်လုပ်ငန်းဖြစ်လေသည်။ ကျေးလက်အနုပညာ တစ်ပိုင်းတစ်စအဖြစ် ဂုဏ်ယူစရာလည်း ရှိနေပြန်သေးသည်။

သို့ဖြစ်လေရာ ထန်းအကြောင်းသည် စာပေ၊ ဂီတ၊ ဂန္ထဝင်အရာ ထင်ဟပ်လာ၏။ အနီးစပ်ဆုံးတင်ပြရပါက နန်းတော်ရှေ့ဆရာတင်၏ စုံတောမြိုင်သီချင်း၌ ထန်းတစ်ပင်နှစ်ပင်အကြောင်း ပါဝင်အောင် ရေးဖွဲ့ထားသည်။ ထို့အတူ နာမည်ကျော်အဆိုတော်ကြီး ဒေါ်ကြည်အောင်နှင့် လေဘာတီမမြရင်တို့အတွက် ရေးဖွဲ့ပေးသည့် ဇာတိနွယ် (လက်ရည်တစ်ပြင်တည်း) သီချင်းတွင် ထန်းပင်ထန်းရွက်တွေ ညီညာစွာ လှပဝေဆာသည့် ကျေးရွာအဖြစ် သရုပ်ဖော်၏။ ဂန္ထဝင်သီချင်းများအဖြစ် ကျော်ကြားကာ လက်ဆင့်ကမ်းသီဆိုသည့် ထန်းအကြောင်း ပါဝင်သည့် လက်ရာဟု ပြောနိုင်လေသည်။

အထူးသဖြင့် စာပေရော ဂီတမှာပါ ထင်ရှားသည့် ညောင်ရမ်းခေတ်စာဆိုဝန်ကြီးပဒေသရာဇာ၏ ထန်းသမားဘွဲ့တျာချင်းဖြစ်လေသည်။ ဆရာဇော်ဂျီက ယင်းတျာချင်းများကို ရှေးကမြန်မာစာပေသစ်ဟု ကင်ပွန်းတပ်သည်။ ပဒေသရာဇ်ခေတ်တွင် ဘုန်းတော်ဘွဲ့တွေ၊ အလှဘွဲ့တွေစပ်ဆိုချိန်၌ ဝန်ကြီးပဒေသရာဇာသည် လက်သမားဘွဲ့၊ အလုပ်သမားဘွဲ့၊ လှေသမားဘွဲ့များ ရေးသား၏။ ၄င်းတို့ကို စာနာစိတ်ဖြင့် ဘဝသရုပ်ဖော်၏။ စားဓလေ့ သောက်ဓလေ့ပီပြင်စေ၏။ ထန်းသမားတို့၏ဘဝကို နွေဦးကာလမြူထသောအခါ အစချီရေးဖွဲ့ရာ၌ ထင်ရှား၏။ ယခုအခါ ဂီတလောက၌ အတော်ပင် ထင်ရှား၏။ ဂန္ထဝင်ထန်းဟုပြောလိုသည်။ ဝင့်ကြွားစရာ နှစ်ရှည်ပင်ဖြစ်၏။

နှစ်ရှည်ပင်မြင့်မြင့် အဖျားဘက်၌ ထန်းသီးထန်းခိုင် အရွက်ဝေဝေဆာဆာရှိသော အပင်နှင့်စပ်လျဉ်းသော ဆိုရိုးစကားများသည် ကျေးလက်ဒေသစံပြုစရာဖြစ်ကြ၏။ အတွေးအခေါ်ပါ၏။ သင်ခန်းစာပေးပြီး ဆင်ခြင်စရာရှိလာသည်။ မှတ်သားလိုက်နာမှုအတွက် မြန်မာကြီးများ၏ နှုတ်ဆင့်ကမ်းစကားအသွင် တွင်ကျယ်ရစ်ကြပေသည်။ အလောင်းမင်းတရားလက်ထက်က ထန်းလုံးတပ်အသွင်ကာကွယ်ရေးပစ္စည်းအဖြစ် အသုံးတွင်ပေရာ သဘာဝကပေးသော လက်ဆောင်ကောင်း လူတို့ကဖန်တီးသော စိုက်ပျိုးပင်ဟု ကင်ပွန်းတပ်လိုပါ၏။

အထက်အညာဒေသတွင် ထန်းပင်များစွာရှိလေရာ ထန်းလုပ်သားတို့၏ မှီခိုရာကျေးဇူးရှင် ဖြစ်ပေ၏။ ထန်းသမားစားဖို့ ထန်းနို့က ယိုသည်ဟုပြောဆိုခြင်းက ထန်းပင်ကြောင့် အလုပ်နှင့် စီးပွားတွင်ကျယ်ဖို့အသင့်ဖြစ်စေသည်။ မမျှော်လင့်ဘဲ အသင့်ခံစားရရှိတတ်ခြင်းကို ထန်းလျက်အိုးတွေ့သည်နှင့် တူကြောင်း ညွှန်းဆိုကြသည်။ ရင်းထောင်ရင်းဆွဲ အသုံးပြုလုပ်ငန်းသည် မသက်သာလှ။ အခန့်မသင့်က အန္တရာယ်ပေးနိုင်၏။ မမျှော်လင့်ဘဲ ဒုက္ခကြုံရခြင်းကို ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဟုဆို၏။


လူ့သဘာဝအရ လူမိုက်တို့၏ အသွင်ကို ထန်းရေမူး ကျွဲခိုးပေါ်ဟုပြောတတ်၏။ ထန်းရည်၏အချင်းဟု ဆိုချင်၏။ တန်ဆေးလွန်ဘေးသုံးစွဲတတ်ဖို့ ဖြစ်လေသည်။ ထန်းရည်ထန်းလျက်အတွက် ထန်းနို့မှရရှိ၏။ စီးပွားရေးနှင့် သဘာဝတရားဖြစ်၏။ တရားသဘောနှင့် ဆင်ခြင်ရေးဖွဲ့ရာတွင် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင် ထန်းနို့ပမာကိလေသာဟု ဥပမာပေးခဲ့၏။ ပေါ်လွင်သည့် လောကုတ္တရာအရေးဖြစ်သည်။ လောက၌ အသုံးမကျသူကို ထန်းပလပ်ပြားနှင့် ခိုင်းနှိုင်း၏။ ထန်းရည်သောက်မှုကြောင့် ဒုက္ခကြုံသည့်တိုင် ထန်းပင်အောက်ရောက်လျှင် ထန်းပင်မော့ကြည့်တတ်သည်ဟု သရော်တော်တော်ပြောသည့်စကားက ပြုံးစရာဖြစ်လေသည်။ လောကအရေး၌ တစ်ခါတစ်ရံ အပြစ်တစ်ခုခုအတွက် မလုံလောက်သော ဥပမာဖြင့် ငြင်းဆိုတတ်လေရာ မိုးကြိုးပစ်ရာ ထန်းလက်ကာ၍ မရကြောင်း ဆုံးမကြဖူးသည်။ ရှေးလူကြီးများ အချိန်အတိုင်းအတာသည် ယခုခေတ်ကဲ့သို့ ခေတ်မမီသေးဘဲရှိချိန်၌ မနက်ပိုင်းအချိန်ကို နေထန်းတစ်ဖျားဟု တိုင်းတာ၏။

ခပ်ရိုင်းရိုင်း ဥပမာ လုံးပါးပါးခြင်းကို ခွေးလျက်သည့် ထန်းလျက်ဟု နောက်ပြောင်ပြောဆိုသံကြားရပေသည်။ မြင်မြင်သမျှ ငါ့ယောက္ခမ ထန်းတောချည်းဟူသော အသုံးအနှုန်းသည် ရှေးကလူနောက်လူပြောင်တို့ ပြောဆိုတတ်ပြီး ကြွားဝါမှုအတွက် ရှုတ်ချခြင်းလည်းဖြစ်သည်။ ထန်းတစ်ပင်လုံး အသုံးချစရာချည်းဖြစ်သကဲ့သို့ ထန်းထွက်ပစ္စည်းနှင့် အစားအစာ၊ တွဲဖက်လုပ်ငန်းတွေ၊ ဆက်စပ်မှုတွေက စကားဆိုရိုးထွေပြားလှပေ၏။


ယခု စာပေစကားဆိုချင်ပါသေးသည်။ အင်းဝခေတ်ကဖြစ်၏။ ဘုရင်မင်းခေါင်လက်ထက် စာပေအပြိုင်ဆိုကြ၏။ ဘုရင်က ကောက်ချက်ချရာတွင် ရှင်မဟာသီလဝံသ၏ လက်ရာသည် လိပ်၏ ရင်ဘတ်နှင့်တူသည်ဟု ဆို၏။ လိပ်၏ ရင်ဘတ်သည် မြေပြင်နှင့် မကင်းမကွာရှိသကဲ့သို့ ရှင်မဟာသီလဝံသ၏ စာပေသည် လောကုတ္တရာနှင့်တွဲဖက်နေသည်ဟု ဆိုလေသည်။ ရှင်မဟာရဋ္ဌသာရ၏ စာပေများကမူ ထန်းတက်သမားရင်ဘတ်နှင့်တူကြောင်း ဥပမာပေးလေသည်။ ထန်းတက်သမား၏ ရင်ဘတ်သည် ထန်းပင် ပင်စည်နှင့် ပူးတုံခွာနေဖြစ်နေသကဲ့သို့ ရှင်မဟာရဋ္ဌသာရ၏ စာပေများသည် လောကီလောကုတ္တရာနှင့် ပူးတုံခွာတုံမကင်းရှိကြောင်း ထန်းဥပမာဖြင့် လှပစွာပေးခဲ့၏။ ယခုတိုင် နည်းမှီရ၏။ ယခုခေတ်တွင် စာပေ၊ ဂီတ၊ ရုပ်ရှင်လောက၌ ထန်းသမားနှင့် ဒေသဝန်းကျင် သရုပ်ဖော်အနုပညာတွေ ကြွယ်ဝပေသည်။ တစ်ချိန်က မင်းသုံးတော်ဝင် ထန်းဖူးစာသည် အရေးကြီးပခာနကျသည့် စာပေအသွင်ဖြစ်၏။

ထန်းနှင့်ပတ်သက်၍ ပြောစရာတွေရှိ၏။ အညာဒေသ၏ စီးပွားရေးအချက်အချာဟုဆိုသော်လည်း ထန်းတက်သမားပါးလျားလာသည်ဟု ပြောသံကြားလိုက်ရသည်။ အပြင် အလုပ်အကိုင်များကြောင့်ဟု သိရသည်။ ကျွန်တော်တို့ဒေသတွင် ယခုအခါ ရွာချင်းဆက် လမ်းဖောက်လုပ်ရာ၌ လမ်းဘေးတွင် ထန်းပင်အစီအရီ တွေ့ရ၏။ နောင်လာနောက်သားများအတွက်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မြန်မာလူနေမှုစနစ်အတွက် ထန်းစကားများကား နည်းမှီဆင်ခြင် သင်ခန်းစာပေးအဖြစ် ရှင်သန်နေမည်ဖြစ်ပါ၏။

*ညွန့်ဟံ(ကြူတော)*



ဓာတ်ပုံ-အင်တာနက်




ဤကဏ္ဍတွင် ဖော်ပြသောအကြောင်းအရာများသည် ပေးပို့သူ၏ အာဘော်သာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

*စာတည်းအဖွဲ့*

**လိုင်စင်ရှိ အငှားဆိုင်ကယ်တက္ကစီများကို တရားဝင်ဂိတ်များ သတ်မှတ်ပေးစေလို**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင်းနဲ့ မြို့နယ်အသီးသီးတို့မှာ ဒေသခံခရီးသွားလာသူများအနေဖြင့် ဆိုင်ကယ်အငှားတက္ကစီများကို အသုံးပြုမှုများကြပါတယ်။ အငှားဆိုင်ကယ်အဖြစ်နဲ့ စီးပွားရေးလုပ်ကိုင်သူများလည်း များပြားစွာ ရှိလာကြပါတယ်။ အချို့ အငှားဆိုင်ကယ်တက္ကစီတို့မှာ လိုင်စင်ရှိကြပေမယ့်လည်း တရားဝင်ဂိတ်တွေ သတ်မှတ်မပေးထားတာကြောင့် ကြုံသလိုပြေးဆွဲနေကြသလို ခရီးသွားများကလည်း အဆင်ပြေတဲ့နေရာများက ငှားစီးနေကြရပါတယ်။ လိုင်စင်မဲ့ အငှားတက္ကစီဆိုင်ကယ်တွေလည်း ရှိနေတဲ့အတွက် ဆိုင်ကယ်တက္ကစီမောင်းသူများက ခရီးသည်များထံမှ ငွေလုယက်မှု၊ ပြစ်မှုကျူးလွန်မှုများနဲ့ ဆိုင်ကယ်သမားများဘက်မှလည်း ဆိုင်ကယ်ပျောက်ဆုံးမှု၊ လုယက်ခံရမှုများစတဲ့ မှုခင်းဖြစ်ရပ်များကို ကြုံတွေ့နေကြရပါတယ်။ ဒီလိုဖြစ်ရပ်များကို ဖော်ထုတ်အရေးယူနိုင်ဖို့ အခက်အခဲတွေရှိတဲ့အတွက် ဒေသခံပြည်သူများက ဆိုင်ကယ်တက္ကစီများကို တရားဝင်ဂိတ်များ သတ်မှတ်ပေးဖို့ ဆန္ဒရှိကြပါတယ်။ တချို့ဆိုင်ကယ်များကို ငှားစီးရတာ ဆိုင်ကယ်က လိုင်စင်မရှိ၊ တရားဝင်ဂိတ်ကလည်း မရှိတော့ ဒေသခံများက စိုးရိမ်စိတ်နဲ့ စီးနေကြရပါတယ်။ တရားဝင်ဂိတ်ကို လိုင်စင်ရှိတဲ့ ဆိုင်ကယ်တွေနဲ့ သတ်မှတ်ပေးလိုက်မယ်ဆိုရင် အထိန်းအကွပ်တစ်ခုဖြစ်လာနိုင်တာကြောင့် ဆိုင်ကယ်တက္ကစီမောင်းသူများနဲ့ ခရီးသွားများကြား နှစ်ဖက်စလုံးမှာ ပြစ်မှုကျူးလွန်တာတွေ လျော့နည်းပပျောက်နိုင်တယ်လို့ ဒေသခံများက ယူဆနေကြပါတယ်။

*ခရီးသွားတစ်ဦး*

***နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ဝေဖန်အကြံပြုလိုပါက ပြည်သူများ၏ အတွေးအမြင်များ၊ သုံးသပ်ချက်များနှင့် ဝေဖန်အကြံပြုချက်များကို ပြည်သူ့အသံကဏ္ဍသို့ ပေးပို့နိုင်ပါသည်။***

*စာမျက်နှာ ၁၁ မှ*

အရင်းအနှီးဖြစ်တဲ့ အဲဒီတစ်ဆင့်ခံ အတွေ့အကြုံသစ်တွေကလည်း အလွန်တန်ဖိုးရှိပါတယ်။ သိပ်မကြာသေးခင်က ကျွန်မရဲ့ သူငယ်ချင်းများနဲ့ ဆုံကြပါတယ်။ နယ်ကလူက ကျွန်မအိမ်မှာ လာတည်းနေတဲ့ အခါ မြို့ခံလူတွေက လာလည်ကြတာပေါ့။ အဲသည်လိုနဲ့ တစ်ညမှာ ပညာတိုးတဲ့အဖြစ်နဲ့ ကြုံကြပြန်ပါတယ်။

ကျွန်မသူငယ်ချင်းတစ်ယောက်က ကျန်တဲ့သူငယ်ချင်းတစ်ယောက်ကို သားသမီးများနဲ့ပတ်သက်ပြီး အလျှော့ပေးဖို့ တိုက်တွန်းပါတယ်။ ဘာကြောင့် အဲသည်လို အလျှော့ပေးခိုင်းရသလဲဆိုတော့ သဘောမတူတဲ့သူနဲ့ လက်ဆက်သွားတဲ့အတွက် မခေါ်မပြောဘဲထားလို့ နည်းနည်းတော့ လျှော့ပါဦးလို့ ပြောတာပါ။

သူငယ်ချင်းကလည်း သူ့ဘက်က အခြေအနေကို ရှင်းပြပါတယ်။ သူငယ်ချင်းရဲ့ ဇနီးကတော့ ဝမ်းနည်းပန်းနည်း ငိုရှာတော့တာပါပဲ။ အဲဒါနဲ့ ကျွန်မက စကားစပြောတဲ့ သူငယ်ချင်းကို တော်တော့၊ စကားဆက်မပြောနဲ့တော့လို့ တားပြီး ငိုနေတဲ့သူကိုလည်း ဆေးတိုက်လိုက်ရပါတယ်။

စကားဝိုင်းက အဲဒီလိုနေရာက ပြောင်းသွားပြန်တော့ နောက်သူငယ်ချင်းတစ်ယောက်ရဲ့ သားအကြောင်း ရောက်သွားပြန်ပါရော။ အဲဒီတော့ အဲဒီသားရဲ့မိခင် သူငယ်ချင်းက ဝေဒနာတွေ တက်ပြန်တာပါပဲ။ အဲဒီတော့ ကျွန်မက အဲဒီသူငယ်ချင်းကို ဆေးတိုက်ပြန်ပါရော။ အဲဒီညမှာ ကျွန်မဆီလာတည်းနေတဲ့ သူငယ်ချင်းနဲ့ ကျွန်မတို့ အိပ်ရာအတူဝင်ရင်း ကျွန်မက ပြောလိုက်မိပါတယ်။

“ဟော့ သူငယ်ချင်း၊ ညည်းနဲ့ငါဟာ အပူအပင်အတော်နည်းတဲ့ကြားက ကြံဖန်ပြီး ငါတို့ ပူပန်သောကရောက်နေတာ၊ ငါတို့ အတော်ပေါ်တာပဲ” လို့ ကိုယ့်ကိုယ်ကို ခပ်ကြမ်းကြမ်းပဲ ဝေဖန်လိုက်ပါတယ်။ ကျွန်မသူငယ်ချင်းကလည်း “ဟုတ်ပါ့တော်”လို့ အားပါးတရဖြေပါတယ်။ အဲဒီနောက် အသက် ၅၀ကျော်နေပြီဖြစ်တဲ့ ကျွန်မတို့နှစ်ယောက် ငယ်ငယ်တုန်းကလို ခွက်ထိုးခွက်လန် ရယ်လိုက်ကြပါတယ်။

ကျွန်မဒီဆောင်းပါးကို ရေးရတာကတော့ နေ့တိုင်းနေ့တိုင်း ကျွန်မရရှိနေတဲ့ အတွေ့အကြုံတွေဟာ တိုက်ရိုက်ရတဲ့ အတွေ့အကြုံဖြစ်ဖြစ်၊ တစ်ဆင့်ခံရတဲ့ အတွေ့အကြုံ ဖြစ်ဖြစ် ရှေ့ဆက်ရမယ့် လမ်းအတွက် အရင်းအနှီး ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ပြောချင်လို့ ရေးရတာ ဖြစ်ပါတယ်။

နေ့တိုင်းနေ့တိုင်း တွေ့ကြုံရတာတွေဟာ အရင်းအနှီးဖြစ်နိုင်ပါ့မလားလို့မေးရင် ဖြစ်နိုင်ပါတယ်လို့ ဖြေရမှာပါပဲ။ နိစ္စဓူဝ တွေ့ကြုံနေကြရတဲ့အထဲက ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ကိုယ်ယူတတ်ရင် ကိုယ်ရတာပါပဲ။ အကောင်းကို များများယူပြီး အဆိုးကို ကျော်လွှားသွားနိုင်ကြရင် ဘဝတိုက်ပွဲမှာ အနိုင်ရနိုင်ပါတယ်။

ကျွန်မကတော့ ကိုယ်တွေ့ဘဝ မကြွယ်ဝလှပေမယ့် တစ်ဆင့်ခံဘဝတွေက အတွေ့အကြုံတွေကို မှတ်သားပြီး ကိုယ့်ဘဝကို လှပလှပါကလားလို့ ကောက်ချက်ချနိုင်တာကိုပဲ အရင်းအနှီးတွေထဲ အမြတ်လို့ မှတ်ယူမိပါတယ်။

*ဒေါက်တာမတင်ဝင်း*
*(ပညာရေးတက္ကသိုလ်)*




## စကားပုံမှပေးသောအသိများ

## သမုဒ္ဒရာရေ တစ်ယောက်တည်းသောက်၍ မကုန်

သမုဒ္ဒရာရေကို တစ်ဦးတစ်ယောက်တည်း သောက်၍ မကုန်ခန်းနိုင်သကဲ့သို့ ပေါများလှစွာသော အခွင့်အလမ်းများကို တစ်ဦးတစ်ယောက်တည်း ရယူခံစား၍ ကုန်နိုင်ဖွယ်မရှိချေ။

“စိုးရိမ်လို့တော့ မဟုတ်ပါဘူးလေ၊ သမုဒ္ဒရာရေ ဘယ်သူသောက်သောက်ပေါ့။ ဒီခေတ်ကြီးမှာ အပေါ်ယံက လျှပ်ပြေးနိုင်ရင် မြန်မှာပဲ”ဟု သုံးနှုန်းခြင်းမျိုးဖြစ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစကားပုံစာအုပ်မှ*

## ဝမ္ဗစာစု

## ဂါရဝတရား လက်ကိုင်ထား

သလေးနှံသည် အဆန်မရှိခင်က ထောင်နေသည်။ အဆန်ပြည့်လျှင် ညွတ်သွားသည်။

ဂါရဝတရားကင်းသူသည် ဂုဏ်သတင်း မဖြူ။ နွားစာငုတ်တိုနှင့်တူသည်။

ရဟန္တာ အရိယာ သူတော်ကောင်းတို့သည် သိက္ခာကြီးသူဖြစ်က ပုထုဇဉ်ကိုသော်လည်း ပြားပြားဝပ် ရိုကျိုးရှိခိုးသည်။

သိက္ခာငယ်သူကို ရှိမခိုးသော်လည်း အရိုအသေပြုသည်။ ဂါရဝတရား လက်ကိုင်ထားကြသည်။

*အရှင်သုမေဓသာရ (အောင်စကြာကျောင်း)*

## ကြိုးစားကြစို့လေး

* တို့လယ်ယာ အထွက်တိုး
ရှေးရိုးကိုကြံဆထွင်း
ဉာဏ်သကာ ဘဝင်နှလုံး
ရွှင်ပြုံးစေချင်၊
နည်းပညာလှလှ ရှေ့တန်းတင်
သီးပင်တွေ ဝေဝေဖြိုး
တစ်မိသားစု ဘဝဖူလုံ
ကြိုးစားကြ အဖုံဖုံ
လူ့ဂုဏ်ဆင့်တိုး။

* တို့လယ်ယာ စိုက်ကွက်များ
အထွက်အားပိုပို
ထွန်ယက်ကာ မျိုးသန့်စိုက်
စိတ်ကြိုက်ထွက်သကို၊
စီးပွားတက် ပြည့်တွက်ပြုံးချို
ရင်ဖိုလာ တနွေးနွေး။

* လူမှုအဖြာဖြာ သာသနာရေးကိုလ
စိတ်ကြံတွေးကာ အောင်နိမိတ်ဆောင်လို့
ဤလူ့ဘောင် ပြည်ထောင်အရေးကိုကွယ်
တွန်းအားရယ်ပေး။
ကြိုးစားကြစို့လေး။ ။



*ပုလဲမာန်(မအူပင်)*

## ဒို့ကျေးရွာကာတွန်း



ကြေးမုံ ဂျာနယ်

အတွဲ(၁၅)၊ အမှတ်(၆)၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်

# ဖိုးထွားနှင့် ခံတက်ချဉ်

**လယ်တွင်းသားစောချစ်**



တနင်္ဂနွေရုံးပိတ်ရက်၊ မိသားစု မနက်စာစားနေကြစဉ်····

"ခံတက်ချဉ်"

လမ်းပေါ်မှ ဈေးသည်၏ အသံ

"ဟာ···ခံတက်ချဉ်တဲ့"ကျွန်တော် စိတ်ဝင်တစားပြောလိုက်မိသောကြောင့်····

"စားချင်လို့လား··· ခံတက်ချဉ်သည် လာပါဦး"

ကျွန်တော့်ဇနီးက ကျွန်တော့်ကို မေးရင်း တစ်ဆက်တည်း ခံတက်ချဉ်သည်ကို လှမ်းခေါ်လိုက်သည်။ ခံတက်ချဉ်သည်ရောက်လာ၍ ခံတက်ချဉ်ဇလုံကြီးကို ခေါင်းပေါ်မှချသည်။ မြင်လိုက်ရုံနှင့် သိပါသည်။ ညိုညိုဖြားဖား အပြားကြီးကြီး ရာဘာရွက်ကြီးများ·····

"ဟာ···မစစ်ဘူး"

ကျွန်တော်နှုတ်မှ လွတ်ခနဲ ထွက်သွားသည်။

"အစစ်ပါတော်၊ ကိုယ်တိုင်ခူးရောင်းတာ၊ ကျုပ်တို့ဘယ်တော့မှ အတုမရောင်းဘူး"

ခံတက်ချဉ်သည် အဒေါ်ကြီးက မကျေမနပ် ခပ်စွာစွာ ပြန်ပြောသည်။

ကျွန်တော် ဘာမှမပြောတော့ပါ။ ကျွန်တော့်ဇနီးကလည်း ကိစ္စမြန်မြန် ပြီးသွားရန် တစ်ရာဖိုးဝယ်သည်။ နည်းနည်းလေးသာပေးသည်။ အတုပင် ဖောဖောသီသီမရ။

တိုတောင်းသော ခံတက်ချဉ်သည်၏ ရာဘာရွက်များကိုကြည့်၍ ဖိုးထွား၏ သွယ်ပြောင်းနုညက်သည့် ခံတက်ချဉ်ရွက်တို့ကို တသလွမ်းဆွတ်မိပါသည်။

ဖိုးထွားသည် ကျွန်တော်တို့ရွာသားမဟုတ်။ ကျွန်တော်တို့ရွာဆိုသည်က ကျောက်ဆည်လယ်တွင်းကိုးခရိုင်အပါအဝင် ဝန်းသိုရွာ။ ဖိုးထွားက အောက်ပြည်အောက်ရွာမှ ကရင်တိုင်းရင်းနွယ်ဖွား။ စစ်အတွင်းက ကုန်ရောင်းကုန်ဝယ်လုပ်ရင်း ဇနီးသည်နှင့်အတူ ရောက်လာသည်ဟုဆိုသည်။

စစ်ကြောင့် ခရီးလည်းမဆက်နိုင်။ အောက်ပြည်အောက်ရွာကိုလည်း မပြန်နိုင်ဘဲ ကျွန်တော်တို့ရွာမှာ သောင်တင်နေခဲ့သည်။ အရေးထဲမှာ ဇနီးသည်က မကျန်းမမာဖြစ်လာသည်။

ဖိုးထွားတို့လင်မယားကို ရွာသားများက ဝိုင်းဝန်းကူညီကြသည်။ မကျန်းမာသူကို ပြုစုစောင့်ရှောက်ကြသည်။ ဖိုးထွား၏ဇနီးမှာ ဆုံးသွားရှာသည်။ ရွာသူရွာသားအားလုံး ဖိုးထွားကို သနားကြသည်။ ဈာပနကိစ္စ ကူညီဆောင်ရွက်ပေးကြသည်။

ဇနီးခေါင်းချသောနေရာ ဖြစ်ရုံမက ရွာသူရွာသားများ၏ စေတနာမေတ္တာကိုလည်း မြတ်နိုးလေးစား၍ ဖိုးထွား အောက်ပြည်အောက်ရွာကို မပြန်တော့ပါ။

ကျွန်တော်တို့ရွာမှာ အမြဲနေသွားသည်။ ရွာသူရွာသားများက ရွာလယ်ဝက်တက်စင်နံဘေးမှာ ဖိုးထွားအတွက် အိမ်လေးတစ်လုံး ဆောက်ပေးကြသည်။ ဖိုးထွား၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ ခံတက်ချဉ်ရောင်းခြင်းဖြစ်၏။

ကျွန်တော်တို့ရွာ၏ တောင်ဘက်တွင် တစ်ချိန်က ကတက်ဘေးကိုးရွာဖြစ်ခဲ့သည်ဆိုသော ကုန်းကိုးကုန်းရှိသည်။ ရွာ၏ အနောက်တောင်ဘက်တွင် စကြံကုန်းရှိသည်။ ထိုကုန်းဆယ်ကုန်းတွင် ခံတက်ပင်ပေါက်ကြသည်။ မည်သူမျှမပိုင်၍ မည်သူမဆိုခူးနိုင်သည်။ သို့သော် ရွာသူရွာသားများက မခူးကြ။ ဖိုးထွားအတွက် ထားသည်။

ဖိုးထွားက ကုန်းဆယ်ကုန်းက ခံတက်ပင်များကို အလှည့်ကျခူးပြီး စဉ့်အိုးနှစ်လုံးနှင့် အချဉ်တည်သည်။ ခံတက်ချဉ်သွားဝယ်လျှင် ဖိုးထွားက ဘယ်တော့မှ ကိုယ်တိုင်မပေး၊ ဝယ်သူကိုယ်တိုင်ယူရသည်။

တစ်ခါဝယ်လျှင် ငွေတစ်မတ်၊ ငွေမရှိလျှင် ဆန်နို့ဆီဘူးနှင့် တစ်လုံးပေးရသည်။ ခံတက်ချဉ်ကတော့ ကိုယ့်မိသားစုစားလောက်အောင် ယူနိုင်သည်။ မိသားစုများလျှင် များများယူ၊ နည်းလျှင် နည်းနည်းယူ။ လောဘကြီးပြီး လိုသည်ထက်ပို ယူလျှင်လည်း ဖိုးထွားက ဘာမျှမပြော။

ခံတက်ချဉ်ဖိုးရသော ငွေကလေးများနှင့် ဖိုးထွားဟင်းလျာဝယ်သည်။ ရေနွေးကြမ်းသောက်ရန် လက်ဖက်ခြောက်ဝယ်သည်။ ဆေးတံသောက်ရန် ဆေးမှုန့်ဝယ်သည်။ အဝတ်အထည်ကုန်စရာသိပ်မရှိ။ ချည်ကြမ်းပုဆိုး နှစ်ထည်ရှိလျှင် ဝတ်ပါလေ့။

အင်္ကျီက ဆောင်းလေးလသာ ဖိုးထွား ဝတ်သည်။ ကျန်ရှစ်လမှာ အင်္ကျီတုံးလုံး၊ သိပ်ချမ်းသည့်လများတွင် ဖိုးထွားအတွက် ကာကီရောင် ဂျပန်ဝတ်ရုံကြီး ရှိသည်။ ထိုအင်္ကျီကြီးသည် ဖိုးထွား တစ်သက်လုံးအတွက် တစ်ခုတည်းသော အနွေးထည်။

တစ်နှစ်စာဆန်အတွက် ဖိုးထွားမပူရ။ စပါးရိတ်ချိန်ကျလျှင် လယ်ရိတ်သူတိုင်းက ဖိုးထွားကို ဖိတ်ခေါ်ကြသည်။ ထမ်းပိုးတစ်ချောင်းယူ၍ လယ်ရိတ်ရာ လိုက်သွားပြီး ရိတ်ပြီးသားကောက်လှိုင်းများထဲမှ ဖိုးထွား ထမ်းနိုင်သမျှ တစ်ထမ်းယူခွင့်ရသည်။ ကောက်ဦးကောက်ဖျားကို ရွာသူရွာသားများက ဒါနပြုကြခြင်းဖြစ်သည်။

တစ်နေ့တည်း လယ်ရိတ်တွေ ဆုံနေလျှင် ဖိုးထွား သုံးလေးခါက် ထမ်းရသည်။ မော၍ မထမ်းနိုင်တော့လျှင် ကိစ္စမရှိ၊ နောက်တစ်နေ့မှ သွားထမ်း၍ရသည်။

ဖိုးထွား အသက်ခြောက်ဆယ်ခန့်အထိ ကောက်လှိုင်းကြီးကြီးနှစ်စီးကို ရှေ့နောက်ထမ်းနိုင်သည်။ အိမ်ရောက်သောကောက်လှိုင်းကို ဖိုးခွားက အစေ့ခြွေနေလှမ်းပြီး ပုတ်နှင့်ထည့်ထားသည်။ နှစ်စဉ်နှစ်တိုင်း စပါးတင်းငါးဆယ်ကျော်ရသည်။

အိမ်အမိုးကို ပြင်မိုးရသော်လည်း ဖိုးထွားအတွက် ငွေမကုန်၊ သက်ငယ်ပျစ်သော မိန်းကလေးများက သက်ငယ်ပျစ်တစ်ရာရတိုင်း ဖိုးထွားအတွက် တစ်ပျစ်ဖယ်ထားပေးကြသည်။

သက်ငယ်ပြည့်စုံသော် ရွာထဲမှလူငယ်များက ဖိုးထွားအိမ်ကလေးကို ပြင်မိုးပေးနေကျ။ ဖိုးထွား၏ တစ်နေ့တာအလုပ်မှာ မနက်စောစော ခံတက်ရွက်ခူးထွက်သည်။

အိမ်ပြန်ရောက်သည်နှင့် ခူးလာသော ခံတက်ရွက်များကို ရေစင်စင်ဆေးပြီး အလျှဉ်ရနေသော အချဉ်အိုးများမှာထည့်သည်။ သူစားဖို့ ထမင်းဟင်း သူကိုယ်တိုင်ချက်သည်။ ဖိုးထွားတစ်နေ့တာ အားလပ်ချိန်များစွာရ၏။ ဖိုးထွား၏ စည်းစိမ်မှာ အိမ်ရှေ့မှ ပက်လက်ကုလားထိုင်တွင် တစ်နေ့လုံးထိုင်ပြီး ရေနွေးကြမ်းကို သောက်သည်။ ဆေးတံသောက်သည်။ ဖိုးထွား စကားအလွန်နည်း၏။ အေးဆေးသော ဖိုးထွား၊ ငြိမ်းချမ်းသော ဖိုးထွားကို တစ်ရွာလုံးက ချစ်ခင်ကြသည်။

ကျွန်တော်တို့ငယ်စဉ်က ဖိုးထွားအိမ်သို့ အကြိမ်များစွာ ခံတက်ချဉ်သွားဝယ်ခဲ့ဖူးပါ၏။ စပါးရိတ်ချိန်တိုင်း ကောက်လှိုင်းထမ်းနေသော ဖိုးထွားကို မြင်ခဲ့ရပါ၏။

သူ့အိမ်ရှေ့မှ ဖြတ်သွားတိုင်း ပက်လက်ကုလားထိုင်တွင် ထိုင်၍ ဆေးတံခဲနေသော ဖိုးထွားကို ကြည့်ခဲ့ရပါ၏။

ထမင်းစားရင်း ခံတက်ချဉ်ကို အကြောင်းပြု၍ ဖိုးထွားအကြောင်းကို တသီတစ်တန်းကြီး သတိရနေမိသည်။ ထို့ကြောင့် ထမင်းအတူစားနေကြသော မယားနှင့် သားသမီးများကို ဖိုးထွားအကြောင်း စိတ်လိုလက်ရ ပြောပြနေမိသည်။

ပြောရင်းပြောရင်း ဖိုးထွားကို မြင်ယောင်လာသည်။ ကူညီတတ်သော ရွာခလေ့ကလေးများကို သတိတရဖြစ်မိသည်။

"အဲဒီအဘိုးကြီး ခုရှိသေးလား" သမီးက မေးသည်။

"မရှိတော့ဘူး ဆုံးရှာပြီ"

"အဲဒီအဘိုးကြီး မကျန်းမာတော့ ဘယ်သူက ပြုစုလဲ"

ဆယ်တန်းရောက်သော သားက စူးစမ်းသည်။

"ရွာက ဝိုင်းပြီး ပြုစုကြတာပေါ့၊ အများအားဖြင့် သူ့အိမ်နဲ့နီးတဲ့ အိမ်တွေကပေါ့"

"သေတော့ ဘယ်သူက သင်္ဂြိုဟ်ပေးလဲ"

သား၏ နောက်ထပ်စူးစမ်းမှုတစ်ခု။

"ရွာက ဝိုင်းပြီး သင်္ဂြိုဟ်ပေးတာပေါ့၊ ရွာထုံးစံအတိုင်း တစ်ရွာလုံး လိုက်ပို့ကြတော့ စည်စည်ကားကားပါပဲ"

"ဒါတွေအားလုံး ဖေဖေစိတ်ကူးယဉ် ပြောနေတာမဟုတ်လား"

ဆယ်တန်းရောက်နေသော သားထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသော မေးခွန်းကြောင့် ကျွန်တော် စိတ်ထဲမှာ အောင့်သွားသည်။ သားကိုလည်း မကျေမနပ်ကြည့်လိုက်သည်။

သူမေးပုံက ကျွန်တော်ပြောသည်များကို မယုံသောသဘော။ စာရေးဆရာဉာဏ်နှင့် စိတ်ကူးယဉ်ပြီး ပြောနေသည်ဟု စွပ်စွဲလိုသောသဘော။

"ကိုကိုမေးတာဟုတ်တယ်။ ဖေဖေ ပြောတာတွေက တကယ်ဖြစ်နိုင်ပါ့မလား"

ရှစ်တန်းရောက်နေသော သမီးကပါ သူ့အစ်ကိုနှင့် တစ်သဘောတည်း မေးနေပြန်သည်။

"ဘာလဲ မင်းတို့က မယုံလို့လား"

ကျွန်တော့်လေသံမာသွား၍ သားနှင့် သမီးက ဘာမျှ ပြန်မဖြေပါ။

"အေး···ငါအခုပြောခဲ့တာတွေ အားလုံး တစ်ခုမှ လုပ်ကြံတာမပါဘူး။ ငါတို့ရွာမှာ ဖိုးထွားရဲ့ ခံတက်ချဉ်ကို ဝယ်စားခဲ့တဲ့လူတွေ၊ ဖိုးထွားကို ကောက်လှိုင်းပေးခဲ့တဲ့ သူတွေ၊ ဖိုးထွားနေမကောင်းတော့ ပြုစုခဲ့တဲ့လူတွေ၊ ခုထိ အများကြီးရှိသေးတယ်"

"ငါတို့ရွာမှာ ဒါဟာ ဘာမှမဆန်းတဲ့ကိစ္စ၊ ဒါလောက်ရိုးလွန်းတဲ့ကိစ္စကို အဆန်းထင်နေတဲ့ မင်းတို့ကမှ အံ့သြစရာကောင်းတာ"

ကျွန်တော်၏ ဒေါသပါသော စကားများကြောင့် ထမင်းဝိုင်းလေး တိတ်ဆိတ်သွားသည်။

"သြော်···သူတို့က မြို့မှာမွေးပြီး ကြီးပြင်းရတော့ သူ့ပတ်ဝန်းကျင်နှင့် ယှဉ်ပြီး ဆန်းတယ်လို့ထင်တာလည်း အံ့သြစရာမရှိပါဘူးလေ"

ကလေးများအမေ၏ မှတ်ချက်က ကောင်းပါသည်။ ကျွန်တော်၏ တင်းမာနေသော စိတ်များလည်း ပြေလျော့သွားပါသည်။ သို့သော် စိတ်မကောင်းဖြစ်မိသည်။ အလွန်ရိုးသားပြီး ချစ်စရာကောင်းသော ရွာခလေ့ကလေးများသည် မြို့ရပ်ဝန်းကျင်မှ ယနေ့လူငယ်များအတွက် မယုံနိုင်စရာ အဆန်းတကြယ် ဖြစ်နေကြပြီလား။

*လယ်တွင်းသားစောချစ်*

## ဒို့ကျေးရွာဂျာနယ် အသွင်သစ်ဖြင့် ထုတ်ဝေမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အား ၁-၄-၂၀၁၈ ရက်နေ့ထုတ် အတွဲ(၁၅)၊ အမှတ်(၇)မှ စ၍ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲကာ ဂျာနယ်တစ်စောင်လုံး ရောင်စုံစာမျက်နှာများဖြင့် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

ဒို့ကျေးရွာဂျာနယ်သည် ကျေးလက်နေပြည်သူလူထုနှင့် စာဖတ်သူများကို အစဉ်ရှေးရှုထုတ်ဝေလျက်ရှိရာ ယခုအသွင်သစ်ဖြင့် ပြောင်းလဲထုတ်ဝေမည့် ဒို့ကျေးရွာဂျာနယ်အား မူလဈေးနှုန်းအတိုင်းသာ ဖြန့်ချိသွားမည်ဖြစ်ပြီး စာဖတ်ပရိသတ်များအတွက် သုတ/ရသစုံလင်စွာ အရောင်အသွေးစုံလင်စွာဖြင့် ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။

*စာတည်းအဖွဲ့*

# နဂါးမင်းသမီးလေး

တက္ကသိုလ်မလေးခိုင်



တစ်ခါတုန်းက အလွန်နက်ရှိုင်းတဲ့ ပင်လယ်ပြင်တစ်ခုရဲ့ အောက်ခြေရှိ နန်းတော်ထဲမှာ နဂါးမင်းသမီးလေး တစ်ပါး စံမြန်းနေတာပေါ့ကွယ်။ သူ့ဖခမည်းတော် နဂါးဘုရင်ကြီးဟာ သူ့သမီးငယ်အတွက် လက်ဆက်ပေးရမယ့်လူကို စဉ်းစားနေတယ်။ ဒါပေမဲ့ မင်းသမီးလေးကတော့-

"သမီးတော်ကတော့ ရွှေနှလုံးသားပိုင်ရှင်ရှိတဲ့ လူတစ်ယောက်ကို မရမချင်း ဘယ်တော့မှ အိမ်ထောင်မပြုဘူး"ဆိုပြီး အခိုင်အမာငြင်းဆိုတာပေါ့ကွယ်။

နဂါးဘုရင်ကြီးကလည်း သူ့ရဲ့အထောက်တော်တွေကို ပင်လယ်ပြင်မှာရော၊ ကုန်းပြင်မှာပါ စုံစမ်းစေတဲ့အခါမှာ နောက်ဆုံးတော့ 'ယမ်'လို့နာမည်ရတဲ့ ဆင်းရဲသား သစ်ခုတ်သမားတစ်ယောက်ဟာ ရွှေနှလုံးသားရှိတယ်ဆိုပြီး သတင်းရတယ်။ အဲ့ဒီအခါ ခမည်းတော် ဘုရင်ကြီးက သူ့သမီးတော်ကို သူစဉ်းစားထားတဲ့ အစီအစဉ်တွေ အသေးစိတ်ရှင်းပြခဲ့တယ်။

ခမည်းတော် ဘုရင်ကြီးရဲ့ အစီအစဉ်ကို သမီးတော်လေးကလည်း သဘောတူတဲ့အတွက် လမင်းကြီးသာတဲ့ ညတစ်ညမှာ နဂါးမင်းသမီးလေးဟာ လူယောင်ဖန်ဆင်းပြီး အဲ့ဒီသစ်ခုတ်သမားလေး 'ယမ်'ရဲ့ တဲပေါက်ဝကို ရောက်သွားတယ်။ မင်းသမီးလေးက အလွန်ညင်သာ ပျော့ပျောင်းသော အသံလေးနဲ့ အပြင်ဘက်ခဏထွက်လာခဲ့ဖို့ 'ယမ်'ကို လှမ်းခေါ်တယ်။ တဲထဲက 'ယမ်'ကလည်း သူ့ကိုခေါ်သံကြားရတော့ တဲအပြင်ဘက်ကို ထွက်လာတယ်။ ဒါပေမဲ့ အမေတူအဖေကွဲ သူ့အစ်ကိုဖြစ်တဲ့ 'ယူ'ကလည်း အဲ့ဒီအသံကို ကြားပြီးတော့ ယမ်ရဲ့နောက်က လိုက်လာခဲ့တယ်။ မင်းသမီးလေးကိုလည်း တွေ့လိုက်ရော သူတို့နှစ်ယောက်လုံးက တအံ့တဩဖြစ်ပြီးတော့ အော်မိကြတယ်။ 'ယမ်'ကတော့ သူ့ဘဝတစ်သက်လုံးမှာ ကြုံတွေ့ခဲ့ရတဲ့မြင်ကွင်းတွေအနက် လရောင်အလင်းအောက်မှာ နဂါးမင်းသမီးကိုတွေ့ရတဲ့ မြင်ကွင်းလောက် ဘယ်အရာမှ မလှပခဲ့ဘူးလို့ တွေးမိတယ်။ အဲ့ဒီချိန်မှာပဲ မင်းသမီးက -

"ကျွန်မက ရွှေနှလုံးသားရှိတဲ့ သစ်ခုတ်သမားတစ်ယောက်ကို ရှာနေတာပါ"ဆိုပြီး ရှက်ကိုးရှက်ကန်းနဲ့ မျက်လွှာလေးချပြီး ပြောလိုက်တယ်။ အဲ့ဒီအချိန်မှာပဲ နောက်ကပါလာတဲ့ 'ယူ'က -

"အဲ့ဒါဆို ငါ့ကိုပြောတာပဲဖြစ်မယ်။ ငါပဲ ငါပဲ"ဆိုပြီး အော်ပြောတယ်။ 'ယမ်'ကတော့ ညင်သာပျော့ပျောင်းစွာနဲ့-

"ကျွန်တော်တို့ ကြိုးစားပြီးတော့ ကူညီရှာဖွေပေးပါ့မယ် ခင်ဗျာ"လို့ ပြောတယ်။

"ရွှေနှလုံးသားရှိတဲ့သူကို ရှာနိုင်ဖို့အတွက်ဆိုရင် ဟိုးပင်လယ်အောက်မှာရှိတဲ့ နဂါးဘုရင်ကြီး သိမ်းဆည်းထားတဲ့ ပုလဲအဖြူတစ်လုံးကို သွားယူပေးနိုင်မှ ရလိမ့်မယ်။ အဲ့ဒီပုလဲဖြူကို ယူပေးနိုင်တဲ့သူသာလျှင် ရွှေနှလုံးသားအစစ်အမှန်ရှိလိမ့်မယ်။ ကျွန်မက ရွှေနှလုံးသားရှိတဲ့သူနဲ့ လက်ဆက်နိုင်ဖို့အတွက် ရှာဖွေနေတာပါ"လို့ ပြောတယ်။ သူတို့ ညီအစ်ကိုနှစ်ယောက်လုံးက ပုလဲဖြူကို သွားယူဖို့ သဘောတူကြတဲ့အခါမှာ မင်းသမီးလေးက သူ့ခေါင်းပေါ်က ဆံထိုးကို ဆွဲဖြုတ်လိုက်ပြီး…

"ရှင်တို့သွားကြရင် ဒီဆံထိုးလေး ဆောင်ထားပါ။ ဒါ လမ်းခရီးမှာ အသုံးဝင်ပါလိမ့်မယ်"ဆိုပြီး ပြောပြတယ်။ အဲ့ဒီအခါ 'ယူ'က ရှေ့ကို ချက်ချင်းတက်လာပြီး မင်းသမီးလေးလက်ထဲက ဆံထိုးကို ဆတ်ကနဲ ဆွဲယူလိုက်တယ်။ ပြီးတော့ သူတို့ ညီအစ်ကိုနှစ်ယောက် စပြီးခရီးထွက်ကြတယ်။ သူတို့ သွားရာမှာ လမ်းခရီးမှာ ရေကြီးနေတဲ့ ရွာတစ်ရွာကို ရောက်သွားတယ်။ အဲ့ဒီအခါ ရွာသားတွေက သူတို့နှစ်ယောက်ကို တောင်းပန်ကြတယ်။

"ကျွန်တော်တို့ရွာ ရေကြီးနေတာ ကျေးဇူးပြုပြီး အကူအညီပေးကြပါ ခင်ဗျာ။ ရေတွေ ဒီထက်ပိုတက်လာရင် ကျွန်တော်တို့ နေစရာမရှိတော့ဘူး" လို့ တားပြီး ပြောကြတယ်။ အဲ့ဒီအခါ 'ယူ'က -

"ဟာ မဖြစ်ဘူး မဖြစ်ဘူး ကျွန်တော့်မှာလည်း အလွန်အရေးကြီးတဲ့ အလုပ်တစ်ခုလုပ်ဖို့ ရှိသေးတယ်။ နှောင့်နှေးနေလို့ မဖြစ်ဘူး"ဆိုပြီး ဆက်သွားတယ်။ 'ယမ်'ကတော့ အကူအညီတောင်းတဲ့ ရွာသားတွေနဲ့အတူ ရွာထဲလိုက်သွားပြီးတော့ "ကျွန်တော် ဘယ်လိုကူညီရမလဲ။ ဘာလုပ်ပေးနိုင်မလဲ"လို့ မေးတယ်။ အဲ့ဒီအခါ ရွာထဲက အသက်ကြီးတဲ့အဖိုးအိုကြီးက-

"အခုလို ရေတွေတက်နေတာဟာ ပင်လယ်နက်ထဲက နဂါးဘုရင်ကြီးရဲ့ ပုလဲနက်ကြောင့် တက်နေတာဖြစ်တယ်။ အဲ့ဒီပုလဲနက်ကို သွားယူနိုင်မှ ရေတက်တာ ရပ်တန့်သွားမှာ ဖြစ်တယ်"ဆိုပြီး ပြောတယ်။ 'ယမ်'က-

"ကောင်းပါပြီ။ ကျွန်တော် ကြိုးစားပြီးတော့ သွားယူပေးပါ့မယ်"ဆိုပြီး ကတိပေးခဲ့တယ်။ သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ ပင်လယ်ကမ်းစပ်မှာ ပြန်ဆုံကြတယ်။

"ကဲ… ပင်လယ်တော့ရောက်လာပြီ။ တို့ဘယ်လိုလုပ်ပြီး ပင်လယ်အောက်က နန်းတော်ထဲကိုရောက်အောင် ဘယ်လိုသွားကြမှာလဲ"လို့ 'ယူ'က ညည်းညူပြီး ပြောတယ်။ အဲ့ဒီအခါ 'ယမ်'က-

"ငါတို့မှာ မင်းသမီးလေးရဲ့ ဆံထိုးပါတယ်လေ။ ဒါကို အသုံးပြုကြည့်ရအောင်လေ"ဆိုပြီး သတိပေးလိုက်တယ်။ ဒါနဲ့ 'ယူ'က ဆံထိုးလေးကို အိတ်ထဲက ထုတ်ပြီး မြှောက်ကိုင်လိုက်တဲ့အချိန်မှာ ပင်လယ်လှိုင်းလုံးကြီးတွေက နှစ်ပိုင်းကွဲထွက်သွားပြီး အလယ်ခေါင်မှာ လူသွားလမ်းပေါ်လာတယ်။ ဒါနဲ့ သူတို့လည်း ဆံထိုးကို ကိုင်ထားရင်းနဲ့ ပင်လယ်နက်ထဲကို ရောက်နိုင်တဲ့ လူသွားလမ်းအတိုင်း တထိတ်ထိတ်နဲ့ လာခဲ့ကြတယ်။

အတော်လေးဝေးတဲ့နေရာရောက်တော့ သူတို့ နန်းတော်ကို စပြီးတွေ့ရတယ်။ နဂါးဘုရင်ကြီးက သူတို့နှစ်ယောက်ကို ဘာမှအန္တရာယ်မပေးဘဲနဲ့ ကောင်းမွန်စွာ ဆီးကြိုပြီးတော့ ရတနာတွေထားတဲ့ အလွန်ကြီးမားတဲ့ ခရုခွံကြီးတစ်ခုထဲကို ခေါ်သွားတယ်။

"မင်းတို့ကြိုက်ရာ တစ်ယောက်တစ်ခုတော့ ယူနိုင်တယ်"ဆိုပြီး ဘုရင်ကြီးက ပြောတယ်။ အထဲမှာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ မြောက်မြားစွာ တွေ့ရှိရတယ်။ သူတို့ အဲ့ဒါတွေကို မက်မောပေမယ့် အဲ့ဒီ ကျောက်သံပတ္တမြားတွေရဲ့ အလယ်က ရွှေကလပ်ပေါ်မှာ တင်ထားတဲ့ ပုလဲဖြူတစ်လုံးတွေ့ရတယ်။ 'ယူ'က အဲ့ဒီပုလဲဖြူကို အရင်ဆုံး လှမ်းယူလိုက်တယ်။

"ကဲ… ပုလဲဖြူတော့ရပြီ။ ငါတော့ ဒီမင်းသမီးလေးနဲ့ လက်ထပ်ရတော့မယ်"ဆိုပြီး နှုတ်ကလည်း ပြောလိုက်သေးတယ်။ 'ယမ်'ကတော့ ရွာသူရွာသားတွေကို ကတိပေးထားခဲ့တဲ့အတိုင်း ပုလဲနက်ကိုရှာတယ်။ အဲ့ဒီ ရတနာပုံကြီးရဲ့အောက်ခြေမှာ သေးငယ်တဲ့ ပုလဲနက်လေးတစ်လုံးကိုတွေ့တယ်။ အဲ့ဒီအခါ သူက-

"ကျွန်တော့်ကို ဒီပုလဲနက်လေးပေးပါခင်ဗျာ" ဆိုပြီးတော့ ဘုရင်ကြီးဆီမှာ တောင်းတယ်။ ဘုရင်ကြီးက ခေါင်းငြိမ့်ပြတယ်။ နောက်ပြီး သူတို့နှစ်ယောက်စလုံးကို နန်းတော်ကအထွက်မှာ ဘုရင်ကြီးက လက်ဝါးချင်းရိုက်လိုက်တယ်။ ချက်ချင်းပဲ သူတို့နှစ်ယောက်စလုံးဟာ ကမ်းခြေကို ရောက်သွားကြတယ်။ ပြီးတော့ သူတို့ တဲကို အမြန်ဆုံးပြန်တော့တာပေါ့ကွယ်။

လမ်းမှာ ရေကြီးနေတဲ့ရွာကိုရောက်တော့ 'ယမ်'က ရွာသူရွာသားတွေကို သူယူဆောင်လာတဲ့ ပုလဲနက်ကိုပြတဲ့အခါမှာ ရွာသူရွာသားတွေက အားလုံးဝိုင်းပြီး ဆုတောင်းလိုက်တဲ့အတွက် ရေတွေကျသွားတယ်။ ဒါကြောင့် ရွာသားတွေက ကျေးဇူးတင်တဲ့အကြောင်း အော်ဟစ်ပြီးတော့ ပြောကြတယ်။ အဲ့ဒီအချိန်မှာပဲ မင်းသမီးလေးကလည်း အဲ့ဒီရွာကို ရောက်လာတယ်။ ပြီးတော့ 'ယမ်'ကို ပြုံးပြတယ်။

"သင့်မှာ တကယ့်ရွှေနှလုံးသားရှိတာ အမှန်ပဲ"ဆိုပြီး မင်းသမီးလေးက ချီးကျူးစကားပြောတယ်။ အဲ့ဒီအခါ 'ယူ'က

"မဟုတ်ဘူးလေ ဟောဒီမှာ ပုလဲဖြူက ငါကိုယ်တိုင်ယူလာခဲ့တာ"ဆိုပြီး ကြားဖြတ်ပြီးပြောတယ်။ နောက်ပြီး သူ့ရဲ့အိတ်ထဲ ထည့်လာတဲ့ ပုလဲဖြူကို ထုတ်လိုက်တဲ့အခါ ပုလဲဖြူမဟုတ်တော့ဘဲ ရွှံ့နဲ့လုပ်ထားတဲ့ လောက်စလုံးဖြစ်နေတယ်။ အဲ့ဒီအခါ 'ယူ'က-

"ဟာ ဘယ်လိုဖြစ်တာလဲ" ဆိုပြီး အော်မိတယ်။ အဲ့ဒီအချိန်မှာပဲ ရွာသူရွာသားတွေ ယူဆောင်ထားတဲ့ ပုလဲနက်ဟာ အရောင်တွေထွက်လာပြီး အစင်ကြယ်ဆုံး အဖြူရောင်အဖြစ်နဲ့ အသွင်ပြောင်းသွားခဲ့တယ်။ မင်းသမီးက-

"ဒါ ကျွန်မရဲ့ပုလဲပါပဲ။ အသင်သာလျှင် ကျွန်မရဲ့ခင်ပွန်းဖြစ်ထိုက်ပါတယ်" ဆိုပြီး 'ယမ်'ကိုပြောလိုက်တယ်။ နောက် သူတို့နှစ်ယောက်ဟာ ရေအောက်နန်းတော်ကြီးထဲမှာ နဂါးဘုရင်ကြီးက ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ပေးပြီးတော့ အသက်ထက်ဆုံးပျော်ရွှင်စွာ နေသွားကြတာ ပေါ့ကွယ်။ 'ယူ'ကတော့ သူနေခဲ့တဲ့တဲလေးမှာပဲ တစ်ယောက်တည်း ပင်ပန်းဆင်းရဲစွာ သစ်တွေဆက်ခုတ်ရင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုရင်း နေသွားရရှာတာပေါ့ကွယ်။

ဒီပုံပြင်လေးကနေပြီး စိတ်နှလုံးသားကောင်းမွန်ဖို့ အရေးကြီးတယ်။ အကူအညီလိုအပ်နေတဲ့ လူတွေကို တတ်နိုင်သမျှ ကူညီကြရမယ်။ အဲ့ဒီလို ကူညီခြင်းအားဖြင့် စေတနာကြောင့် တစ်နေ့တစ်ချိန်မှာ တူညီတဲ့ အကျိုးကျေးဇူးတွေ ခံစားရရှိနိုင်တာပေါ့ကွယ်။

***တက္ကသိုလ်မလေးခိုင်***

## ရသစာပေဖွံ့ဖြိုးရေးအတွက် ကဗျာရေးဖွဲ့မှုခံစားခြင်း စာပေဆွေးနွေးမှု မြောင်းမြ Community Centre တွင် ပြုလုပ်

ရသစာပေဖွံ့ဖြိုးရေးအတွက် မြရာမြေစာပေရပ်ဝန်း ကဗျာချစ်သူများက ကဗျာရေးဖွဲ့မှုခံစားခြင်း စာပေဆွေးနွေးမှုကို မြောင်းမြခရိုင် Community Centre ၌ ဖေဖော်ဝါရီ ၂၄ ရက်နေ့ ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးနှင့် ဆရာဦးကျော်ညွန့်တို့က ကဗျာရေးဖွဲ့မှုခံစားခြင်း စာပေဆွေးနွေးမှု ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပေးကာ ကဗျာဆရာ ရွှေပြည်စိုး (မြောင်းမြ)က ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ရေးဖွဲ့ထားသော "အမြဲလန်းသော အသဲပန်းတစ်ပွင့်"ကိုယ်တိုင်ရေးကဗျာကိုလည်းကောင်း၊ ဆရာမောင်နု (ပန်းတော်ဆက်)၊ ဆရာမျိုးနိုင်(မြောင်းမြ)၊ ဆရာဝေလင်းအောင်တို့က ကဗျာရေးဖွဲ့မှုနှင့် ကဗျာခံစားမှုအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ကဗျာရေးဖွဲ့မှုခံစားခြင်း စာပေစကားဝိုင်းသို့ မြရာမြေစာပေရပ်ဝန်း ကဗျာချစ်သူအဖွဲ့ဝင်များ၊ ကဗျာဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း၊ မြရာမြေစာပေရပ်ဝန်း ကဗျာဝိုင်းတော်သားများက အလယ်တန်းနှင့် အထက်အဆင့် ကဗျာဝါသနာပါသူ ကျောင်းသား၊ ကျောင်းသူများအား မြောင်းမြ Community Centre ၌ နွေရာသီ ကဗျာရေးဖွဲ့နည်း သင်တန်းကို ၂၀၁၈ ခုနှစ်၊ မတ် ၂၄ ရက်မှ ၃၀ ရက်နေ့အထိ အခမဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

***လွှမ်းသီဟ(ပြန်/ဆက်)***


ကိုပလွေရိုး နဲ့တွေ့တာ အဆက်ပဲ.. မရှင်းတာလေး မေးချင်လို့
မေးဗျာ ကိုကာတေ
မိန်းမတို့ကွက်ခွေ ရှေ့ဆေးလို့ မရ.. ဆိုတဲ့စကားက မှားနေသလားလို့..
ဟာမ်..ဘယ်လိုဖြစ်ပြီး မှားလို့လဲဟင်..
အမှန်က.. မိန်းမတို့ကွက်ခွေ ရှေ့ဆေးလို့မရ..ဖြစ်ရမှာဗျ..
ရှေ့နဲ့ရှေ့နဲ့ လွဲနေတယ်ပေါ့..
ပြောင်းရုံမက.. ထပ်ပြီးမွဲကြမ်းလို့ အတိုးပေးလိုက်ရတာသာကြည့်တော့..
ဘယ်လိုရှေ့လိုက် မိလို့လဲဟင်..
ဒါ နောက်မိန်းမတစ်ယောက်ထပ်ယူလိုက်တာနဲ့..မင်းကရာထူးတိုးပြီး 'အကြီး' နေရာရောက်သွားမှာ သေချာနေပြီ..ဘယ်လိုသဘောရလဲလို့..ပြောကြသတာ
ဂျမ်ပရီ မိုးရှင်း....
ရာထူးလဲမတိုးချင်ဘူး...နေရာလဲရှေ့မပေးနိုင်ဘူး.. တစ်သက်လုံးဒီနေရာကမရွှေ့ဘူး ဆိုပြီးတော့........
အရှေ့မတော်တစ်ဘူ ဆိုပို မှန်မယ်ဗျ..


ဟာ!


စာအုပ် စာပေ
အလိမ္မာ..စာမှာရှိ...စာအုပ် စာပေ..လူ့မိတ်ဆွေ..လို့..ဆိုထားတယ် မှိုလားကွယ်
စာပေရဲ့တန်ဖိုး ကြီးမားပုံကို ရှေးက စာဆို ပညာရှင်ကြီးတွေက ဒီလို ဖွဲ့ဆိုထားတယ်.. အဟမ်း
စာပေအလှ..စာတစ်ပုဒ်လည်း ၁၀ ထောင်.. ၁၀ သိန်း..ကူးတို့ဝန်ထမ်း..လမ်းတစ်လမ်း.. ဇော်ဂျီ...တဲ့...
ဟာ..အဘက ပုဂ္ဂိုလ်ထူး ပဲဗျ.. အတော်နှံ့စပ်တာပဲနော်..
စာဖတ်တဲ့အကျိုး ကျေးဇူးပေါ့ကွာ..
အဘ ဘိုးဘိုးအောင်..အဘ ဘိုးမင်းခေါင် ထွက်ရပ်ပေါက် ဗိဇ္ဇာရှစ်ဆောင်းရေးတဲ့ စာတွေလည်း ဖတ်ဖူးမှာပဲနော်..
သူတို့က စာရေး ဆရာတွေမဟုတ်တော့...
သူတို့ရေးတဲ့စာမဖတ်ဖူးဘူးဟ...
ဇော်ဂျီရေးတဲ့ စာတောင်ရှိသေးတာ.. ဗိဇ္ဇာရှစ်ဆောင်းရေးတဲ့ စာလည်းရှိမှာပဲပေါ့ အဘရယ်...
ငါ ပြောတဲ့ ဇော်ဂျီက..ကလောင်နာမည်ဟ..စာဆိုပညာရှင်အကျော်အမော်ဆရာဇော်ဂျီကိုတောင် မသိကဲ့ရမ်းတုတ်တဲ့ကောင်.. သေပေတော့..
ဆောရီး အဘ..ဆောရီး...

# စကိတ်နှင့် BMX စက်ဘီးသမား ၃၀၀ ခန့်ပါဝင်မည့်ပြိုင်ပွဲကြီး ဧပြီ ၁ ရက်တွင် ကျင်းပမည်

မြန်မာနိုင်ငံ စကိတ်ဝါသနာရှင်များ အသင်းနှင့် မြန်မာ BMX အသင်းတို့ ပူးပေါင်းပြီး Urban Movement ဟု အမည်ပေးထားသော စကိတ်နှင့် BMX ပြိုင်ပွဲကို လာမည့် ဧပြီ ၁ ရက်နေ့တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ပြီး စကိတ်သမားနှင့် BMX စက်ဘီးသမား ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲ၌ Urban Movement တွင် BMX ပြိုင်ပွဲအမျိုးအစားတစ်မျိုးနှင့် စကိတ်ပြိုင်ပွဲ အမျိုးအစား ၁၀ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲက မြန်မာနိုင်ငံတွင် အကြီးမားဆုံးပြိုင်ပွဲတစ်ခုဖြစ်ကြောင်း၊ ပြိုင်ပွဲကို နက်စ်ကော်ဖီက စပွန်ဆာပေးပြီး ပြိုင်ပွဲတစ်ခုလုံးအပြင် စကိတ်ကွင်းပါ လှူဒါန်းမှာဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၅၀ နှင့် ၃၀၀ ကြား ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် ပြိုင်ပွဲဝင် ၁၀၀ ကျော်က စာရင်းပေးထားကြောင်း မြန်မာနိုင်ငံ စကိတ်ဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးလွင်လတ်က ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲကာလအတွင်း Yangon Redesignes အစရှိသည့် မြို့ပြလူနေမှုကို ပေါ်လွင်စေမည့် ဆိုင်ခန်းများနှင့် မျက်နှာဆေးခြယ်ခြင်း၊ ကြိုက်နှစ်သက်ရာ ပန်းချီဆွဲပေးခြင်း၊ လက်တန်းဂရပ်ဖစ်တီ ရေးဆွဲခြင်း လှုပ်ရှားမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲကို အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ စကိတ်သမားတိုင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပြီး နိုင်ငံတကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖူးတဲ့ ကစားသမားတွေလည်း ယှဉ်ပြိုင်နိုင်ပါတယ်။ ပြိုင်ပွဲအမျိုးအစားတိုင်းတွင် အဆင့်ငါးအတွင်းဝင်သော ကစားသမားများကို ဆုချီးမြှင့်မည်ဖြစ်သည်။ ဆုကြေးကိုတော့ ငွေကြေးအစား ပရော်ဖက်ရှင်နယ်စကိတ်စီးဖိနပ်ကို ဆုအဖြစ် ချီးမြှင့်သွားမှာ ဖြစ်ပါတယ်"ဟု ဦးလွင်လတ်က ပြောကြားခဲ့သည်။

***အင်တာနက်***


ဓာတ်ပုံ-အင်တာနက်

# မျိုးဆက်သစ်လူငယ်များကို မန်စီးတီးအသင်းနှင့် ပူးတွဲလေ့ကျင့်နိုင်ရေးစီစဉ်



ဓာတ်ပုံ-အင်တာနက်

မြန်မာနိုင်ငံမှ မျိုးဆက်သစ်ကစားသမားများကို ရှာဖွေဖော်ထုတ်ရန်အတွက် အင်္ဂလန်ကလပ် မန်စီးတီးအသင်းမှာ သွားရောက်လေ့ကျင့်နိုင်ရန် ဖုန်းကုမ္ပဏီတစ်ခုဖြစ်သည့် TECHNO က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၈ နှစ်လယ်ပိုင်းလောက်တွင် ပြည်တွင်းက ပရော်ဖက်ရှင်နယ် ကလပ်အသင်းများရဲ့ အကူအညီနဲ့ သင်တန်းလေးတွေ လုပ်ဆောင်သွားမှာပါ။ ခြေစွမ်းခြေစရှိတဲ့ လူငယ်တွေကိုလည်း မန်ချက်စတာစီးတီးအသင်းအထိ ပို့ဆောင်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ ထပ်မံသွားရောက် လေ့ကျင့်စေနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ အနာဂတ်တွင် မြန်မာ့လက်ရွေးစင်အသင်းအတွက် ခြေစွမ်းမြင့်မားတဲ့ ကစားသမားကောင်းတွေ ပေါ်ထွက်လာစေရေးကို ရေးရှုပြီး ဆောင်ရွက်သွားမှာပါ"ဟု TECHNO ကုမ္ပဏီ၏ ဈေးကွက်ဒါရိုက်တာ ဖီးလစ်မန်းက ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် TECHNO ကုမ္ပဏီက မြန်မာ့ဘောလုံးအားကစားကို အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အနာဂတ်တွင် မြန်မာ့ဘောလုံးလောကအတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ TECHNO စမတ်ဖုန်းသည် လက်ရှိတွင် အာဖရိကထိပ်ဆုံးမိုလ်ဘိုင်းဖုန်း တံဆိပ်သုံးခုထဲမှာ တစ်ခုအပါအဝင်ဖြစ်၍ နိုင်ငံပေါင်း ၄၀ ကျော်မှာ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံတွင် မတ်လဆန်းမှ စတင်ပြီး ဖုန်းအမျိုးအစား နှစ်မျိုး စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

***အင်တာနက်***

## သတင်းအတိုအထွာ

❍ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ယှဉ်ပြိုင်မည့် အာရှဖလားခြေစစ်ပွဲ အုပ်စုအဆင့် လက်ကျန်ပွဲစဉ်များဖြစ်သည့် ကာဂျစ္စတန်ပွဲစဉ်ကို မတ်လ ၂၂ ရက်နေ့နှင့် မကာအိုအသင်းပွဲစဉ်ကို မတ်လ ၂၇ ရက်နေ့တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

❍ အာဆင်နယ်အသင်း၏ ဂန္တဝင်တိုက်စစ်မှူးဟောင်းဖြစ်သူ အွန်နရီက အာဆင်နယ်အသင်း၏ နည်းပြရာထူးနေရာကို စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု သိရသည်။

❍ ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်သည် နောင် နှစ်နှစ်အကြာတွင် MMA ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်းနှင့် အနားယူပြီးပါက လူငယ်များနှင့် ကလေးများအား MMA ပညာရပ်များ မျှဝေပေးရန်အတွက် သင်တန်းဖွင့်ရန်ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

❍ လီဗာပူးအသင်း၏ တိုက်စစ်မှူး မိုဟာမက်ဆာလာသည် ဖေဖော်ဝါရီလအတွက် PFA အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပြီး အဆိုပါဆုကို လီဗာပူးကစားသမားဘဝတွင် သုံးကြိမ်မြောက်ရရှိခဲ့ခြင်း ဖြစ်သည်။

❍ ၂၀၁၈ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုအနေဖြင့် အားကစားနည်းအလိုက် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

❍ ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် မန်စီးတီးအသင်း အနေဖြင့် ချန်ပီယံဖြစ်ခဲ့ပါက အသင်းကစားသမားတစ်ဦးချင်းစီကို အပိုဆုကြေး ပေါင်တစ်သန်းစီ ပေးအပ်သွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

***အင်တာနက်***

# အာရှစနူကာ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အာရှနိုင်ငံ ၁၅ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှစနူကာချန်ပီယံရှစ်ပြိုင်ပွဲကို မတ် ၂၄ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ Rose Garden ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ အာရှဘိလိယက်ပြိုင်ပွဲ၊ အာရှယူ ၂၁ စနူကာပြိုင်ပွဲ နှစ်မျိုးကိုကျင်းပသွားမည်ဖြစ်ပြီး အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ အပါအဝင် အာရှနိုင်ငံ ၁၅ နိုင်ငံမှ ပြိုင်ပွဲဝင်ကစားသမား ၇၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအတွက် မြန်မာနိုင်ငံမှ ဘိလိယက်ကစားသမား ခြောက်ဦးနှင့် စနူကာကစားသမား ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ဒီဇင်ဘာမှ စတင်၍ ရန်ကုန်နှင့် နေပြည်တော်တို့၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

***အင်တာနက်***


ဓာတ်ပုံ-အင်တာနက်


ဓာတ်ပုံ-အင်တာနက်

# IAAF Silver Road Race 2018 ပြိုင်ပွဲ မြန်မာ ပထမဆုံးအကြိမ် ယှဉ်ပြိုင်မည်

တရုတ်နိုင်ငံ၊ တိုင်ပေမြို့တွင် ကျင်းပမည့် IAAF Silver Road Race 2018 ဖိတ်ခေါ်မာရသွန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံရသဖြင့် မြန်မာနိုင်ငံမှ ကစားသမား တစ်ဦး ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မတလ် ၁၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ပြိုင်ပွဲဝင်များဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ IAAF Silver Road Race အမည်ရှိ အဆိုပါပြိုင်ပွဲ၌ ၂၀၁၇ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၂၀၀၀ ကျော်ရှိပြီး ကမ္ဘာတစ်ဝန်းမှ ပါဝင်ယှဉ်ပြိုင်ကြသည်။ ယခုနှစ်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်ဦးရေ ထပ်မံတိုးလာဖွယ်ရှိနေသည်။

မြန်မာနိုင်ငံသည် အဆိုပါပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမား စုစုပေါင်း သုံးဦး သွားရောက်ကြမည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားကို လက်ရှိတွင် ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

***အင်တာနက်***

# အားတွေအပြည့်ရှိနေပြီဆိုတဲ့ အဆိုတော်ဇော်ဝင်းထွဋ်


ဓာတ်ပုံ-ဇော်ဝင်းထွဋ်FB

အမှတ်တရတွေ အများကြီးရှိခဲ့တဲ့ ဇော်ဝင်းထွဋ်၊ ချစ်ကောင်း၊ ဂျေမောင်မောင်တို့ရဲ့ 90's Rock Legends ဖျော်ဖြေပွဲကြီးအတွက် အဆိုတော် ဇော်ဝင်းထွဋ်ကတော့ ရင်ခုန်တယ်ဆိုတာထက် အားတွေအပြည့်ရှိနေပြီလို့ သိရပါတယ်။

“ဒီပွဲက သုံးယောက်ပေါင်းဆိုတော့ ကျွန်တော့်အတွက် တော်တော်အားရှိတာပေါ့နော်။ ကိုယ်နဲ့အတူဖြတ်သန်းခဲ့ကြတဲ့ ကိုယ့်ရဲ့ဘော်ဒါ အရင်းခေါက်ခေါက်ကြီးတွေနဲ့ ဆိုရမှာဆိုတော့ ကျွန်တော့်အတွက် မဆိုခင်ကတည်းက အားပြည့်နေပါပြီ။ သီချင်းအပုဒ်ရေတွေကိုလည်း သုံးယောက်ပေါင်းဆိုမှာတွေလည်းရှိတော့ ပျမ်းမျှ အပုဒ် ၄၀ လောက်ဆိုဖြစ်ကြမှာပါ”လို့ ဆိုပါတယ်။

90's Rock Legends ဖျော်ဖြေပွဲကြီးကို မတ်လ ၂၄ ရက်နေ့ည သုဝဏ္ဏဘူမိ Event Park မှာ ကျင်းပပြုလုပ်သွားမယ်လို့ သိရပါတယ်။ ၁၉၈၇-၁၉၉၀ အတွင်းမှာ အောင်မြင်ကျော်ကြားခဲ့တဲ့ သီချင်းပေါင်း အပုဒ်ရေ ၄၀ ကျော်ကို အဆိုတော်ကြီး ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်နဲ့ ချစ်ကောင်းတို့က ဖျော်ဖြေသွားမယ်လို့ သိရပါတယ်။ လက်မှတ်ဈေးနှုန်းတွေကတော့ တစ်သိန်း၊ ငါးသောင်း၊ သုံးသောင်းဆိုပြီးတော့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။

***ပိုင်ပိုင်***

စာအုပ်စင်ကဏ္ဍ

## ငွေကြယ်ပွင့်တို့ရဲ့ မိုးကောင်းကင်နှင့် မင်္ဂလာမောင်မယ် ကျန်းမာရေးစကားဝိုင်းများ(၁၀)



စာရေးဆရာ ဒေါက်တာလွင်သန့်(ဆေး-၂)၏ “ငွေကြယ်ပွင့်တို့ရဲ့ မိုးကောင်းကင်နှင့် မင်္ဂလာမောင်မယ် ကျန်းမာရေးစကားဝိုင်း(၁၀)”စာအုပ်သည် ကျန်းမာရေးပညာပေးဆောင်းပါးများ စုစည်းထားခြင်းဖြစ်ပါသည်။ လူသားတိုင်း ကျန်းမာရေးပြဿနာများကို ဖြေရှင်းရာတွင် နည်းလမ်းကောင်းများနှင့် ရောဂါလက္ခဏာများကို အချိန်မီ သိရှိခြင်းအားဖြင့် ကြိုတင်ကာကွယ်ကုသနိုင်ရန် လမ်းညွှန်ထားခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင် ဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အသက်ရှုလမ်းကြောင်းရောဂါများ၊ နှလုံးသွေးကြောရောဂါ၊ အရိုးအဆစ်ဆေးပညာ၊ လူငယ်နှင့် ကျန်းမာရေးဆိုင်ရာ မှုခင်းဆေးပညာ စသည့် ကဏ္ဍအလိုက် ကျန်းမာရေးဆိုင်ရာများကို ပညာပေးရေးသားထားခြင်းဖြစ်သည်။

ယင်းစာအုပ်ကို မုဒိတာစာပေ၊ အမှတ်(၇၀)၊ ဇေယျာသီရိလမ်း၊ လှည်းတန်း(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့က တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဖြန့်ချိထုတ်ဝေ ရောင်းချလျက်ရှိသည်။

***ဆောင်းဝတီ***

# အမိုက်စား အနုပညာရှင်တွေနဲ့ အားပါးတရဖျော်ဖြေမယ့် ဆိုဖီယာ

Myanmar Idol အစီအစဉ်ကနေ ပရိသတ်အားပေးမှုရရှိထားတဲ့ အဆိုတော် ဆိုဖီယာကတော့ သူမရဲ့ ဒုတိယမြောက်အခွေကို မတ်လ ၁၈ ရက်နေ့မှာ ထွက်ရှိမှာဖြစ်ပြီး အခွေနာမည်ကို “နှင့်ရဲ့”ဆိုပြီး နာမည်ပေးထားတာ ဖြစ်ပါတယ်။ အခွေပရိုမိုးရှင်းပွဲလေးကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံမှာ ကျင်းပမှာဖြစ်ပြီးတော့ ပရိသတ်တွေကိုလည်း လာဖို့ဖိတ်ခေါ်ထားပါသေးတယ်။

“ အားလုံးပဲ မင်္ဂလာပါ Sophie ကိုချစ်တဲ့ ပရိသတ်တစ်ယောက်စီတိုင်းနဲ့ အနုပညာရှင် မောင်နှမများအားလုံး ဒုတိယမြောက် တစ်ကိုယ်တော်ခွေဖြစ်တဲ့ “နှင့်ရဲ့”အခွေလေးကို မတ်လ ၁၈ ရက်နေ့ မဟာဗန္ဓုလပန်းခြံမှာ ကျင်းပမှာဖြစ်တဲ့အတွက် အားလုံးလာရောက်အားပေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်။ အဲဒီနေ့ အမိုက်စား အနုပညာရှင်တွေနဲ့ အားပါးတရ ဖျော်ဖြေမှာ ဖြစ်ပါတယ်နော်။ အရင်ဆုံး Sophie နဲ့အတူ Profile လေးတွေ ချိန်းပေးစေချင်ပါတယ်”ဆိုပြီး သူမရဲ့ လူမှုကွန်ရက်မှာ ရေးသားထားပါတယ်။

Myanmar Idol ပြိုင်ပွဲမှာကတည်းက လူသိများခဲ့တဲ့ ဆိုဖီယာအဲဗားရက်စ်က အဆိုပိုင်းတင်မက သရုပ်ဆောင်ဘက်မှာလည်း အိုက်တင်ပီပြင်အောင် သရုပ်ဆောင်နိုင်သူပါ။ သူမနဲ့ မေကြည်တို့အတူပါဝင်ထားတဲ့ “နောက်ကျောကဓား”ဆိုတဲ့ ဇာတ်ကားနဲ့ “နောင်ဘယ်တော့မှမမုန်း”ဆိုတဲ့ ဇာတ်ကားတို့မှာလည်း ပါဝင်သရုပ်ဆောင်ထားသူလည်း ဖြစ်ပါတယ်။

***မိုးလေး***



ဓာတ်ပုံ - ဆိုဖီယာ FB

# အနုပညာရှင်များ၏ အကယ်ဒမီ ရင်ခုန်သံများ


ဓာတ်ပုံ-ကိုပေါက် FB

**ကိုပေါက်**

ဒါရိုက်တာ ကိုပေါက်ကတော့ “ကျွန်တော့်အတွက်ကတော့ ရင်ခုန်စရာဆိုလို့ ဆယ်လီရုပ်ရှင်ဇာတ်ကား တစ်ခုပဲရှိပါတယ်။ ဇာတ်ကားရိုက်တဲ့အချိန်မှာတော့ အကောင်းဆုံး လုပ်ထားခဲ့တယ်”လို့ ဆိုပါတယ်။ ဒါရိုက်တာကိုပေါက်ရဲ့ သော်ဝန်းကြာဖြူရုပ်ရှင်ထုတ်လုပ်ရေးကနေ ပထမဆုံးထုတ်လုပ်ထားတဲ့ “ဆယ်လီ”ရုပ်ရှင်ဇာတ်ကားကြီးအတွက် ထုတ်လုပ်သူဆုကလည်း မဖြစ်နိုင်သေးပါဘူးလို့ သူက ပြောပါတယ်။

**အိချောပို**

သရုပ်ဆောင် အိချောပိုကတော့ သူမပါဝင်သရုပ်ဆောင်ထားတဲ့ “ပွဲခံမယ်”၊ “အမည်ပေါက်နဲ့ ကျူး”ရုပ်ရှင်ဇာတ်ကားကြီးတွေကလည်း အကယ်ဒမီစာရင်းဝင်ပေမယ့် “အကယ်ဒမီရင်ခုန်သံကတော့ ကိုယ့်ရဲ့ စီနီယာအစ်ကို၊ အစ်မတွေ ကြားနေရတဲ့သူတွေအကုန်လုံးကို ရစေချင်ပါတယ်။ အကယ်ဒမီဆိုတာကတော့ အနုပညာသမားတိုင်းမျှော်လင့်တဲ့ အရာလေးပါပဲ။ ဒါပေမယ့် အိချော လိုပါသေးတယ်။ အိချော ကြိုးစားနေဆဲပါပဲ”လို့ ဆိုပါတယ်။


ဓာတ်ပုံ-အိချောပို FB


ဓာတ်ပုံ-ပိုင်ဖြိုးသု FB

**ပိုင်ဖြိုးသု**

၂၀၁၇ အကယ်ဒမီဆုဆန်ခါတင်စာရင်းတွင် “နေဝင်အိပ်တန်းတက်” ဇာတ်ကားပါဝင်ပေမယ့်၊ အတွေ့အကြုံနည်းနေသေးလို့ မမှန်းရဲကြောင်း သရုပ်ဆောင်ပိုင်ဖြိုးသုက ပြောကြားခဲ့ပါတယ်။ ပိုင်ဖြိုးသုက လက်ရှိတွင် ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်) ရိုက်ကူးတဲ့ “စပွန်ဆာ”ဇာတ်ကားမှာ နေတိုးနဲ့အတူ ပါဝင်သရုပ်ဆောင်နေပါတယ်။

***မိုးလေး***

# ချစ်ရတဲ့သူတွေကို အကယ်ဒမီရစေချင်တဲ့ ခင်စန်းဝင်း


မိတ်ကပ်ခင်စန်းဝင်းက မကြာခင်ကျင်းပတော့မယ့် အကယ်ဒမီပေးပွဲကြီးမှာ ဆုရစေချင်တဲ့ အနုပညာရှင်တွေအကြောင်းကို Duwun Media ကနေ အခုလို ပြောပြခဲ့ပါတယ်။ “အနုပညာအသိုင်းအဝိုင်းမှာဆိုရင်တော့ အူဝဲပေါ့ “ရင်ဘတ်ထဲကဓား” အဲ့ဒါကတော့ အားလုံးလည်းရစေချင်တယ် ထင်ပါတယ်။ မကြီးကတော့ မကြည့်ရသေးပေမယ့် အွန်လိုင်းပေါ်မှာ ကြားနေရတဲ့ သတင်းတွေကြောင့် အူဝဲကိုတော့ ရစေချင်တယ်” လို့ဆိုပါတယ်။ အကယ်ဒမီရစေချင်တဲ့ ချစ်သူမင်းသားကိုလည်း ဖွင့်ဟပြောပြခဲ့ပါသေးတယ်။

“မင်းသားထဲမှာက မကြီးချစ်သူပေါ့ သူ့ကို ရစေချင်တယ်။ ကိုနေတိုး မကြီးက သူ့ကိုချစ်တာပါ သူကချစ်တာ မဟုတ်ဘူး။ သူ့ကိုရစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ တာတေကြီးကလည်း ကောင်းနေတော့ ရစေချင်ပါတယ်”လို့ မိတ်ကပ်ခင်စန်းဝင်းက ပြောပါတယ်။

မိတ်ကပ်ခင်စန်းဝင်းကတော့ ပထမဆုံးအကြိမ်ရိုက်ကူးလိုက်တဲ့ မကြီးစန်းနှင့် သူ၏ချစ်သူများ ဗီဒီယိုဇာတ်ကားကနေစပြီး ပရိသတ်အရှေ့ကို သရုပ်ဆောင်တစ်ယောက်အဖြစ် ရောက်ရှိလာတာဖြစ်ပါတယ်။ နောက်ထပ်လည်း တစ်နေ့ကျမှ မောင့်ကို ဒီအကြောင်းတွေ ပြောပြရဦးမယ်ဆိုတဲ့ ဗီဒီယိုဇာတ်ကားကိုလည်း ရိုက်ကူးထားပါတယ်။ ***မိုးလေး***


ဓာတ်ပုံ-ခင်စန်းဝင်းFB

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကြောင့် စက်ရေတွင်းတူးဖော်မှု အောင်မြင် နွေရာသီကာလရေရှားပါးမှုပြဿနာများ ပြေလည်တော့မည်


ဓာတ်ပုံ-မြန်/ဆက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် တွင်းဖြူကျေးရွာအုပ်စု၊ အင်ပင်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သော စက်ရေတွင်းတူးဖော်မှုလုပ်ငန်း အောင်မြင်ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၂၂ ရက်နေ့က ရေစတင်မှုတ်ထုတ်မှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အင်ပင်ကြီးကျေးရွာတွင် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ် ငါးသန်း၊ စုစုပေါင်း ငွေကျပ် ၁၅ သန်းဖြင့် ၄ ပေ × ၅၅၀ ပေ စက်ရေတွင်းတူးဖော်မှုကို ဖေဖော်ဝါရီလ ၉ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး၊ အနက်ပေ ၅၅၀ တွင် တွင်းတူးမှုလုပ်ငန်းအောင်မြင်သဖြင့် ရေ စတင်မှုတ်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါစက်ရေတွင်းတူးဖော်မှုလုပ်ငန်းပြီးစီးပါက ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လုပ်ငန်းအားလုံးကို မတ်လ ပထမပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လျာထားကြောင်းသိရသည်။ အဆိုပါ စက်ရေတွင်းတူးဖော်မှုလုပ်ငန်းအားလုံးပြီးစီးပါက အိမ်တိုင်ရာရောက် ရေပေးဝေသည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး၊ အင်ပင်ကြီးကျေးရွာရှိ အိမ်ခြေ ၁၈၄ အိမ်မှ လူဦးရေ ၈၀၂ ဦးတို့မှာ သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစက်ရေတွင်းတူးဖော်မှုနှင့် ရေမှုတ်ခြင်းလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် ဝန်ထမ်းများ လိုက်ပါခဲ့ကြပြီး၊ ကျေးရွာရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

***နေအောင်(IPRD)***

# ကျေးရွာနေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ဂုံမင်းအင်းကျေးရွာတွင် ၂၀၁၈ ခုနှစ်အတွင်း စီမံဆောင်ရွက်ပေးမည့် ဆယ်မာအူးလ်အွန်ဒုံ(ကျေးရွာသစ်ဖွံ့ဖြိုးရေး) စီမံကိန်းလုပ်ငန်း စီမံချက်များအရ ကျေးရွာနေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယနေ့မွန်းလွဲ ၁ နာရီတွင် ဂုံမင်းအင်းကျေးရွာသုံးခန်းမ၌ ချေးငွေများထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဂုံမင်းအင်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီအနေဖြင့် ကျေးရွာနေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး အလေးထား၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့အဆင်ပြေစေနိုင်ရန် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် တောင်သူတစ်ဦး ချေးငွေကျပ် သုံးသိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ချေးငွေကျပ် နှစ်သိန်း၊ အစုလိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် တစ်စုကို ချေးငွေကျပ် ၁၅ သိန်းစီကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်ဦးက ပြောကြားသည်။

"ဒီနှစ်က ဆယ်မာအူးလ် အွန်ဒုံစီမံကိန်းကိုဆောင်ရွက်နိုင်ဖို့ ကျပ်သိန်း ၂၇၀ ကျော်ရတယ်။ စီမံကိန်းသုံးခုနဲ့ ဆောင်ရွက်သွားမယ်။ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသုံးခန်းမနဲ့ ရေနုတ်မြောင်းတွေ တည်ဆောက်ပေးသွားမယ်။ ဝင်ငွေတိုးတက်ရရှိရေးအတွက်ကတော့ အခုချေးငွေတွေ ထုတ်ချေးပေးနေပါတယ်။ ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများလည်း လုပ်ဆောင်ပေးသွားမှာပါ" လို့ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

***သန့်မောင်***

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကွမ်းတိုင်းကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးညီညီဦးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာထည့်ဝင်ငွေကျပ်သိန်း ၂၀ တို့ကို ကျေးရွာတွင်းလမ်းကျောက်ချောခင်းရန် ကျေးရွာပြည်သူများနှင့်ညှိနှိုင်းပြီး လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မ ကျောက်ချောလမ်းခင်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြောကြားခဲ့သည်။

***ခင်ဦးစိုးဝေ***

# ကမ်းပြိုကျမှုကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ တည်ဆောက်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ရှမ်းကွင်းကျေးရွာ၌ မြို့လယ်ချောင်း ရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းကို ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည်။

ရှမ်းကွင်းကျေးရွာ ကျောက်စီမြေထိန်းနံရံ အချိန်မီပြီးစီးရေးအတွက် ပဲခူးတိုင်းဒေသကြီး (BRCCA)အဖွဲ့နှင့် မြို့နယ်အဖွဲ့အစည်းဖြစ်သော ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကျောက်စီမြေထိန်းနံရံလုပ်ငန်းကို တိုင်းဒေသကြီး(B.E)ရန်ပုံငွေကျပ်သန်း ၁၆၀ အကုန်အကျခံ၍ ရှမ်းကွင်းကျေးရွာ မြို့လယ်ချောင်းရေတိုက်စားခြင်းမှ ကာကွယ်ရန် အလျားပေ ၈၀၀ အတွက် တည်ဆောက်သွားမည်ဖြစ်ပြီး အမာခံရရှိစေရန် မျှောပိုင်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး၍ သံကူကွန်ကရစ်နံရံ အမြင့် ၄ ပေ တည်ဆောက်ကာ ရေစားသောချောင်းကမ်းပါးလျှောစောင်းအလျား ၁၆ ပေခန့်အား ကျောက်ကြီးစီခြင်းလုပ်ငန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းကို ဖေဖော်ဝါရီလ တတိယပတ်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပြောကြားခဲ့သည်။

***ဇေယျာထွန်း(ကြို့ပင်ကောက်)***


ဓာတ်ပုံ-မြန်/ဆက်

# ဆိုလာပန့်စနစ်ဖြင့် အိမ်တိုင်ရာရောက်ရေရရှိနေ

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ယူနီဆက်နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှုကြောင့် ဆိုလာဖြင့် ဝက်မစွတ်ကျေးရွာတွင် အိမ်တိုင်ရာရောက် ရေရရှိနေကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကသိရသည်။

"ကျွန်တော်တို့ဌာနက နည်းပညာပေးပါတယ်။ ယူနီဆက်က ပိုက်နှင့်ဆိုလာပန့်ထောက်ပံ့ပြီး ပြည်သူကတော့ လိုအပ်တဲ့ ပိုက်လိုင်းသွယ်တာတို့ ရေပိုက်နှင့်ဆက်စပ်ပစ္စည်းဝယ်တာတို့ လုပ်ရပါတယ်။ ယခုလုပ်ငန်းက ပြီးသွားတော့ ကျေးရွာမှာ အိမ်တိုင်ရာရောက် ရေရနေပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လုပ်ငန်းအနေနှင့် ကျေးရွာမှာ အနက်ပေ ၃၂၀ ရှိသည့် အဝီစိရေတွင်းနှစ်တွင်း၌ ဆိုလာပန့် ၅၆ ချပ်စီဖြင့် ရေရှိရေးကို ဆောင်ရွက်ပါကြောင်း၊ ၁ နာရီ ရေထွက်နှုန်း ၁၅၀၀ ဂါလန်ထွက်ရှိကြောင်း၊ အဆိုပါရေကို နေအိမ်အရောက် ဖြန့်ဝေပေးနိုင်တဲ့အတွက် ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံလာကြောင်း တာဝန်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။


ရေနံချောင်းမြို့နယ်၊ ဝက်မစွတ်ကျေးရွာတွင် အိမ်ခြေ ၂၇၉ အိမ်နှင့် လူဦးရေ ၁၁၆၅ ဦးရှိပြီး ကျွဲ၊ နွား၊ ဝက်၊ ဆိတ်များအတွက် သောက်သုံးရေဖူလုံလျက်ရှိကြောင်း နွေရာသီသာမက အခြားရာသီဥတုများတွင် ရေရှားပါးမှုမရှိနိုင်ကြောင်းသိရသည်။


ဓာတ်ပုံ-မြန်/ဆက်

***ရွှေဇင်***

# မျောက် ကြောင် နွားလို ကျင့်ကြပါ

မောင်အောင် (မွေး/ကု)


ဓာတ်ပုံ-အင်တာနက်

မြောက်လေကလေးက တစ်ချက်ဖေ့လိုက်တော့ သိမ့်ကနဲဖြစ်သွားသည်။ နေခြည်မပြူတပြူစအချိန်မှာ သလိပ်ကြီးရွာကလေးနိုးထလာသည်။ ဦးကြီးရွှေမောင်အိမ်ရှေ့အုန်းပင်အောက်တွင် အုန်းလက်ခြောက်များ၊ သစ်ရွက်ခြောက်များဖြင့် ဖိုထားသည့် မီးဖိုဘေး၌ ရေနွေးကြမ်းမှုတ်သောက်ရင်း အအေးဒဏ်ကို အံတုခံနေကြသည်။

"ဟာ ဦးအောင်တို့ အစောကြီးနိုးနေပြီပဲ။ ဦးအောင်နဲ့ ဦးကြီးနွားနို့စစ်စစ်သောက်ရအောင် ခုလေးတင်ညှစ်ပြီးယူခဲ့တာ။ နွားမကြီးတောင် အေးလွန်းလို့ နို့သီးခေါင်းဆီဆွတ်ပြီး ညှစ်လာခဲ့ရတယ်"

ကိုညိုမောင်က နွားနို့ထည့်လာသောချိုင့်ကို အရီးမှည့်ထံလှမ်းပေးရင်း မီးဖိုဘေး ဝင်ထိုင်လိုက်သည်။ အရီးမှည့်က နွားနို့များကို လက်ဖက်ရည်ပန်ကန်လုံး ထဲထည့်၍ ဦးကြီးထံကမ်းပေးရင်း…

"ကဲ ကိုရင်ညိုမောင်လည်း နွားနို့စစ်စစ်လေးသောက်လိုက်ဦး။ မောင်အောင်လည်းသောက်၊ နင်တို့ရန်ကုန်မှာက နွားနို့စစ်စစ်ရဖို့ ခက်လိမ့်မယ်"

ကျွန်တော်က အရီးမှည့် ကမ်းပေးလာသည့် နို့ပန်းကန်ကို လှမ်းယူလိုက်ပြီး

"ဦးကြီးမသောက်နဲ့ဦး၊ နွားနို့စစ်စစ်ဆိုပေမယ့် ကျိုချက်ပြီး သောက်တာအကောင်းဆုံးပါ။ အစိမ်းသောက်ရင် ဝမ်းပျက်ဝမ်းလျှောတာတို့ ဖြစ်လိမ့်မယ်"

"ငါတို့ရွာမှာကွာ တစ်သက်လုံး ဒီလိုပဲသောက်လာတာ၊ ဝမ်းပျက်ဝမ်းလျှောတာမဖြစ်ပါဘူး။ မင်းက မြို့သားမို့ နုလို့ပါကွာ"

ရွာရောက်ကတည်းက ကျွန်တော့်ဘက်က ထောက်ခံပြီး ပြောလေ့ရှိသည့် ဦးကြီးပင်၊ သည်တစ်ခါတော့ ကျွန်တော့်ဘက်က မဟုတ်တော့။ စောဒက တက်လာချေပြီ။

"မှန်ပါတယ် ဦးကြီး၊ ဦးကြီးတို့က တစ်သက်လုံးသောက်လာတော့ ခံနိုင်ရည်ရှိနေပြီ။ ကိုယ်ခံစွမ်းအားရှိနေပါပြီ။ ဒါကြောင့် ဘာမှမဖြစ်တာ။ ဒါပေမယ့် နွားနို့က ကြိုချက်ပြီး သောက်တာကတော့ အကောင်းဆုံးပါ။ အထူးသဖြင့် နွားမမှာ တီဘီရောဂါရှိနေမယ်။ ဝမ်းပျက်ဝမ်းလျှောစေတဲ့ ရောဂါပိုးရှိနေမယ်ဆိုရင် လူမှာ တီဘီပိုး၊ ဝမ်းပျက်ဝမ်းလျှောတို့ဖြစ်မှာ သေချာပါတယ်"

"အေး အဲဒါတော့ ကျုပ်လည်း ထောက်ခံတယ်။ ကိုရင်ရွှေမောင်လည်း သိတယ်မဟုတ်လား။ လယ်ထဲက ဒေါ်ခွေးမ မြေးလေးကို သူ့အမေ ဝွက်ထော်ဆုံးသွားတော့ ဒေါ်ခွေးမက နွားနို့ဝယ်တိုက်ပြီး မွေးခဲ့တာ။ ဆာမိတို့ နွားပိန်မကြီးက မောင်အောင်ပြောသလို တီဘီဖြစ်နေလို့လားမသိဘူး။ ကလေးက ပိန်ပြီးချောင်းဆိုးလာလိုက်တာ။ ရွာကကျန်းမာရေးဆရာမက နွားနို့မတိုက်ခိုင်းတော့ဘဲ နို့မှုန့်ပြောင်းပြီးတိုက်ခိုင်းရတာလေ။ ပြီးတော့ တီဘီပိုးလည်း စစ်ခိုင်းတာလေ"

အရီးမှည့်၏ ထောက်ခံစကားကြောင့် နွားနို့သောက်ရန် ဟန်ပြင်နေသည့် ဦးကြီး။ လက်မှ နွားနို့ခွက်ကို ချထားလိုက်သည်။

"နို့ကို ကျိုချက်ပြီးသောက်မှ နို့ထဲမှာရှိနေတဲ့ ဘက်တီးရီးယားရောဂါပိုးတွေ ကင်းစင်ပြီး နို့ရဲ့အာဟာရ အပြည့်အဝရမှာ။ နောက်တစ်ခါ နွားနို့ညှစ်တာမှာလည်း နေမကောင်းလို့ ဆေးကုနေရတဲ့ နွားမဆီကနို့ကို ညှစ်မယူရဘူး။ အဲဒီနွားမကို ဆေးထိုးပြီးကုနေရင် အဲဒီနွားနို့ထဲမှာပါတဲ့ ဆေးကြွင်းတွေက သောက်တဲ့လူနဲ့မတည့်ရင် အန္တရာယ်ပေးတတ်တယ်"

"အဲနောက် စောစောက ကိုညိုမောင်ပြောတာ ကျွန်တော်ကြားလိုက်တယ်။ အေးလွန်းလို့ နို့ညှစ်မရတာကြောင့် နို့သီးကို ဆီဆွတ်ပြီးညှစ်တာ။ တကယ်တော့ အဲဒါလည်းမလုပ်ရဘူး။ ကျွန်တော်တို့တတွေ နားမလည်ခင်တုန်းကတော့ နို့ဆွဲလို့မရရင် တံထွေးဆွတ်ပြီး ညှစ်တယ်။ ဆီဆွတ်ပြီးညှစ်တယ်။ အဲဒါ အလွန်အန္တရာယ်ရှိတယ်။ နို့ညှစ်တဲ့လူမှာ ကူးစက်ရောဂါရှိနေရင် အဲဒီလူရဲ့ရောဂါက နို့ကိုတစ်ဆင့်၊ သောက်တဲ့လူကို တစ်ဆင့် ကူးစက်စေတယ်။ အထူးသဖြင့် စောစောကပြောသလို နို့ကိုကျိုပြီးမသောက်ဘဲ အစိမ်းသောက်ရင် ပိုပြီးဆိုးတာပေါ့။

"အဲဒါကြောင့် နွားနို့မညှစ်ခင် နွားမရဲ့ နို့အုံ၊ နို့တံတွေကို ရေနှင့် ပြောင်အောင် ဆေးဖို့လိုတယ်။ ပြီးတော့ နို့ညှစ်မည့်လူရဲ့လက်ကိုလည်း ပြောင်အောင်ဆေးရမယ်။ ဒါတင်မကဘူး နို့ညှစ်ထည့်တဲ့ ပုံးတို့၊ ခွက်တို့ကိုလည်း ဆပ်ပြာနှင့် ပြောင်အောင်ဆေးပြီးမှ အဲဒီခွက်ထဲ၊ ပုံးထဲကို နို့ညှစ်ထည့်ရမယ်။ အဲဒါမှ သန့်ရှင်းတဲ့နို့၊ အာဟာရပြည့်ဝတဲ့ နို့ကိုရမှာ"

"အဲဒါနဲ့မပြီးသေးဘူး၊ အဲဒီနို့ကို သေချာကျိုချက်ပြီး သောက်ဖို့လိုမယ်။ နို့ကို ကျိုချက်ပြီးသောက်မှ နို့ထဲမှာရှိနေတဲ့ ဘက်တီးရီးယားရောဂါပိုးတွေ ကင်းစင်ပြီး နို့ရဲ့အာဟာရ အပြည့်အဝရမှာ။ နောက်တစ်ခါ နွားနို့ညှစ်တာမှာလည်း နေမကောင်းလို့ ဆေးကုနေရတဲ့ နွားမဆီကနို့ကို ညှစ်မယူရဘူး။ အဲဒီ နွားမကို ဆေးထိုးပြီးကုနေရင် အဲဒီနွားနို့ထဲမှာပါတဲ့ ဆေးကြွင်းတွေက သောက်တဲ့လူနဲ့မတည့်ရင် အန္တရာယ်ပေးတတ်တယ်"

ကျွန်တော်ကား နွားနို့နှင့်ပတ်သက်၍ သိသင့်သည်များ အရှည်ကြီးရှင်းပြလိုက်ရသဖြင့် နံဘေးတွင် အရီးမှည့်ငှဲ့ပေးထားသည့် ရေနွေးကြမ်းခွက်ကို မှုတ်ပြီး သောက်နေလိုက်သည်။

"မောင်အောင်ပြောတာ ဖြစ်နိုင်တယ်။ ဟိုတလောက ရွာကျောင်းဆရာလေး သာအေးဆီက နွားနို့ဝယ်သောက်လိုက်တာ အဖုအပိမ့်တွေထွက်လာပြီး ယားနေလို့ ကျန်းမာရေးဆရာပြကြည့်တော့ ကျောင်းဆရာက ပင်နီစလင်ဆိုလား ဘာဆိုလား ဆေးမတည့်ဘူးပြောတယ်။ အဲဒါကြောင့်ဖြစ်တာလား မသိဘူး။ ကျောင်းဆရာ အဲဒီလိုဖြစ်ပြီးကတည်းက သာအေးနွားနို့ ဘယ်သူမှ ဝယ်မသောက်ကြတော့ဘူး"

ကိုညိုမောင်၏ ဝင်ရောက်ဆွေးနွေးချက်ကလည်း ကျွန်တော့်စကားကို အထောက်အကူပြုနေသည်။

"အင်း မင်းတို့ခေတ်ကျမှ ရောဂါတွေကလည်း စုံပါ့ကွာ။ ငါတို့ငယ်ငယ်တုန်းကတော့ ရောဂါတွေလည်း သိပ်ထွေထွေထူးထူးဖြစ်တာမရှိဘူး။ အစားအသောက်တွေကလည်း မင်းတို့ခေတ်လို ထူးဆန်းထွေလာတွေ မပါဘူး။ ငါတို့ရွာမှာတော့ မနက်စောစောထမင်းကြမ်းစား၊ ဒါမှမဟုတ် မုန့်ပျားသလက်တို့၊ ဘိန်းမုန့်တို့၊ ထန်းသီးမုန့်တို့ကို ရေနွေးကြမ်းနှင့် မြည်းရင် ပြီးရောပဲ၊ ဗိုက်လည်းပြည့်တယ်။ စားလို့လည်းကောင်းတယ်။ မင်းတို့ခေတ်ကျမှ ဘာကိတ်တွေ၊ ညာကိတ်တွေ၊ အသင့်စားခေါက်ဆွဲထုပ်တွေနဲ့ စုံနေတာပဲ"

"အဲဒီတော့ ငါ့တူကြီး၊ ဒို့တတွေ ကျန်းမာအောင်၊ အန္တရာယ်မဖြစ်အောင် ဘာစားသင့်သလဲ။ ဘယ်လိုစားသင့်သလဲ ပြောစမ်းပါဦးကွာ"

ဦးကြီးက ခေတ်ကာလအခြေအနေကို တွေးဆပြောရင်း ကျွန်တော့်ဘက်လှည့်လာသည်။

"ဦးကြီးရေ၊ အကောင်းဆုံးကတော့ ဘယ်အစာမဆို သန့်သန့်ရှင်းရှင်းစား၊ လတ်လတ်ဆတ်ဆတ်စား၊ နွားနို့ဆိုရင် ကျိုချက်ပြီးသောက်။ အဲနောက် အသက်ကြီးလာရင် အသက် ၅၀ ကျော်လာရင် မျောက် (Monkey)၊ ကြောင်(Cat) နှင့် နွား(Cow)လို ကျင့်ရမယ်။ အင်္ဂလိပ်လို အတိုကောက်ကတော့ MCC ပေါ့"

"ကိုအောင်ကတော့ လုပ်ချလိုက်ပြန်ပဟော့။ ဘယ်နှယ့် ဘယ်နှယ် ငါတို့ကို အသက်ကြီးမှ တိရစ္ဆာန်လိုကျင့်ရမယ်လို့၊ ပေါက်ပေါက်ရှာရှာ။ ရှင်းစမ်းပါဦး။ မျောက်၊ ကြောင်နှင့် နွားလိုကျင့်ရမယ်ဆိုတာ"

ကျွန်တော့်စကားကို ကိုညိုမောင်က ချက်ချင်းတုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ကိုညိုမောင်စကားကို ဦးကြီးရော၊ အရီးမှည့်ပါ စိတ်ဝင်စားစွာဖြင့် ကျွန်တော့်ကို လှမ်းပြီး ကြည့်နေကြသည်။

"အဲဒီတော့ အသက်ကြီးလာလည်း မျောက်လို လှုပ်လှုပ်ရှားရှားနေဖို့လိုတယ်။ ဒါမှ သွေးလေလျှောက်ပြီး ကျန်းမာမှာ။ နောက်တစ်ခါ ကြောင်လိုကျင့်ဆိုတာက ဘယ်အချိန် အစာစားစား၊ နည်းနည်းချင်း စီစားဖို့ပြောတာ။ နည်းနည်းနှင့် ခဏခဏ စားရင် ပြဿနာမရှိဘူး။ အစာလည်းကြေတယ်။ အာဟာရလည်းဖြစ်တယ်။ တစ်ကြိမ်တည်း အများကြီးစားရင် အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး ဒုက္ခရောက်တတ်တယ်။ ဒါကြောင့် ကြောင်လိုတစ်ခါစားရင် နည်းနည်းပဲစားလို့ ပြောတာ"

"အေး၊ ဟိုတစ်လောက သာမြတို့ အလှူမှာ အောင်ဘုတစ်ယောက် စားပိုးနင့်သွားဆို။ ညိုမောင်တို့ ဒီကောင်ကို ဆေးရုံလိုက်ပို့လိုက်ရသေးတယ် မဟုတ်လား"

သည်တစ်ခါတော့ စောစောက အရီးမှည့်ကိုဝင်၍ ဟန့်ခဲ့သည့် ဦးကြီးကိုယ်တိုင် ဝင်ပြီး မှတ်ချက်ပေးခြင်းဖြစ်သည်။

"ဟုတ်ပဦးကြီးရာ၊ ဒီကောင်ကြီးက ငတ်ပြတ်နေတာကြာတော့ ဒွေးလေး သာမြတို့အလှူမှာ ဝက်သားတုံးကြီးတွေ တွယ်လိုက်တာ၊ စားပိုးနင့်ပြီး ဆေးရုံရောက်တော့ အန်လည်းအန်၊ ဝမ်းတွေလည်းလျှော၊ ဒီကောင် ပုလင်းကြီးတောင် ချိတ်ယူရတယ်။"

"အေး တန်ဆေး၊ လွန်ဘေးဆိုတာ ဒါမျိုးပေါ့။ ကဲမောင်အောင် ဆက်ပြီး ပြောပါဦး။ နွားလို ဘယ်လိုကျင့်ရမှာ လဲ"

"နောက်တစ်ခုက နွားလိုကျင့်ဆိုတာက နွားတွေက မြက်ပဲစားတယ်။ ကျန်းမာတယ်။ ရေများများသောက်တယ်။ ခံနိုင်ရည်ရှိတယ်။ အလုပ်လုပ်နိုင်တယ်။ အဲဒီတော့ ကျွန်တော်တို့ လူတွေက နွားတွေလို မြက်စားဖို့ဆိုလိုတာမဟုတ်ဘူး။ အသားတွေ၊ ငါးတွေ လျှော့စားပြီး ဟင်းသီးဟင်းရွက်အသီးအနှံတွေ များများစားဖို့ပြောတာ။ ပြီးတော့ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်တွေသောက်မည့်အစား၊ ရေကောင်းရေသန့်ကို များများသောက်ဖို့ ပြောတာ။ အဲဒါဆို ကျန်းမာအသက်ရှည်ပြီး သက်တမ်းစေ့နေနိုင်မယ်ဆိုတာကို ပြောတာပါ။"

"အေး ဒီလိုဆိုတော့လည်း ငါတို့တတွေ အသက်ရှည်ကျန်းမာဖို့ မျောက်၊ ကြောင်နှင့် နွားလိုကျင့်ကြရမလို ဖြစ်နေပြီ"

ဦးကြီးရွှေမောင်က ကျွန်တော့်၏ စကားကို နိဂုံးချုပ်ပေးလိုက်သည်။

"ဦးအောင်ရေ၊ ရွာဦးကျောင်းဘုန်းကြီးက ရေနွေးကြမ်းသောက်လာခဲ့ပါဦးတဲ့"

ဖိုးထောင်၏ လှမ်းပြောသံက ကျွန်တော်တို့စကားဝိုင်းကို အဆုံးသတ်စေခဲ့ပါသည်။

အရှေ့အရပ်ဆီမှ ထွက်ပြူလာသည့် နေခြည်ကား ရွှေရည်ဝင်းလျက်ရှိပါပြီ။

***မောင်အောင်(မွေးကု)***

# ဘုရားဖူးလာသောငါးကြီးများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်

စံလွင်(ငါးဦးစီး)


ဓာတ်ပုံ-အင်တာနက်

မြန်မာနိုင်ငံရှိ တန်ဖိုးကြီးဘုရားများသို့ ဘုရားပွဲများကျင်းပချိန်၌ မြွေကြီးများ၊ လိပ်ပြာများ၊ ငါးကြီးများ အုပ်စုလိုက် ဘုရားဖူးရောက်ရှိလာကြတတ်သည့်သတင်းကို တွေ့ဖူးကြုံဖူး၊ ကြားဖူးဖတ်ဖူးကြပါလိမ့်မည်။ ဝါတွင်းကာလတွင်သာမက တစ်နှစ်တာပတ်လုံးပင် ဘုရားပရဝဏ်အတွင်းသို့ မြစ်၊ ချောင်း၊ ပင်လယ်များမှ သဘာဝအလျောက် လာရောက်ရွှေ့ပြောင်းရောက်ရှိနေကြသည့် ငါးများကို ကျိုက္ခမီရေလယ်ဘုရားနှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းကျိုက်မှော်ဝန်းရေလယ်ဘုရားတို့၌ ယခုတိုင်တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ပုံမှန်ဘုရားဖူးရောက်ရှိလာကြသည့် ငါးအုပ်ကြီးများဖြင့် အထူးစည်ကားသည့် ဘုရားမှာ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားကြီးဖြစ်ပါ၏။ ကျောင်းတော်ရာဘုရားပွဲကို ပုံမှန် ဝါတွင်းကာလ၌သာ ကျင်းပလေ့ရှိပြီး ဘုရားဖူးရင်း ဘုရားဖူးလာသော ငါးကြီးများကိုလည်း အစာကျွေးကုသိုလ်ယူနိုင်သည်ဖြစ်၍ ဘုရားဖူးများဖြင့် အထူးစည်ကားသည့်ပွဲတော်ဖြစ်လေသည်။

ကျောင်းတော်ရာဘုရားသို့ ဘုရားဖူးလာကြ သည့် ငါးကြီးများကား ငါးထွေ၊ ငါးအုံတုံ အစရှိ သည့် ငါးအုပ်ကြီးများဖြစ်ကြပါ၏။ ထိုငါးအုပ်ကြီးများသည် ဧရာဝတီမြစ်မှတစ်ဆင့် မုန်းချောင်းကို ဆန်တက်၍ ကူးခတ်လာကြခြင်းဖြစ်သည်။ ငါးထွေငါးကြီးများ၏ အစာစလေ့မှာ အစုံစားငါးမျိုးဖြစ်သော်လည်း ယင်းကာလတွင် အစာအဖြစ် သက်သတ်လွတ်အစာများကိုသာ စားသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ မုန်းချောင်းငါးအစာကျွေးဆိပ်၌ ဖွဲနုဆုပ်၊ ထန်းသီးမုန့်၊ ပေါက်ပေါက် အစရှိသည့် သက်သတ်လွတ်အစာများ ရောင်းချသည့် ငါးအစာအရောင်းဆိုင်အများအပြားကို တွေ့ရပါသည်။

ကျောင်းတော်ရာဘုရားမှ ငါးအစာကျွေးရာမုန်းချောင်းဆိပ်ကမ်းသို့ မိနစ် ၂၀ ခန့် လျှောက်ရပါသည်။ ထူးခြားချက်များကား ဘုရားဖူးများသည် ငါးကြီးများကို ကိုင်တွယ်၍ အစာကျွေးနိုင်သည်အထိ ယဉ်ပါးနေခြင်းပင်။ အချို့ကား ငါးကြီးများနှင့် ဓာတ်ပုံအတူရိုက်ကြ၏။ ဘုရားဖူးအချို့ကား ငါးကြီးများ၏ဦးခေါင်းကို ကိုင်တွယ်ကာ ရွှေဆိုင်းများ သုတ်လိမ်း၍ အမှတ်အသားပြုပေးနေသည်ကို တွေ့နိုင်ပါသည်။ ဝါတွင်းကာလပြီးဆုံးသည်နှင့် ထိုငါးအုပ်ကြီးများသည် မုန်းချောင်းမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ အလိုအလျောက် ပြန်လည်ထွက်ခွာသွားကြသည်ဟု ဆိုပါသည်။

သဘာဝရေပြင်ကြီးများ၌ နေထိုင်ကျက်စားသွားလာသော ငါးများတွင် အုပ်စုလိုက်ရွှေ့လျားခြင်းအလေ့အထများရှိကြပါသည်။ မျိုးပွားရန်အလို့ငှာ အုပ်စုလိုက်ရွှေ့လျားခြင်း၊ အစာအလို့ငှာ အုပ်စုလိုက်ရွှေ့လျားခြင်း၊ ရာသီဥတုအလိုက် အုပ်စုလိုက်ရွှေ့လျားခြင်းဟူ၍ ဖြစ်ပါသည်။

ရေငန်၌ နေထိုင်ကျက်စားသော ငါးသလောက်မျိုးစိတ်များသည် မျိုးပွားရန်အလို့ငှာ ရေချိုပိုင်းရှိရာမြစ်ချောင်းများသို့ ဆန်တက် မျိုးပေါက်ပွားလေ့ရှိရာ မှတ်တမ်းများအရ မန္တလေးတိုင်းဒေသကြီး တောင်သမန်အင်း၌ပင် တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။ ရေချိုငါးလုပ်ငန်း၌ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများဖြစ်သည့် မိုးနှောင်းကာလ၌ လယ်ကွင်းများနှင့် ချောင်းငယ်မြောင်းငယ်တို့မှ ငါးအများအပြားသည် မူလမြစ်ချောင်းများသို့ ပြန်လည်ဆင်းသက်ချိန်ကို စောင့်ဆိုင်းကာ အင်းလုပ်ငန်းဟု ခေါ်ဆိုသည့် ရေချိုငါးဖမ်းဆီးသည့်လုပ်ငန်းများ ဆောင်ရွက်ကြလေသည်။

ဗုဒ္ဓဘာသာမြန်မာတို့သည် ကျောင်းကန်ဘုရားများ၌ ဘေးမဲ့ပေးထားသော ငါးများကိုဖြစ်စေ၊ ပင်လယ်မြစ်ချောင်းများမှ သဘာဝအလျောက် ဘုရားစေတီပရဝဏ်များသို့ လာရောက်ရွှေ့ပြောင်းရောက်ရှိနေသော ငါးများကို ဘုရားငါးဟု သတ်မှတ်ကာ ဘေးမဲ့ပေးပြီး ကျွေးမွေးစောင့်ရှောက်ထားကြသည့်ဓလေ့ရှိပါသည်။ ရေချိုငါးလုပ်ငန်း အင်းလေလံစည်းကမ်းချက်များ၌ သာသနိကနယ်မြေများမှ ကိုက် ၁၀၀ အတွင်း မည်သည့်ငါးဖမ်းဆီးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းမပြုရဟူသော စည်းကမ်းချက်ပါရှိလေသည်။

ကျောင်းတော်ရာဘုရားသို့ နှစ်စဉ်ဘုရားဖူးလာသော ငါးကြီးများသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစကာ အရေအတွက် တစ်စတစ်စ နည်းပါးလာကြောင်း ကြားသိရပါသည်။ ထိုငါးအုပ်ကြီးများသည် ဧရာဝတီမြစ်အတွင်းမှ မုန်းချောင်းကို ဆန်တက်လာရသည်ဖြစ်ရာ ရာသီဥတုပြောင်းလဲခြင်းကြောင့်သော်လည်းကောင်း၊ လူတို့၏ ပယောဂများကြောင့်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့်သော်လည်းကောင်း ငါးအတက်အဆင်းပြုရာ ရေလမ်းကြောင်းများ ပြောင်းလဲသွားခြင်းသည် အဟန့်အတားဖြစ်စေသော အကြောင်းတစ်ရပ် ဖြစ်ပါသည်။

အခြားအကြောင်းအချက်များအနေဖြင့် ငါးများအုပ်စုလိုက်ရွှေ့လျားရာ Migration လမ်းကြောင်းတွင် ဆည်၊ တမံ၊ ရေလှောင်ကန်အစရှိသည့် အဆောက်အအုံများ တည်ဆောက်ခြင်းကြောင့် ငါးအတက်အဆင်းလမ်းကြောင်းများ သွေဖည်သွားတတ်ပါသည်။ နိုင်ငံအချို့တွင် မြစ်ချောင်းများအတွင်း ဆည်၊ တမံများဆောက်လုပ်ရာ၌ မူလရှိမြဲဖြစ်သည့် ငါးများ၏ Migration လမ်းကြောင်းကို လမ်းပေးချန်လှပ်ခြင်းများ ပြုလုပ်ပေးကြောင်း ဖတ်ရှုရပါသည်။

ထို့ကြောင့် ငါးမျိုးများ ဥချပေါက်ပွားချိန်များ၌ စည်းကမ်းမဲ့စွာ မဆင်မခြင်ဖမ်းဆီးကြခြင်း၊ ဘက်ထရီရှော့ကဲ့သို့ မျိုးသုဉ်းသွားသည်အထိ ဆိုးကျိုးများ သက်ရောက်စေပါသည်။ သို့ဖြစ်ရာ မိမိတို့မြို့ရွာဒေသအတွင်း ရပ်ရွာအလိုက် ဂုဏ်ဆောင်ဖွယ်ရာနှင့် နိုင်ငံအတွက် ပုံရိပ်ကောင်းများဖြစ်စေသည့် ယဉ်ကျေးမှု အလေ့အထများ၊ ရှေးဟောင်းအဆောက်အအုံများ၊ သက်ရှိသက်မဲ့ ရှားပါးရပ်ဝတ္ထုပစ္စည်းများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို တန်ဖိုးထားအလေးမူသည့်စိတ်များ တည်ဆောက်ကာ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားကြစေခြင်းငှာ အလေးထားတင်ပြလိုက်ရပါသည်။

*စံလွင်(ငါးဦးစီး)*


## ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ

**Brand Leader(Marketing)** ကျား/မ (၂) ဦး
**Medical Sales** ကျား/မ (၅) ဦး
**Representative** ကျား/မ (၅) ဦး
**Product Specialist**
**ယာဉ်မောင်း** ကျား (၂) ဦး
**အထွေထွေဝန်ထမ်း** ကျား (၃) ဦး

ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းများတွင် အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် တိုးတက်မှုကုမ္ပဏီလီမိတက် ဖုန်း-၀၁-၂၃၀၁၁၂၄၊ ၂၃၀၁၁၂၅ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**အကျီဆေးရိုက်လုပ်ငန်း** ကျား/မ (၂) ဦး

ဆေးရိုက်လုပ်ငန်းနှင့်ပတ်သက်၍ နားမလည်လျှင် ရှင်းပြပေးမည်။

လျှောက်ထားလိုသူများသည် ဖုန်း- ၀၉-၇၇၀ ၀၀၀၄၀၉၀ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**B.E ဘွဲ့ရ** ကျား (၁၀) ဦး
**B.A/B.Sc ဘွဲ့ရ** ကျား/မ (၁၀) ဦး

**ဈေးကွက်ရှာဖွေရေး** ကျား/မ (၁၀) ဦး
**တွင်ခုံ+ဝရိန်(သို့)ဝရိန်သီးသန့်** (၅) ဦး

လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် Ice Mountain Purified Drinking Water အမှတ် (၆၅)၊ ဝေဇယန္တာလမ်း၊ ၈ ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ ဖုန်း-၀၁- ၅၇၈၄၃၃၊ ၅၇၈၄၃၇ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ဧည့်ကြို** မ (၁) ဦး

၁၀ တန်းအောင် သို့မဟုတ် ဘွဲ့ရ၊ အသက် ၂၀ မှ ၂၇ နှစ်တွင်းဖြစ်ရမည်။

**ပန်းချီဆရာမ** မ (၁) ဦး

အသက် ၃၀ နှစ်အောက် B.A(Painting) သို့မဟုတ် ပန်းချီဆွဲတတ်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဖုန်း-၉၇၆၅၆၇ ၁၈၃ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**လက်ထောက်မန်နေဂျာ** ကျား (၁) ဦး

အသက် ၂၅ နှစ်မှ ၃၅ နှစ်တွင်းဖြစ်ရမည်။

**ရုံးဝန်ထမ်း** ကျား/မ (၄) ဦး

ကွန်ပျူတာ Word, Excel သုံးနိုင်ရမည်။

**အထွေထွေဝန်ထမ်း** ကျား (၁၀) ဦး

အသက် ၁၈ နှစ်မှ ၃၀ နှစ်တွင်းဖြစ်ရမည်။

**ယာဉ်မောင်း** ကျား (၃) ဦး

အသက် ၂၅ နှစ်မှ ၄၅ နှစ်တွင်းဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဖုန်း-၀၁-၂၀၉ ၂၉၀ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**အကြီးတန်းအင်ဂျင်နီယာ** ကျား (၁) ဦး

လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

**အငယ်တန်းအင်ဂျင်နီယာ** ကျား (၂) ဦး

လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် ဖုန်း- ၀၉-၂၅၆ ၁၈၈၉၀၃ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အင်တာနေရှင်နယ်အဆင့် သင်ကြားပေးနိုင်သော ဆရာ/ဆရာမ အလိုရှိသည်။**

လျှောက်ထားလိုသူများသည် အမှတ် (၂၆)၊ ပထမထပ်၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၉၂၆၈၄ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ဆိုင်အကူဝန်ထမ်း** မ (၁) ဦး

လျှောက်ထားလိုသူများသည် ဖုန်း-၀၉-၄၃၀ ၂၉၁၉၆ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ညှပ်ဘာသာစုံ** မ (၃) ဦး
**လျှော်/သစ်** မ (၅) ဦး
**အဆိုရှင်** မ (၁၀) ဦး
**အလုပ်သင်** မ (၅) ဦး
**စားဖိုမှူး** ကျား (၂) ဦး
**စားဖိုမှူးအကူ** ကျား (၂) ဦး
**စာရင်းကိုင်** မ (၂) ဦး
**ဧည့်ကြို** ကျား (၅) ဦး

လျှောက်ထားလိုသူများသည် ပင်လယ်ကမ်းခြေရှိ Beauty Salon, Entertainment & Restaurant ဖုန်း-၀၉-၂၅၃၉၉၇၇၄၀ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

*အလုပ်လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV၊ ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ (သို့) ဘွဲ့လက်မှတ်၊ အောင်လက်မှတ်တို့နှင့်အတူ အထက်ဖော်ပြပါ အလုပ်ဌာနများသို့ သွားရောက်လျှောက်ထားနိုင်ပါသည်။*

# ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေး သံတမန်သဘောတူညီမှုရရှိ


ဓာတ်ပုံ-Xinhua

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအန်သည် တောင်ကိုရီးယားနိုင်ငံ၏ သံတမန်နှင့် တွေ့ဆုံရာတွင် ထိပ်သီး အစည်းအဝေးတစ်ရပ် ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ကျေနပ်ဖွယ်ရာ သဘော တူညီမှုရရှိခဲ့ကြောင်း Korean Central News Agency က သတင်းဖော်ပြခဲ့သည်။

ကင်ဂျုံအန်သည် တောင်ကိုရီးယား နိုင်ငံ သမ္မတမွန်ဂျေအင်း၏ အထူးသံတမန် နှင့် ထိပ်တန်းလုံခြုံရေးအကြံပေး၊ အိမ်ပြာ တော် အမျိုးသားလုံခြုံရေးရုံး အကြီးအကဲ ချုန်အီယွန်းအား လက်ခံတွေ့ဆုံခဲ့သည်။ ထို့ပြင် ချုန်သည် မွန်ဂျေအင်း၏ ပုဂ္ဂိုလ် ရေးဆိုင်ရာသဝဏ်လွှာအား ကင်ဂျုံအန်သို့ ပေးအပ်ခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ၏ အထူးသံတမန်မှတစ်ဆင့် ထိပ်သီး အစည်းအဝေးကျင်းပလိုသည့် ရည်ရွယ် ချက်ကို ကြားသိရပြီးနောက် ကင်ဂျုံအန် က အမြင်ချင်းဖလှယ်ခဲ့ပြီး ကျေနပ် လောက်သည့် သဘောတူညီချက်ရရှိခဲ့ ကြောင်း၊ အစည်းအဝေးကျင်းပနိုင်ရေး အတွက် ဆက်စပ်နယ်ပယ်များတွင် လက် တွေ့ကျသည့်အဆင့်များကို အမြန်ဆုံးလုပ် ဆောင်ရန် ကင်ဂျုံအန်က အရေးကြီးသည့် ညွှန်ကြားချက်ပေးအပ်ခဲ့ကြောင်း သတင်း တွင် ပါရှိသည်။

တောင်ကိုရီးယားနိုင်ငံ ကိုယ်စားလှယ် အဖွဲ့၌ အမျိုးသားစုံစမ်းထောက်လှမ်းရေး လုပ်ငန်း(NIS) ညွှန်ကြားရေးမှူး ဆူဟွန်း၊ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ချွန်ဟေဆွန်း၊ NIS လက် ထောက်ညွှန်ကြားရေးမှူး ကင်ဆန်ဂျွန်း နှင့် အိမ်ပြာတော်အကြီးတန်းအရာရှိ ယွန်ခွန်ယန်းတို့ ပါဝင်ခဲ့သည်။

အထူးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၅ ရက်နေ့မှ စတင်၍ နှစ်ရက်ကြာသွား ရောက်ခဲ့ပြီး မြောက်ကိုရီးယား အဆင့် မြင့်အရာရှိများနှင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး၊ တောင်-မြောက်ကိုရီးယား ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး တို့အတွက် ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ သည်။ ထို့ပြင် တောင်-မြောက်ကိုရီးယား ဖလှယ်မှုများ တွန်းအားပေးဆောင်ရွက်ရန် အတွက်လည်း ဘက်စုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

*မာလာမြွေး*

***Ref: Xinhua***

## သိမှတ်လေ့လာအင်္ဂလိပ်စာ

| | | | |
|---|---|---|---|
| ၁။ | Double-dealing | (n) | ကလိန်ကျခြင်း |
| ၂။ | Ammunition | (n) | ခဲယမ်းမီးကျောက် |
| ၃။ | Flour | (n) | ဂျုံမှုန့် |
| ၄။ | Stationer | (n) | စာရေးကိရိယာရောင်းသူ |
| ၅။ | Miscot | (n) | အဆောင်ကောင်း |
| ၆။ | Tooth-paste | (n) | သွားတိုက်ဆေး |
| ၇။ | Nail-vamish | (n) | လက်သည်းဆိုးဆေး |
| ၈။ | Prophylactic | (n) | ရောဂါကာကွယ်ဆေး |
| ၉။ | Horsemanship | (n) | မြင်းစီးကျွမ်းကျင်ခြင်း |
| ၁၀။ | Beeswax | (n) | ပျားဖယောင်း |

## နို့ကျေးရွာဟာသ

### ဖြစ်ပုံက

ကိုလှအေးတို့သူငယ်ချင်းငါးယောက် ကုမ္ပဏီတစ်ခု တွင် အလုပ်လုပ်ကြသည်။ တစ်နေ့ အလုပ်လုပ် နေရင်း သူငယ်ချင်းတစ်ယောက် ခေါင်းမူးပြီး လဲကျ သွားလေသည်။ သူငယ်ချင်းအားလုံး နှင့် ကုမ္ပဏီဝန်ထမ်းများ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ Taxi တစ်စီးငှားပြီး နီးစပ်ရာဆေးရုံကို အမြန်သွားလေသည်။ လမ်းတစ်ဝက် လောက်ကိုရောက်တော့ သူငယ် ချင်းတစ်ယောက် အလန့်တကြား ပြောလိုက်တာက-




"ဟာ ဟေ့ကောင်တွေ လူနာပါမလာဘူးကွ"

*မေလင်း(မြန်/ဆက်)*

အခြေခံလူတန်းစားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး… ကျောဖုံးမှ


ဓာတ်ပုံ-Xinhua

အလုပ်သမားများ အပါအဝင် နေအိမ်ပိုင် ဆိုင်မှုအတွက် ရုန်းကန်နေကြရသည့် ဝင်ငွေနည်းမိသားစုများအားလုံး ပါဝင် ခွင့်ရမည်ဖြစ်သည်။

### သွင်းကုန်ကဏ္ဍ တိုးချဲ့မည်

ထို့ပြင် နိုင်ငံ၏ ဈေးကွက်ပိုမိုပွင့်လင်း စေရန် ရည်ရွယ်ပြီး ယခုနှစ်အတွင်း သွင်း ကုန်ကဏ္ဍအား ပိုမိုထိရောက်စွာ တိုးချဲ့ သွားမည်ဖြစ်ကြောင်း အစိုးရ၏ အစီရင်ခံ စာတွင် ဖော်ပြထားသည်။ သွင်းကုန်ကဏ္ဍ အား တွန်းအားပေးသည့်အနေဖြင့် နိုင်ငံ တကာသွင်းကုန် ကုန်စည်ပြပွဲကြီးအား ယခုနှစ်အတွင်း တရုတ်နိုင်ငံက ကျင်းပ ရန်ရှိပြီး မော်တော်ကားနှင့် နေ့စဉ်သုံးကုန် ပစ္စည်းများအပါအဝင် သွင်းကုန်အပေါ် ကောက်ခံသည့် အခွန်များ လျှော့ချမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင် ခံစာတွင် ဖော်ပြထားသည်။

ထိုသို့ အစိုးရအနေဖြင့် အခြေခံလူတန်း စားများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံ၏ ဈေးကွက် ပိုမို ပွင့်လင်းစေရေးတို့ကို ဦးစားပေးဆောင် ရွက်သွားမည့်အပြင် ကာကွယ်ရေးကဏ္ဍ ကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း မီဒီယာများ၏ ဖော်ပြခဲ့သည်။ တရုတ် နိုင်ငံ၏ ကာကွယ်ရေးဘတ်ဂျက်သည် ၂၀၁၇ ခုနှစ်က ၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်အတွင်း ၈ ဒသမ ၁ ရာခိုင် နှုန်းသို့ တိုးမြှင့်မည်ဖြစ်ကြောင်း အစိုးရ၏ ဘဏ္ဍာရေးအစီရင်ခံစာတွင် ပါရှိသည်။

*မာလာမြွေး*

***Ref: Xinhua***

# ဆန်လက်ကျန်ဖြည့်ဆည်းရေး ဆန်တန်ချိန်နှစ်သိန်းခွဲ ဖိလစ်ပိုင်တင်သွင်းမည်

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန် လက်ကျန် ဖြည့်ဆည်းရေးအတွက် အမျိုး သားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (NFA)ကို ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာ တေးက ဆန်တန်ချိန် နှစ်သိန်းခွဲတင်သွင်း ခွင့်ပြုလိုက်ကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သည် ကမ္ဘာပေါ်တွင် ဆန် တင်သွင်းမှုအများဆုံးနိုင်ငံများတွင် ပါဝင် နေပြီး ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံများ ဖြစ်သော ထိုင်းနှင့် ဗီယက်နမ်ထံမှ ဆန် ဝယ်ယူလေ့ရှိသည်။ ဖိလစ်ပိုင်၏ ပြည် တွင်းဆန်ဈေးများသည် ဇန်နဝါရီလကုန် တွင် ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိခဲ့ပြီး လက်ရှိတွင် နိုင်ငံ၏ ဆန်လက်ကျန် ဆယ်စုနှစ်နှစ်စုကျော် အတွင်း အနိမ့်ဆုံးသို့ ထိုးကျလျက်ရှိ သောကြောင့် ဆန်ဈေးဆက်လက်မြင့် တက်နိုင်ကြောင်း ဈေးကွက်သုံးသပ်သူ များက ပြောကြားသည်။

ဈေးကွက်သို့ နိုင်ငံဆန်လက်ကျန်များ ထုတ်ပြန်ရောင်းချထားနိုင်ခြင်းမရှိသော ကြောင့် ပုဂ္ဂလိကကုန်သည်တချို့က ဆန် ဈေးတင်ထားကြသဖြင့် ဆန်ဈေးကြီးမြင့် နေရခြင်းဖြစ်ကြောင်း ပြည်တွင်းဆန်ဈေး တည်ငြိမ်ရန် တာဝန်ယူထားသော NFA အဖွဲ့ကပြောသည်။ ၎င်းအဖွဲ့သည် ယခင် နှစ်က ဆန်တန်ချိန်နှစ်သိန်းခွဲသာ တင် သွင်းခဲ့ပြီး ဇူလိုင်လတွင် တင်ဒါခေါ်ယူ ကာ ဗီယက်နမ်၊ ထိုင်းနှင့် စင်ကာပူတို့ ထံမှ ဝယ်ယူခဲ့သည်။ အဖွဲ့အနေဖြင့် နိုင်ငံ့ဆန်စားသုံးမှု၏ ၁၅ ရက်စာပမာဏ ကို အရန်ထားရှိရန် တာဝန်ယူထားသော လက်ရှိဆန်လက်ကျန်မှာ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း အနိမ့်ဆုံးအဖြစ် တန်ချိန် ၆၀၀၀၀ သာရှိတော့ကြောင်း သိရသည်။

သို့သော် စိုက်ပျိုးရေးအတွင်းဝန် အမ်မျူယယ်ပီနောလ်ကမူ မတ်လအကုန် တွင် နိုင်ငံ၏ ဆန်လက်ကျန်တန်ချိန် သုံးသန်းရှိနိုင်ပြီး ၉၆ ရက်စာလုံလောက် နိုင်ကြောင်း ဖေဖော်ဝါရီလက ပြောကြား ခဲ့သည်။ "ပြည်ပကနေ ဆန်ဝယ်ယူပြီး ဈေးကွက်အတွင်း ပြန်လည်ရောင်းချဖို့ သမ္မတက ခွင့်ပြုထားပါတယ်"ဟု အစိုးရ အဖွဲ့အတွင်းဝန် ဟွန်အီဗတ်စကိုက ရိုက်တာ သတင်းဌာနသို့ ပြောကြားခဲ့သည်။

*မေလွင်ဝင်း*

***Ref: Malaya com.ph***


ဓာတ်ပုံ-အင်တာနက်

နိုင်ငံကျော်ဂျာနယ်
အတွဲ(၁၅)၊ အမှတ်(၆)၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်

# ကျောရိုးခါးနာရောဂါ

ဒေါက်တာလွင်သန့်



ဓာတ်ပုံ-အင်တာနက်

လူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွားလာလှုပ်ရှားနိုင်ဖို့ လည်တိုင်ရိုး၊ ကျောရိုးနှင့် ခါးရိုးပိုင်းတို့အရေးကြီးတယ်။ လည်ကုပ်ရိုးမှ မြီးညှောင့်ရိုးအထိ ခန္ဓာကိုယ်ထိန်းမတ်ပေးတဲ့ အရိုးအဆစ် ၂၄ ဆစ်ရှိပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးနာကျင်ကိုက်ခဲနေပြီး ရောဂါရှာမရဖြစ်နေမယ်ဆိုရင် ခန္ဓာကိုယ်ထိန်းမတ်တဲ့ ကျောရိုးကြောင့် ဖြစ်တယ်။ ကျောရိုးနဲ့ခါးရိုးဟာ တစ်ဆက်တည်းရှိနေလို့ ကျောရိုးနဲ့ဆိုင်တဲ့ ရောဂါများ ခါးနာရောဂါများ ကင်းစင်ဖို့ လိုတယ်။ ခန္ဓာကိုယ်သွက်သွက်လက်လက်သွားနိုင်ဖို့ ကျောရိုးထိခိုက်မှု မဖြစ်အောင် ခန္ဓာကိုယ်ဘက်ညီအောင် ထိန်းသိမ်းရမယ်။

အလေးအပင်ပစ္စည်းများ မတဲ့အခါ ခါးကိုင်းပြီး မ မဘဲ၊ ထိုင် ပြီးမရတယ်။ အနိမ့်အမြင့်အတက် အဆင်းပြုတဲ့အခါ ခန္ဓာကိုယ်လှုပ်ရှားမှု ဆင်ခြင်ရမယ်။ ကြာကြာ ခါးကုန်းပြီး လုပ်ရတဲ့အလုပ် ဆင်ခြင်ပါ။ ခါးကို ဖြောင့်မတ်အောင်ထားပါမယ်။ သက်ကြီးရွယ်အိုများဖြစ်ရင် ပိုမိုဆင်ခြင်သတိထားသင့်တယ်။ ကျောရိုးနဲ့ ခါး မထိခိုက်ရအောင်၊ အတွင်းဒဏ်မဖြစ်ရအောင် ဂရုစိုက်ထိန်းသိမ်းရမယ်။ နေ့စဉ် နာရီဝက်ခန့် အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးစသည့် အားကစားများ လုပ်သင့်တယ်။ အိပ်စက်အနားယူရင် ခါးကို ဖြောင့်မတ်ထားရပါမယ်။ ကြာရှည်သောင်းညာတဲ့အလုပ်မျိုး လုပ်ကိုင်ရရင် အလုပ်ချိန်နှစ်နာရီပြီးတိုင်း ၁၀ မိနစ်ခန့် လက်ဆန့်၊ ခြေဆန့်၊ ခါးဆန့် လှုပ်ရှားပေး သို့မဟုတ် လမ်းလျှောက်ပေးရမယ်။ ကိုယ်လက်လေ့ကျင့်ခန်းဟာ ရောဂါပေါင်းစုံနဲ့ ခန္ဓာကိုယ်အဆစ်အမြစ်ကိုက်ခဲမှုပါမကျန် ရောဂါမှန်သမျှ ချမ်းသာရစေနိုင်တယ်။ လက်တွေ့မှာ လူနည်းစုပဲ လုပ်ကြတာတွေ့ရတယ်။ လူအများက အချိန်မရလို့၊ ရာသီဥတုမကောင်းလို့၊ မကြောင်းမညီညွတ်လို့၊ ရောဂါတစ်ခုခုဖိစီးခံရလို့ ဆင်ခြေပေးတယ်။

၂၁ ရာစုမှာ နည်းပညာထွန်းကားလာတာနဲ့အမျှ တီဗွီကြည့်ခြင်း၊ ကွန်ပျူတာနဲ့ အလုပ်လုပ်ခြင်း၊ ဖုန်းဘွတ်များ၊ အင်တာနက်ထိုင်ခြင်း၊ အထိုင်များတဲ့ ရုံးကိစ္စတိုးပွားလာခြင်းစတဲ့ အကြောင်းကိစ္စများကြောင့် နေ့စဉ် အညောင်းမိမှန်းမသိ၊ အညောင်းမိနေကြတယ်။ ကိုယ်လက်လှုပ်ရှားမှု တစ်နေ့တခြား လျော့နည်းလာသလို ကြွက်သားအင်အား နည်းလာပြီး အဆီထူထပ်လာတယ်။ အဝလွန်ရောဂါ၊ အဆစ်အမြစ်များ ညောင်းညာကိုက်ခဲလာပြီး ခါးနာ၊ ဒူးနာဖြစ်ခြင်း၊ သွေးကြောများမာကြောလာခြင်း၊ ၎င်းနှင့် ဆက်စပ်တဲ့ အခြားရောဂါမျိုးစုံ ဆက်နွယ်ဝင်ရောက်လာခြင်းတို့ဟာ နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများ ဆက်ပြီးဖြစ်လာနိုင်ပါတယ်။ ရုံးဝန်ထမ်း၊ အပ်ချုပ်သည်၊ နေ့ကလေးထိန်း၊ စာရေးမတို့ဖြစ်လွယ်ကြတယ်။ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်တဲ့အခါ လေကောင်းလေသန့်ရတဲ့ နံနက်ပိုင်းကို ဦးစားပေးရွေးရမယ်။ နေရောင်အောက်မှာ လေ့ကျင့်ခန်းလုပ်ခြင်းက ကျန်းမာရေးအတွက် အရေးကြီးတဲ့ ဗီတာမင်ဒီကို ရရှိနိုင်တယ်။ နေရောင်ကြောင့် ရောဂါပိုးအမျိုးမျိုးသေကြေစေနိုင်တယ်။ အရိုးများသန်မာစေပါတယ်။

ခါးမနာရအောင် ပစ္စည်းအလေးမရင်ထိုင်ပြီးမှ မရမယ်။ ကုတင်မှာ ဖျာတစ်ချပ်ခင်းပြီး ဆန့်ဆန့်အိပ်ရမယ်။ အထိုင်များအညောင်းမိခြင်း၊ ကုန်းကုန်းကွကွ နေထိုင်လုပ်ကိုင်ခြင်း သတိနဲ့ရှောင်ပါ။ အရိုးနုများရွေ့လျားလှုပ်ရှားမှု ပိုဖြစ်ရင် ရောဂါပိုဆိုးလာတယ်။ အကိုက်အခဲပျောက်ဆေးသောက်ခြင်း၊ လိမ်းခြင်း၊ အနားယူခြင်းဖြင့် ပြန်လည်ကောင်းမွန်စေပါတယ်။

***ဒေါက်တာလွင်သန့်***



ဓာတ်ပုံ-အင်တာနက်

# ဆေးဖက်လည်းဝင် ဟင်းခတ်လည်းသုံး ကြက်သွန်နီအသုံး

ကြက်သွန်နီသည် မီးဖိုချောင်လက်စွဲ ဟင်းခတ်ဥတစ်မျိုးဖြင့် ဟင်းကို အနှစ်ဖြစ်စေ၍ ချိုမြိန်သောအရသာကိုခံစားစေပါသည်။ ကြက်သွန်နီကိုစားသုံးခြင်းဖြင့် အစာကြေညက်စေသည်။ ခန္ဓာကိုယ်အင်အားကို လျင်မြန်စွာတိုးတက်စေသည်။ တရုတ်အားကစားသမားများ ကြက်သွန်နီကို သုံးစွဲသဖြင့် ပင်ပန်းပြီး ကုန်ခမ်းသွားသော အင်အားများ လျင်မြန်စွာ ရရှိသဖြင့် အမောခံနိုင်သည်။

ကြက်သွန်နီသည် စိတ်ကိုလှုပ်ရှားစေသည်။ အနာများကျက်စေသည်။ ဖောရောင်ခြင်း၊ နာကျင်မှုများကိုနည်းပါးစေသည်။ အမျိုးသမီးများ ဓမ္မတာလာစဉ် ကြက်သွန်နီစားသုံးပေးပါက အသားယားယံခြင်းမရှိဘဲ ကိုက်ခဲမှုများပျောက်စေသည်။ ကြက်သွန်နီဥတစ်လုံးကို နေ့စဉ်ထမင်းနှင့် မြှုပ်တို့စားပါက နှလုံးတုန်မောပန်းခြင်းများ ပျောက်စေနိုင်သည်။

ကလေးများတက်နေလျှင် ကြက်သွန်နီကို ခေါင်းငယ်ထိပ်ပေါ်မှာတင်ပြီး မှုတ်ပေးပါက အတက်အမြန်ကျစေပါသည်။ မီးပူလောင်လျှင် ကြက်သွန်နီအခွံခွာပြီးထု၍ အပေါ်မှအုံပေးပါ။ အပူဒဏ်ပျောက်စေသည်။ ဆီးတစ်စက်တစ်စက်ကျနေလျှင် ကြက်သွန်နီဥတစ်လုံးအခွံခွာပြီး ရေနွေးနှင့် မိနစ် ၃၀ ခန့်ပြုတ်၍ ပြုတ်ရည်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်နေ့စဉ်ပုံမှန်သောက်ပါက ဆီးပုံမှန်ဖြစ်သွားနိုင်သည်။ သို့မဟုတ် ကြက်သွန်နီဥကို အစိမ်းတိုင်းစားပေးပါက ဆီးအတွက်ပူစရာမလိုတော့ပါ။

ကြက်သွန်နီဥသည် အသားအရေစင်ကြယ်စေပြီး စိတ်တည်ကြည်လင်၍ ဉာဏ်ရည်ထက်မြက်ခြင်းဖြစ်စေနိုင်ပါသည်။ မျက်စဉ်းခတ်ပေးပါက သက်သာပြီး မျက်စိကြည်စေပါသည်။ အကယ်၍ ပိုးမွှားများကိုက်ခံရလျှင် ကြက်သွန်နီဥကို လှီး၍ ဒဏ်ရာကို ရေနွေးနှင့်ဆေးကြောပြီး ဒဏ်ရာကို နာနာပွတ်တိုက်ပေးပါက အဆိပ်များ ပြေပျောက်နိုင်ပါသည်။ ကြက်သွန်နီဥကြီး သုံးလုံးကို လေးစိတ်ခွဲပြီး ရေခွက်ကြီးကြီးတစ်ခွက်ထဲသို့ နံနက်စိမ်ထားပြီး ၎င်းရေကို ညအိပ်ရာဝင်ချိန်တွင် အဝသောက်ပေးပါက မိမိတွင်စွဲကပ်နေသော ကျောက်ကပ်ရောဂါကို ဆေးကြောပြီးသားဖြစ်ပါသည်။ ကြက်သွန်နီ၏သတ္တိသည် အိမ်ရှင်မများ၏ မီးဖိုချောင်တွင်သာမက အခြားရောဂါများကိုပါ ပျောက်ကင်းနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

***သမုတိမျိုးမြင့်(မင်းလှ)***

# အရက်စွဲအန္တရာယ် ကြောက်မက်ဖွယ်

"လူကိုဖျက် အရက်"ဟူသော စကားကို လူတိုင်းကြားဖူးပေလိမ့်မည်။ အရက်ကြောင့် ဘဝပျက်ခဲ့ကြသူများ၊ ဘဝပျက်နေသူများကို မိမိတို့၏ ပတ်ဝန်းကျင်တွင် တွေ့မြင်နေရပေလိမ့်မည်။ အရက်စွဲသူများသည် အရက်ကို လွန်ကျွံစွာနှင့် စွဲလန်းစွာသောက်သုံးခြင်းကြောင့် အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ စိတ်ရောဂါများဖြစ်ခြင်းစသည့်ရောဂါများ ဖြစ်ပွားတတ်ကြသည်။

အရက်၏ဆိုးကျိုးများက လွန်စွာများလှပေသည်။ စစ်တမ်းတွေ့ရှိချက်အရ အရက်သုံးစွဲသူများသည် ကယောင်ကတမ်းဖြစ်ခြင်း၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်းနိုင်စွမ်းမရှိခြင်း၊ ကြောက်လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ခြင်းများကို ခံစားကြရသည်။ အရက်အလွန်အကျွံသောက်သည့်အခါ လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားသံများကို ကြားရတတ်ကြပါသည်။

ထို့ပြင် အရက်သောက်သုံးခြင်းကြောင့် ဝက်ရူးပြန်ရောဂါကဲ့သို့ အတက်ရောဂါဖြစ်တတ်ခြင်း၊ စိတ်ကျရောဂါဖြစ်တတ်ခြင်း၊ အရက်ငန်းဖမ်းခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ ပန်းသေ/ပန်းညှိုးရောဂါဖြစ်ခြင်း၊ ဦးနှောက်ချို့ယွင်းခြင်း၊ သားသမီးမရခြင်း၊ မိမိ၏ ဇနီးကို အထင်အမြင်လွဲမှားခြင်းများနှင့် အရက်ကြောင့် ရာဇဝတ်မှုများကို ကျူးလွန်သည်အထိ ဖြစ်ပွားတတ်ကြပါသည်။

အချို့လူများမှာ အရက်နှင့် မတည့်သဖြင့် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက်စိတ်ဖောက်ပြန်တတ်သည်ကို မြင်တွေ့ဖူးပါသည်။ အရက်ကို ရုတ်တရက်ဖြတ်လိုက်ပါက အရက်ဖြတ်လက္ခဏာဝေဒနာများကို ခံစားကြရသည်။ ဖော်ပြပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ စွဲလန်းစွာ သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ရန် လိုအပ်သည်။

လူငယ်နှင့် လူလတ်ပိုင်းအချို့အရက်စွဲနေသူများကို တွေ့ကြရသည်။ ၎င်းတို့၏ မိသားစုနှင့် နေထိုင်သည့် ပတ်ဝန်းကျင်လွှမ်းမိုးမှု၊ အဆင်မပြေမှုတို့ကြောင့် အရက်သမား၊ အရက်စွဲနေသူများဖြစ်နေကြသည်။ မည်သို့ဆိုစေကာမူ အရက်စွဲနေသူများကို တတ်နိုင်သမျှ ကူညီကုသပေးရန် လိုအပ်ပေသည်။

အရက်စွဲနေသူအား အရက်ကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်နိုင်ကြောင်းကို ရှေးဦးစွာဆွေးနွေးပေးရန် လိုအပ်သည်။ နီးစပ်ရာဆေးရုံ၊ ဆေးခန်းတွင် စနစ်တကျကုသမှုခံယူရန် တိုက်တွန်းကူညီပေးရန် လိုသည်။ မသောက်ရမနေနိုင် စွဲလန်းနေသူများ၊ အရက်ကို နှစ်ရှည်လများ ဆက်တိုက်သောက်နေသူများသည် မိမိဘာသာ မည်သည့်ဆေးမျှမပါဘဲ ဖြတ်ပါက အန္တရာယ်ဖြစ်နိုင်သည့်အတွက် နားလည်တတ်ကျွမ်းသော ဆေးရုံ၊ ဆေးခန်း၊ စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် အရက်ဖြတ်ဆေးအား ဆရာဝန်ညွှန်ကြားချက်နှင့်အညီ တိုက်သင့်ပေသည်။



ဓာတ်ပုံ-အင်တာနက်

သို့ဖြစ်ရာ ရခဲလှသည့် လူ့ဘဝတွင် "အသက်ကို ဉာဏ်စောင့်"ဆိုသည့်အတိုင်း ယမကာလုလင်၊ အရက်စွဲနေသူများဘဝ မရောက်ရှိစေရေးအတွက် စာဖတ်ခြင်း၊ အားကစားပြုလုပ်ခြင်း၊ ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် အရက်သောက်သည့်အသိုက်အဝန်းမှ အမြန်ဆုံးဆွဲထုတ်ကူညီပေးနိုင်ရန် တိုက်တွန်းလိုက်ရပါသည်။

***မင်းသန်းနိုင်(မှဒုံ)***

# ငှက်ပျောသီးအစွမ်း

ငှက်ပျောသီးသည် လူတိုင်းလိုလိုကြိုက်နှစ်သက်ကြပြီး ခွန်အားဖြစ်စေသည့် အသီးဖြစ်သည်။ ငှက်ပျောသီးသည် ချိုစိမ့်သောဓာတ်သဘောရှိသည့်အတွက် ကြံ့ခိုင်ဖွံ့ဖြိုးစေသည်။ ခံတွင်းပျက်၍ ထမင်းမစားချင်ဖြစ်နေပါက ငှက်ပျောသီးကို ဆားနှင့်တို့စားရသည်။ ထိုအခါ အစာကြေ၍ ခံတွင်းလိုက်စေပါသည်။ ဖီးကြမ်းငှက်ပျောသီး သုံးလုံးကို နွားနို့ ၁၀ သား၊ သကြား ငါးမတ်သားတို့နှင့်ရောကျို၍ စားခြင်းဖြင့် မည်သည့်အားဆေးမှမထိုးရ၊ မစားရဘဲ အသက်ရာကျော်ရှည်နိုင်ပြီး ကျန်းမာရေးကောင်းမွန်ကြောင်းကို အထောက်အထားများနှင့်အတူ တွေ့မြင်နိုင်ပါသည်။

ငှက်ပျောသီးအစားများသဖြင့် မည်သည့် အစာကြေဆေးမှ သုံးဖို့မလိုပါ။ ဤသည်ကို "ငှက်ပျောတစ်လှည်း ဆားတစ်ပဲ" ဟု ရှေးပညာရှိများက ဆိုကြသည်။ ထို့ကြောင့် ငှက်ပျောသီးကို ပုံမှန်စားသုံးခြင်းဖြင့် အစာအိမ်ရောဂါ၊ အစာမကြေရောဂါများဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။

***အေးသန္တာ***

# သန္ဓေတည်စ ထိုငါးလ

မြန်မာမှုနယ်ပယ်တွင် ဆိုရိုးစကားတစ်ခုရှိပါသည်။ ယင်းမှာ "အစကောင်းမှ အနှောင်းသေချာ"ဟူ၍။ လူတို့ကို ပညာပေးထားသည့်စကားဖြစ်သည်။ မည်သည့်အလုပ်မဆို စတင်သည့်အချိန်တွင်စေ့စပ်သေချာ၊ တိကျကောင်းမွန်စေရန် ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့မှသာ ဆက်လက်ဆောင်ရွက်ရသောအလုပ်သည် သေချာရေရာကောင်းမွန်လာပေလိမ့်မည်။ အစမကောင်းခဲ့၍ လုပ်ငန်းများ တစ်ဝက်တစ်ပျက်တွင် ပျက်စီးရခြင်း၊ လုပ်ငန်းများပြီးစီးသော်လည်း အရည်အသွေးမပြည့်ဝခြင်း စသောဆိုးကျိုးများဆုံတွေ့ကြရသည်။ NGO အဖွဲ့အစည်းတစ်ခု၏ ဆွေးနွေးပွဲတစ်ခုသို့ စာရေးသူတက်ရောက်ခဲ့ရာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ဗဟုသုတများစွာ ရရှိခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူက "လူ့ဘဝ ဘယ်ကစသလဲ"ဟူသော ခေါင်းစဉ်ကို ဆွေးနွေးရာ ဆွေးနွေးပွဲတက်ရောက်လာသူများက အဖြေအမျိုးမျိုးကို ပေးကြပါသည်။ သို့သော် နိဂုံးတွင် လူ့ဘဝအစသည် အမိဝမ်းတွင် သန္ဓေစတည်သည့်အချိန်ကို ခေါ်ဆိုခြင်းဟု သဘောတူခဲ့ကြသည်။ ဆက်လက်ပြီး မွေးဖွားသန့်စင်လာကြသော ကလေးငယ်တို့ ဉာဏ်ရည် IQ ဖွံ့ဖြိုးရေးကိစ္စများ ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ယင်း IQ သည် ကလေးငယ်တို့ဉာဏ်ရည် ဉာဏ်သွေးထက်မြက်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ အကင်းပါးခြင်းတို့နှင့် သက်ဆိုင်သည်။ သို့ပါ၍ လူ့ဘဝအစ သန္ဓေတည်စမှ ကိုယ်ဝန်ဆောင်သက်ငါးလအတွင်း အထူးအရေးကြီးကြောင်းကို သိရှိလာရပါသည်။




အမိဝမ်းတွင်းသန္ဓေစတင်တည်ချိန်မှ ငါးလ (သန္ဓေလွယ်ချိန်တစ်ဝက်သည်) သန္ဓေသားငယ်၏ ဦးနှောက်အတွင်းမှ ဆဲလ်ကြွန်တို့ အရှိန်အဟုန်ဖြင့် တိုးပွားနေသည်။ ဤအချိန်၌ ပြည့်စုံလုံလောက်သောပရိုတင်း(အသား)ဓာတ် အစားအစာများကို မိခင်လောင်းက စားသုံးသင့်ပါသည်။ သို့မှသာ လစေ့၍မွေးလာသော ကလေး ငယ်၏ဦးနှောက်တွင် ဆဲလ်ကြွန်ပေါင်း သန်းပေါင်းတစ်သောင်းကျော်နှင့် ဂလိုင်ရယ်ဆဲလ် သန်းပေါင်းတစ်သိန်းခန့်ဖြင့် ပြည့်စုံစွာ ပါဝင်ဖွဲ့စည်းနေမည်။ ထိုငါးလအတွင်း လုံလောက်သည့် ပရိုတင်းဓာတ်မရပါက မွေးလာသောကလေးငယ်တွင် ဆဲလ်ကြွန်သန်းပေါင်း တစ်သောင်းကျော်အနက် ၁၅ ရာခိုင်နှုန်းခန့် လျော့နည်းနေမည်။ ထိုငါးလကျော်ပြီးသည့်နောက် ဆဲလ်ကြွန်အရေအတွက်သည် ထပ်မံတိုးပွားခြင်းမရှိဘဲ အရေအတွက် ရပ်တန့်သွားသည်ဟု ဆိုရပေမည်။ ကလေးမွေးဖွားပြီးနောက် ဆဲလ်ကြွန်များ မတိုးပွားသော်လည်း ဆဲလ်ကြွန်တစ်ခုစီ တစ်ခုစီမှာ အရွယ်အစားအားဖြင့် မူလထက် ၁၅ ရာခိုင်နှုန်းကြီးလာပြီး ဆဲလ်ကြွန်အမျှင်များ တစ်ခုနှင့်တစ်ခုအကြား အချိတ်အဆက်အထိများပြားလာကြောင်း တွေ့လာရသည်။ ကလေးငယ်ကို ပညာသင်ကြားလေ့ကျင့်မှုတွင် အရေးပါသော ဂလိုင်ရယ်ဆဲလ်များလည်း ၁၅ ရာခိုင်နှုန်းခန့် တိုးပွားများပြားလာကြသည်။ ဦးနှောက်၏ နောက်ပိုင်းနေရာ၌ ဆဲလ်ကြွန်နှင့် ဂလိုင်ရယ်ဆဲလ်များ ပိုမိုကြီးထွားလာကြသည်။

သန္ဓေတည်စမှ ငါးလအတွင်း သန္ဓေသားအာဟာရပြည့်ဝရေးသည် အထူးအရေးကြီးပါသည်။ ဦးနှောက်တွင်း ဆဲလ်ကြွန် တို့ တိုးပွားရေးအတွက်ဖြစ်သည်။ မိခင် လောင်းက ပရိုတင်းဓာတ်ကို ပေးနိုင် သော အသားအမျိုးမျိုး၊ ငါး၊ ပုစွန်၊ ပဲ အမျိုးမျိုး၊ မြေပဲ၊ ဘဲဥ၊ ကြက်ဥ၊ ငုံးဥ၊ ပဲပြား၊ တို့ဟူး၊ ဘဲသွေးနှင့် နို့တို့ကို အဆင်ပြေသလို စားနေကျပမာဏထက် ပိုမိုစားသုံးရာတွင် အသားများ၊ ငါးများကို ပြုတ်၍ အရည်ကို သောက်ပေးခြင်းသည် အာဟာရပြည့်ဝခြင်းကို များစွာအထောက်အကူပြုပါသည်။ လွယ်လည်းလွယ်ကူပါသည်။ မိမိရင်သွေးငယ်၏ဘဝအစ ကောင်းစေရန် မိခင်လောင်းက ထိုငါးလကို အထူးဂရုစိုက်နေထိုင်စားသောက်ရမည့်ကာလဟု သိသင့်ပါသည်။ ပရိုတိန်းဓာတ်ပါဝင်သော အစားအစာများ စားသုံးသည့်အပြင် ကိုယ်လက်လှုပ်ရှားပေးခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ အသီးအရွက်စားသုံးခြင်းနှင့် ဆေးလိပ်အရက်သုံးစွဲမှု ရှောင်ကြဉ်ခြင်းတို့ကိုလည်း မှန်မှန်ဆောင်ရွက်ရပေမည်။

ရင်သွေးငယ်တို့ ပရိုတိန်းဓာတ် အပြည့်အဝမရှိခဲ့လျှင် မွေးဖွားလာသောအခါ ကိုယ်အင်္ဂါမစုံခြင်း၊ မျက်စိကွယ်ခြင်း၊ နားမကြားခြင်းနှင့် ဉာဏ်ရည်မမီခြင်း စသော ဆိုးကျိုးများကို ရရှိပေမည်။ အထက်ဖော်ပြပါနည်းလမ်းများကို သတိပြုလိုက်နာခြင်းဖြင့် ဦးနှောက်၏လုပ်ငန်းဆောင်တာများ အကောင်းဆုံးဖြစ်လာကာ နိုင်ငံတော်အတွက် အားထားရသော အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာနိုင်ကြောင်း အကြံပြုအပ်ပါသည်။

***အိမ်မဲဦးစိန်ဝင်း***

# ရုတ်တရက်သွေးတိုး အခြေအနေဆိုး မကြုံရအောင်

"ဟာ... ဆရာကြီးနဲ့တွေ့တာ အတော်ပဲဗျာ၊ ခင်ဗျားက ဒို့ကျေးရွာဂျာနယ်မှာ စာတွေရေးနေတော့ ကျန်းမာရေးကဏ္ဍအတွက် ဆေးနည်းလေးပြောရဦးမယ်"




မူလွန်မှာ အရပ်က လစာပေး၍ သင်ကြားနေသော ဆရာလေးကိုမင်းသူထံမှ တွေ့တွေ့ချင်းပြောလိုက်သောစကားပေ။

"ဟ... မင်းဟာကလည်း အလန့်တကြားရှိလိုက်တာ၊ ဘာဆေးနည်းများ ပြောပြချင်တာတုန်းကွ"

"သွေးတိုးနဲ့ပတ်သက်တယ်ဗျ၊ ကိုကြည်သန်းပြောပြသွားတာ။ ကိုကြည်သန်းမှာက သွေးတိုးဝေဒနာရှိတော့ ရုတ်တရက်သွေးတိုးတာနဲ့ ချက်ချင်းပဲ မာလကာပင်က အညွန့်ကလေးသုံး၊ လေးညွှန့်ကို ချက်ချင်းဝါးစားပြတာ သက်သာသွားတယ်ဗျ၊ အဲဒါရေးပို့ပါလား"

"အေးကွာ ဒီဆေးနည်းမျိုးမဖတ်ဖူးသေးဘူး၊ မကြားဖူးသေးဘူး၊ တို့ရေးခဲ့တာကလဲ ဒန့်သရွက်နဲ့ သွေးတိုးပျောက်တဲ့အကြောင်းပဲရေးဖူးသေးတာ"

"တကယ်ရေးပါ။ ဆရာကြီး ဦးကြည်သန်းကိုယ်တိုင် ရုတ်တရက်သွေးတိုးလို့ဆိုပြီး မာလကာညွန့်သုံးညွှန့်ကို ကျွန်တော့်ရှေ့မှောက်ဝါးစားပြသွားတာ သက်သာခဲ့တာဗျ"

သွေးတိုးဝေဒနာသည် တိတ်တဆိတ် လူသတ်သမားဟု သတ်မှတ်ထားခံရလောက်အောင် ကြောက်စရာကောင်းလှပေသည်။ သွေးတိုးသည်မှန်က အလွယ်တကူရနိုင်သည့် မာလကာပင်မှ အညွန့်သုံးညွှန့်ကို ချက်ချင်းဝါးစားပါက သက်သာပျောက်ကင်းနိုင်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။

***ကန့်ဘလူကံတင်အောင်(ပထဝီဝင်)***




# ဟင်းသီးဟင်းရွက်စားပြီး နှလုံးသွေးကြောရောဂါကာကွယ်ပါ

နှလုံးသွေးကြောရောဂါများကို ကာကွယ်နိုင်သည်ကတော့ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများများစားသုံးခြင်းဖြစ်သည်ကို အများကသိရှိပြီးဖြစ်ပါသည်။ သို့သော် ယခုလေ့လာချက်တစ်ခုမှာ မည်မျှများများစားလျှင် မည်မျှအကျိုးသက်ရောက်နိုင်သည်ဆိုသည်မှာ သိရှိနိုင်အောင် လေ့လာတွေ့ရှိချက်တစ်ခုဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာဆရာဝန်တစ်ဦးက ပြောကြားသည်။ အဆိုပါလေ့လာတွေ့ရှိချက်သည် ဘော့စတွန်မြို့(Boston)တွင်ရှိသည့် Harvard School of Public Health ဌာနက ဦးဆောင်ပြုစုထားသည့် လေ့လာချက်တစ်ခုဖြစ်ပါသည်။ အဆိုပါပုဂ္ဂိုလ်များသည် မူလကလေ့လာထားမှု ၁၆ ခုအပါအဝင် လူပေါင်း ရှစ်သိန်း ကျော်ကို လေးနှစ်မှ ၂၆ နှစ် ကြာအောင် လေ့လာခဲ့ကြသည်ဟုဆိုသည်။

ယင်းလေ့လာဆဲကာလတွင် လူပေါင်း ၅၆၀၀၀ သေဆုံးခဲ့ကြကြောင်း၊ အဆိုပါပုဂ္ဂိုလ်များ၏အဆိုအရ အသီးအနှံ ဟင်းသီးဟင်းရွက်များများစားလေ နှလုံးရောဂါဖြစ်နိုင်ခြေနည်းလေဟု မှတ်ချက်ပေးထားပါသည်။ သို့သော်လည်း တစ်နေ့လျှင် အနည်းဆုံး သီးနှံငါးမျိုးခန့် စားသုံးရန်လိုအပ်ကြောင်း၊ ၎င်းတို့၏အဆိုအရ ဟင်းသီး ဟင်းရွက်တစ်မျိုးစားသုံးတိုင်း မည်သို့မျှ မစားသုံးသူထက် နှလုံးရောဂါဖြစ်နိုင်ခြေ၏ ငါးရာခိုင်နှုန်းကျဆင်းသွားနိုင်သည်ဟုဆိုပါသည်။ အဆိုပါပုဂ္ဂိုလ်၏ တင်ပြချက်အရ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ငါးမျိုးထက်ပိုပြီး စားသုံးပါကလည်း ငါးမျိုးတည်းသာ စားသုံးထားသူထက် ပိုပြီးထူးခြားမှုမရှိဟု ပြောကြားခဲ့သည်။

***ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)***

# သပြေသီးနှင့် သပြေပင်၏ ဆေးဖက်ဝင်ပုံ

သပြေပင်သည် သစ်ပင်ကြီးမျိုးဖြစ်ပြီး ပင်စည်လုံးပတ်မှာ တစ်ပေခွဲ၊ နှစ်ပေခန့်ရှိသည်။ အမြင့်မှာ ပေ ၄၀ ခန့်မြင့်သည်။ အရွက်မှာ ရွက်ကြောစိတ်စိတ်လေးများဖြစ်ပြီး အကြောမာ၍ ပြောင်လက်လှပသော အရွက်ကလေးများဖြစ်သည်။ အပွင့်သည် အစိမ်းဖျော့ရောင်ဖြစ်ပြီး ဝတ်ဆံသည် အမွေးဖွား၍ စိမ်းနုရောင်ဖြစ်သည်။ ဖန်ချဉ်သော အရသာရှိသည်။ အပွင့်၊ အသီးအားလုံး အစိမ်းရောင်ရှိပြီး ချွဲ၍ အဆိပ်ကိုနိုင်စေသည့် အာနိသင်ရှိသည်။

အပွင့်ကိုပြုတ်၍ တို့စရာအဖြစ် စားသုံးခြင်း၊ ချဉ်ရေဟင်းချက်စားခြင်းနှင့် သပြေသီးကို ခွာ၍ဖြစ်စေ၊ ခွဲစိတ်ပြီး အလယ်အူတိုင်ထုတ်ပစ်ပြီး ခွဲစိတ်ထားသော သီးဖတ်များကို ရေဆေးဆူဆူတွင်ထည့်ပြုတ်ပါ။ နူးလျှင် အသီးဖတ်များကို ဆယ်ယူ၍ သပြေသီးငါးပိချက်၊ ငံပြာရည်ချက်၊ ငါးကြင်းသား၊ ငါးခူ၊ ငါးကြင်း၊ ငါးပတ် စသော ငါးများ၊ ပုစွန်များဖြင့် ချဉ်ရေဟင်းအဖြစ် ချက်စားနိုင်ပါသည်။

သပြေခေါက်ကို သွေး၍ သောက်ပါက ခွေးဆိပ်၊ ခွေးရူးဆိပ်များ ကျစေပါသည်။ ဝမ်းသွားလျှင် သပြေသီးပြုတ်ရည်ကို သောက်ပေးပါက ဝမ်းသွားရပ်စေပါသည်။ အဆိပ်ရှိသော ကင်းကိုက်ခြင်း၊ ငါးကျည်းရိုးဆူးခြင်းများကိုလည်း သွေးလိမ်းသွေးသောက်နိုင်ပါသည်။

***ကြည်ရွှင်အေး(ကျောင်းကုန်း)***



# ယာဉ်ကြောမရှင်းဘဲ ကျော်တက်သည့်ဆိုင်ကယ် တစ်ဘက်ယာဉ်ကြောမှ ယာဉ်ဖြင့်တိုက်မိ

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာ၊ မာလာဖူကျောက်ထုတ်လုပ်ရေးစခန်းရှေ့၊ ဘားအံ-သထုံကားလမ်းမပေါ်တွင် အမျိုးသမီးတစ်ဦးမောင်းနှင်သည့် ဆိုင်ကယ်သည် လမ်းမရှင်းဘဲ ရှေ့ယာဉ်အား ကျော်တက်ရာမှ တစ်ဘက်ယာဉ်ကြောအတိုင်း မောင်းနှင်လာသည့်ယာဉ်နှင့် တိုက်မိရာ ဆိုင်ကယ်မောင်းသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ဘားအံ-သထုံကားလမ်း၊ မြိုင်ကလေးကျေးရွာအုပ်စု၊ မာလာဖူကျောက်ထုတ်လုပ်ရေးစခန်းရှေ့တွင် သထုံဘက်မှ ဘားအံဘက်သို့ ဒေါ်အေးအေးသန်း ၄၈ နှစ်မောင်းနှင်ပြီး ဆိုင်ကယ်နောက်မှ ဒေါ်ရင်ငယ် (၅၆)နှစ်လိုက်ပါလာသော Dream-125 အနက်ရောင်ဆိုင်ကယ်သည် ရှေ့မှမောင်းနှင်နေသော ယာဉ်တစ်စီးအား ကျော်တက်စဉ် ဆိုင်ကယ်အားအရှိန်မထိန်းနိုင်ဘဲ တစ်ဘက်ယာဉ်ကြောအတွင်း ရောက်ရှိသွားပြီး ဘားအံဘက်မှ သထုံဘက်သို့ ထွန်းတောက်(ခ)ထွန်းအောင်၊ (၂၃)နှစ်မောင်းနှင်သော NISSAN ကောင်တာအဖြူ/ အစိမ်းရောင်ကားနှင့်မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းသူ ဒေါ်အေးအေးသန်းတွင် ဦးခေါင်းပွင့်ဒဏ်ရာ၊ ရင်ဘတ်ပွင့်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

ဆိုင်ကယ်နောက်မှလိုက်သူ ဒေါ်ရင်ငယ်တွင် ယာလက်ဖျံဖူးရောင်၊ ဝဲ/ယာခြေကျင်းဝတ် ခြေမျက်စေ့ပွန်းပေါက်ပြဲ၊ ယာဒူးပွန်း (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ကာ မြိုင်ကလေးရဲကင်းမှ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

***နေမျိုးလွင်(ပြန်/ဆက်)***

# မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

## ၂၀၁၈ ခုနှစ်၊ မတ်လ ဒုတိယ ၁၅ ရက်အတွက်

**ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းမှ အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဒေသများတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ရန် အလားအလာမရှိသေးပါ။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိနိုင်ပါသည်။ မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ဒေသများတွင် လှိုင်းအမြင့် တစ်ပေခန့်မှ နှစ်ပေခန့်အထိ ရှိနိုင်ပါသည်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များအနေဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၄၅ ဒီဂရီစင်တီဂရိတ်ခန့်၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းဒေသကြီးတောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၅ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်ခန့်၊ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နေ့အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်ခန့် ရှိနိုင်ပါသည်။

**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများအခြေအနေ**

တစ်ပြည်လုံးတွင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း အလွန်မြင့်မားအဆင့်တွင် ရှိနိုင်ပါသည်။

**မိုးတိမ်တောင်အခြေအနေ**

မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မွန်းလွဲပိုင်းနှင့် ညနေပိုင်းများတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာနိုင်ပါသည်။

***MCCW(Myanmar Climate Change Watch)***

# မီးဘေးကြိုတင်ကာကွယ်ရေး

**ရှောင်ရန်**

လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်ထွန်းမထားရန်၊ အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွေးခြင်း၊ ထမင်းချက်ခြင်းများ မပြုလုပ်စေရန်၊ မီးလောင်လွယ်သော ပစ္စည်းများ၊ လောင်စာဆီများကို မီးဖိုအနီး မထားရန်တို့ဖြစ်သည်။

**ဆောင်ရန်**

မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံများထားရှိပါ။ အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိပါ။မီးကင်းစောင့်ခြင်း၊ လှည့်လည်သတိပေးခြင်းများ စီစဉ်ဆောင်ရွက်ထားရန်၊ လျှပ်စစ်မီးကြိုး အပေါက်အပြဲများကို ကျွမ်းကျင်သူများနှင့် ပြင်ဆင်ရန်၊ ဂက်(စ်)မီးဖိုအသုံးပြုရာတွင် လေဝင်လေထွက်ကောင်းစေရန်အတွက် ပြတင်းပေါက်များဖွင့်ထားရန်တို့ဖြစ်သည်။

**မီးလောင်လျှင် ဆောင်ရွက်ရမည့်အချက်များ**

အချက်ပေး သံချောင်းခေါက်ပါ။ ထွက်မပြေးပါနှင့်။ ကျိတ်မငြိမ်းပါနှင့်။ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။ မီးသတ်စခန်းသို့ အကြောင်းကြားပါ။ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ပါ။ မီးသတ်ကားများ ဝင်လမ်း၊ ထွက်လမ်း၊ ပိတ်ဆို့မှုမရှိစေရေး ကူညီပါတို့ဖြစ်သည်။

***ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန***

# ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဆိပ်ကမ်းလမ်းတွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ညနေ ၆ နာရီတွင် ဘုရားမီးပူဇော်သော လျှပ်စစ်ဝါယာကြိုးမှ အပူလွန်ကဲပြီး ဝါယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြင်းခြံခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်သုံးစီးတို့ဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ပေ ၄၀ × ပေ ၃၀ သွပ်မိုး၊ ထရံကာ၊ မြေစိုက်အိမ်တစ်လုံးနှင့် ပေ ၄၀ × ပေ ၃၀ ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းတစ်ခြမ်းတို့လောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်ရာတွင် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ ရရှိမှုနှင့် သေဆုံးမှုမရှိကြောင်း သိရှိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ လာရောက်ကြီးကြပ်ခဲ့ကြပြီး မီးစတင်လောင်ကျွမ်းခဲ့သော အိမ်ရှင် ဒေါ်မာမာအေးအား မြင်းခြံမြို့မရဲစခန်းမှ (ပ) ၂၃၀/၂၀၁၈ ၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

***ဇော်မင်းနိုင်(မြင်းခြံ)***

# ဒို့ ကျေးရွာဗေဒင် (၁ - ၄ - ၂၀၁၈ မှ ၁၅ - ၄ - ၂၀၁၈ အထိ) တက္ကသိုလ်စိုး မိုးနိုင်



**တနင်္ဂနွေ။** ပျော်ရွှင်ဖွယ်ရာ နေ့လေးများနှင့်ကြုံမည့်ကာလ။ စိတ်ဝင်စားစရာကောင်းသော တိုးတက်မှုကြုံမည်။ ထူးဆန်းသည့်ပုဂ္ဂိုလ်၏စောင့်ရှောက်မှုခံရမည်။ လူမှုရေးအကူအညီများနေမည်။ ငွေကြေးနှင့်ဆိုင်သည့် လောင်းကစားမှုကိုရှောင်ပါ။ ရပ်ဝေးဒေသ ဆက်သွယ်ရေးကောင်း၏။ ကျန်းမာရေးအတွက် ညနေခေါင်းမလျှော်သင့်ပါ။ အချစ်ရေး ပြောင်းလဲမှုမမြင်ပါ။ အကျိုးပေးဂဏန်း မှာ ၁၊ ၄၊ ၇ ဖြစ်သည်။
**ယတြာ။** ငါးစာကျွေးပါ။



**တနင်္လာ။** ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ကြိုးစားရမည့်ကာလ။ ပြောင်းလဲမှုတစ်ခုကြုံတွေ့ရမည်။ ပြောင်းလဲမှုကြောင့် စိတ်ညစ်စိတ်ရှုပ်ရမည်။ လူမှုရေးပြဿနာမြင်သည်။ အထစ်အငေါ့အနည်းငယ်ကြုံပြီးမှ အဆင်ပြေမည်။ အပျော်အပါးကြောင့် ငွေကုန်လိမ့်မည်။ ရပ်ဝေးကိစ္စ မျှော်လင့်ထားသည်ထက် အဆင်ပြေမည်။ ကျန်းမာရေးကောင်း၏။ အချစ်ရေးမဆိုးလှပါ။ အကျိုးပေးဂဏန်းမှာ ၁၊ ၂၊ ၄ ဖြစ်သည်။
**ယတြာ။** အုန်းဆွမ်းကပ်လှူပါ။



**အင်္ဂါ။** ခရုကို ခါးတောင်းကျိုက် လိုက်ဖမ်းနေမည့်ကာလ။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ထင်ရာလုပ်နေမည်။ ရည်ရွယ်ချက်တူသူတို့၏ ထိုးနှက်မှုကို ခံရမည်။ ရဲရဲဝံ့ဝံ့ဖြတ်ကျော်ပါ။ ငွေအစုအပြုံလိုက်ရမည်။ ညအိပ်ခရီးသွားလာမှုကို ရှောင်ကြဉ်သင့်သည်။ ကျန်းမာရေးကောင်းစေရန် အဆီနည်းနည်းလျှော့စားပါ။ အချစ်ရေးကကြာကြာဝါးမှ ခါးမှန်းသိတတ်သည်။ အကျိုးပေးဂဏန်းမှာ ၀၊ ၃၊ ၆ ဖြစ်သည်။
**ယတြာ။** သာကူတိုက်ပါ။



**ဗုဒ္ဓဟူး။** စားရက်ကြုံ၍ မုတ်ဆိတ်ပျားစွဲမည့်ကာလ။ ထူးခြားဆန်းပြားသောအဆင်ပြေမှုကြုံမည်။ ဒေါသမကြီးပါနှင့်။ စိတ်ရှည်ရှည်ထားပါ။ ခန့်ညားသည့်ဘဝသစ်မျိုး ပိုင်ဆိုင်ရမည်။ ပတ်ဝန်းကျင် လေးစားမှုခံရမည်။ ဆုံးရှုံးထားသည့် ငွေကြေးကိစ္စ ပြောဆိုမှုအောင်မြင်မည်။ ဒေါသကြောင့် ကျန်းမာရေးညံ့တတ်သည်။ ချစ်ချင်သူထက် ချစ်သင့်သူကိုရွေးချယ်ပါ။ အကျိုးပေးဂဏန်းမှာ ၀၊ ၂၊ ၅ ဖြစ်သည်။
**ယတြာ။** လမ်း၊ တံတားပြင်ပါ။



**ကြာသပတေး။** ကေသရာဇာခြင်္သေ့မင်းကဲ့သို့ အားမာန်ပြည့်ဝနေမည်။။ နက်နဲသောဆင်ခြင်ဉာဏ်ကြောင့် ထူးခြားမှုအချို့ကြုံမည်။ သူတစ်ပါး၏ အကူအညီကို မလိုချင်ဘဲ ယူရလိမ့်မည်။ လုပ်ငန်းကို ဇောက်ချလုပ်ကိုင်ခြင်းကြောင့် ဝင်ငွေ ပိုမိုရရှိတတ်သည်။ ရပ်ဝေးခရီးရှောင်ပါ။ ကျန်းမာရေးအတွက် တရားထိုင်ပါ။ ချစ်သူကြောင့် စိတ်ညစ်ရမည်။ အကျိုးပေးဂဏန်းမှာ ၁၊ ၄၊ ၉ ဖြစ်သည်။
**ယတြာ။** လူကြီးများဝေယျာဝစ္စပိုလုပ်ပါ။



**သောကြာ။** အစာချီသွားသည့် ကျေးငှက်ကိုတွေ့ရမည့်ကာလ။ ရိုးသားကြိုးစား၍ သင့်ဘဝထည်ဝါမည်။ စပ်တူလုပ်ငန်း အကျိုးပေးသည်။ ပြတ်သားမှုမရှိလျှင်တော့ အောင်မြင်မှုက နှောင့်နှေးနေမည်။ အကျိုးထူးရှိမည့်ခရီးထွက်ရမည်။ ငွေကြေးလာဘ်ရွှင်မှုကြုံမည်။ ကျန်းမာရေးက ရွှေတစ်နေ့၊ ငွေတစ်နေ့ဖြစ်မည်။ စိတ်ကောက်တတ်သည့်ချစ်သူကို ချော့ရမည်။ အကျိုးပေးဂဏန်းမှာ ၁၊ ၄၊ ၈ ဖြစ်သည်။
**ယတြာ။** ခမ္မစကြာရွက်ဖတ်ပါ။



**စနေ။** အတွေးကောင်းမှ အောင်မြင်မှုရမည့်ကာလ။ ဇွဲရှိမှုကြောင့် အောင်မြင်မည်။ အတွေးသစ်နှင့် ရင်ဆိုင်ဖြေရှင်းရတတ်သည်။ မိတ်ဆွေတစ်ဦး၏ အကြံပေးမှုကြောင့် အဆင်ပြေလိမ့်မည်။ ငွေကြေးအာမခံသည့်ပြဿနာရှင်းရတတ်သည်။ ကျန်းမာစေရန် အချိုလျှော့စားပေးပါ။ လေ့နှံနှစ်ဘက်နင်းသည့် ချစ်သူမျိုးနှင့် ကြုံရတတ်သည်။ အကျိုးပေးဂဏန်းမှာ၂၊ ၅၊ ၈ ဖြစ်သည်။
**ယတြာ။** မွေးနေ့တူနှင့် ဘုရားဖူးသွားပါ။

ရွာနယ်
OUR VILLAGE JOURNAL

# အခြေခံလူတန်းစားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး တရုတ်ဦးစားပေးလုပ်ဆောင်မည်


ဓာတ်ပုံ- Xinhua

တရုတ်နိုင်ငံအနေဖြင့် အရည်အသွေးမြင့်မားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ရန်နှင့် ပြောင်းလဲမှုများ ဖော်ဆောင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖိန်က မတ်လပထမပတ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားပြည်သူ့ကွန်ဂရက် (NPC)၏ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**ဆင်းရဲနွမ်းပါးမှု လျှော့ချ**

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း ပြည်သူ ၁၀ သန်းကျော်အား ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျတ်တီးမြေများမှ ပြောင်းရွှေ့လာသည့် ပြည်သူ ၂ ဒသမ ၈ သန်းအပါအဝင် ကျေးလက်နေပြည်သူ ၁၀ သန်းကျော်အား ဆင်းရဲနွမ်းပါးသည့် ပြည်သူများအဖြစ်မှ လွတ်မြောက်အောင် ထပ်မံလျှော့ချသွားမည်ဟု တရုတ်နိုင်ငံဝန်ကြီးချုပ် လီခဲချန်က အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်တွင်းစက်မှုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျအောင် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် လက်ရှိဆင်းရဲနွမ်းပါးမှု လျှော့ချရေးစံနှုန်းများကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ပြီး ကနဦးစီစဉ်ထားသည့်အတိုင်း ဆင်းရဲနွမ်းပါးမှုကို လျှော့ချကာ စံချိန်စံညွှန်းများအားလုံးနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရာတွင် အကျင့်ပျက်လာဘ်စားမှုနှင့် အလွဲသုံးစားလုပ်မှုများကိုလည်း ပစ်မှတ်ထားအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီခဲချန်က ကတိပြုပြောကြားခဲ့သည်။

**မြို့ပြအိမ်ရာများ တိုးချဲ့ဆောက်လုပ်**

ထို့ပြင် တရုတ်နိုင်ငံသည် မြို့ပြတွင် အိမ်ရာရှားပါးမှုအား ဖြည့်စွမ်းနိုင်ရန်အတွက် ပြန်လည်တည်ဆောက်ရေး သုံးနှစ်စီမံကိန်းသစ်အား ကြေညာခဲ့ပြီး ယခုနှစ်အတွင်း အိမ်ရာ ၅ ဒသမ ၈ သန်း စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း ၄င်းအစည်းအဝေးသို့ တင်သွင်းသည့် အစိုးရ၏ အစီရင်ခံစာအရ သိရသည်။

အိမ်ရာဖော်ဆောင်မှုသည် လူနေထိုင်ရန်အတွက်သာဖြစ်ပြီး ဈေးကစားရန်အတွက် မဟုတ်ကြောင်း အစီရင်ခံစာ၌ ထပ်လောင်းဖော်ပြထားသည်။ အစိုးရ၏ ပြည်သူ့အငှားအိမ်ရာစီမံချက်အရ နေအိမ်မရှိသော ယခုမှ စတင်အလုပ်လုပ်သူများနှင့် ရွှေ့ပြောင်း စာ-၂၂ သို့

# ပါကစ္စတန်၏ ကုလားပဲတင်သွင်းမှု မြင့်တက်မည်

ရာသီဥတု ဖောက်ပြန်မှုကြောင့် ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းကုလားပဲထုတ်လုပ်မှုသည် နိုင်ငံလိုအပ်ချက်အောက်သို့ နှစ်နှစ်ဆက်တိုက် ကျရောက်နိုင်သဖြင့် ပြည်ပမှ ပဲတိုးမြှင့်ဝယ်ယူလာရဖွယ်ရှိကြောင်း ကောက်ပဲသီးနှံလုပ်ငန်း တာဝန်ရှိသူများက ပြောကြားထားသည်။

"ရာသီဥတုခြောက်သွေ့မှုကြောင့် အရင်နှစ်မှာ ကုလားပဲထုတ်လုပ်မှု ဆိုးဆိုးရွားရွားထိခိုက်ခဲ့ရပါတယ်။ နိုင်ငံရဲ့ ကုလားပဲလိုအပ်ချက်ဟာ တန်ချိန် သုည ဒသမ ၇ သန်းရှိပေမယ့် ပြည်တွင်းထုတ်လုပ်မှုဟာ တန်ချိန် သုည ဒသမ ၂၅ သန်းသာ ရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း မိုးနည်းတာကြောင့် သီးနှံအခြေအနေ မကောင်းနိုင်ပါဘူး"ဟု ပန်ဂျပ်ပြည်နယ် ပဲမျိုးစုံ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ ဒန်နီယယ်အာမတ်က မီဒီယာများသို့ ပြောကြားခဲ့သည်။

ကုလားပဲသီးနှံစိုက်ပျိုးမှု အများစုသည် မိုးရေကို အားကိုးနေရသော်လည်း ကုလားပဲအဓိက စိုက်ပျိုးရာဒေသတွင် မိုးရေချိန် ပုံမှန်ထက် လျော့နည်းခဲ့ကြောင်း သိရသည်။ ဂျုံသီးနှံကဲ့သို့ပင် ကုလားပဲသည်လည်း အရေးပါပြီး ကုလားပဲရောင်းလိုအား၊ ဝယ်လိုအား အခြေအနေသည် ပဲဈေးကွက်တစ်ခုလုံးအပေါ် သက်ရောက်စေနိုင်ကြောင်း ၄င်းက စာ-၂၃ သို့

# လူကိုယ်တိုင် ပါဝင်ဆောင်ရွက်ရခြင်းမရှိဘဲ မှယောစပါးစိုက်ခင်း စိုက်ပျိုးရိတ်သိမ်းခြင်း ယူကေနိုင်ငံတွင် ပထမဆုံးစမ်းသပ်


ဓာတ်ပုံ-အင်တာနက်

ယူကေနိုင်ငံမှ သုတေသနပညာရှင်များအဖွဲ့သည် ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် စက်ရုပ်ထရပ်ကားများနှင့် မောင်းသူမဲ့ ဒရုန်းယာဉ်ငယ်များကိုသာ အသုံးပြုပြီး လူပါဝင်လုပ်ဆောင်ခြင်းမရှိဘဲ မုယောစပါး တစ်ဟက်တာအား ရိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းစီမံကိန်းသည် စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ယန္တရားများတွင် လူပါဝင်ဆောင်ရွက်ရန်မလိုဘဲ အသုံးပြုနိုင်ရန်နှင့် စိုက်ကွင်းများအတွင်း သီးနှံအပင်များ ပိုမိုစိုက်ပျိုးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းစီမံကိန်း၏ သုတေသနပညာရှင် မာတင်အက်ဘဲလ်က စိုက်ပျိုးရေးလုပ်ငန်းများတွင် ဂျီပီအက်စ်နည်းပညာဖြင့် ထိန်းသိမ်းခြင်းကဲ့သို့သော အလိုအလျောက်နည်းပညာများကို အသုံးပြုလျက်ရှိနေပြီးဖြစ်ကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာ သီးနှံအလိုက် စိုက်ခင်းအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်တိုင်းအတွက်မူ အသုံးပြုနိုင်ခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

ယင်းစီမံကိန်းကို လက်မဲ့စိုက်ခင်းဟု အမည်ပေးထားပြီး သီးနှံမျိုးစေ့ချခြင်း၊ ဆေးဖျန်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ရိတ်သိမ်းခြင်း အဆင့်ဆင့်ကို လူကိုယ်တိုင်ဆောင်ရွက်ရန်မလိုဘဲ အလိုအလျောက်နည်းပညာများဖြင့်သာ ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်းဖြစ်သည်။ သုတေသနပညာရှင် အက်ဘဲလ်က ကျွန်တော်တို့အနေနဲ့ ရှေ့အနာဂတ်မှာဖြစ်လာမယ့် အခြေအနေများကို အများပြည်သူကို လက်တွေ့သရုပ်ပြနိုင်တဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း ၄င်းက ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၄င်းက "ဒါက အများပြည်သူအနေနဲ့ စိုက်ပျိုးရေးသီးနှံများနဲ့ ပတ်သက်တဲ့ အသိအမြင်များ တိုးတက်မြင့်မားလာမှာဖြစ်တဲ့အပြင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုစိတ်ဝင်စားလာစေမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သုတေသနပညာရှင်များအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ စက်ကိရိယာများကို ဒရုန်းနည်းပညာ စာ-၂၃ သို့

# ဗီယက်နမ်စစ်ပွဲအပြီး ပထမဆုံးအကြိမ်အဖြစ် အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်း ဗီယက်နမ်သို့ ရောက်ရှိ



ဓာတ်ပုံ-အင်တာနက်

အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောတစ်စင်းသည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဒါနန်းမြို့သို့ မတ် ၅ ရက်တွင် ရောက်ရှိလာကြောင်း သိရသည်။ ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများရှိနေသည့် တောင်တရုတ်ပင်လယ်ဒေသအတွင်း၌ ဗီယက်နမ်နိုင်ငံနှင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ရန် အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောကြီး ယူအက်စ်အက်စ်ကားလ်ဗင်ဆင်သည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်းမြို့ဆိပ်ကမ်းတွင် လေးရက်ကြာ ခရီးတစ်ထောက်နား ဆိုက်ကပ်ခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်းတွင် တရုတ်နိုင်ငံအနေဖြင့် စစ်ဘက်ဆိုင်ရာစခန်းများတည်ဆောက်တပ်ဆင်နိုင်သည့် လူလုပ်ကျွန်းများ တည်ဆောက်မှုကို စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုများကြောင့် ဗီယက်နမ်နှင့် အခြားသောပိုင်နက်နယ်မြေပိုင်ဆိုင်ခွင့် တောင်းဆိုသူများအတွက် အရှုပ်အထွေးများနှင့် တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် တောင်တရုတ်ပင်လယ်ဒေသတွင်း၌ အမေရိကန်ရေတပ်လေယာဉ်တင် သင်္ဘောကြီး၏ ဗီယက်နမ်ခရီးစဉ် ရုတ်တရက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန် စာ-၂၃ သို့